# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသောမဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

**လောကဝင်(ဓမ္မပဒ - ၁၇၂)**


၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၃ ရက် | ၂၀၁၆ ခုနှစ်၊ အောက်တိုဘာ ၁၄ ရက်၊ သောကြာနေ့၊ | အတွဲ (၅၆)၊ အမှတ် (၀၁၄)


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကမ္ဘောဒီးယားနှင့် အီဂျစ်နိုင်ငံတို့မှ သံအမတ်ကြီးများအား သီးခြားစီတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၁၃**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး မစ္စတာ ဆော့ချီနှင့် ယနေ့နံနက် ၉ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနှင့် ကမ္ဘောဒီးယားနိုင်ငံတို့ ဟိုတယ်နှင့်ခရီးသွားလာရေးကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ကုန်သွယ်ရေးကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး ဆွေးနွေးကြသည်။

ထို့ပြင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အီဂျစ်အာရပ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ခါလဒ်မိုဟာမက် အဗ္ဗဒဲလ်ရာမန် အဗ္ဗဒဲလ်ဆာလမ်နှင့်လည်း နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ တွေ့ဆုံခဲ့သည်။

(သတင်းစဉ်)



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး မစ္စတာ ဆော့ချီအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ် (သတင်းစဉ်)

# သက်တမ်း ၉၆ နှစ်ပြည့်ခဲ့ပြီဖြစ်သည့် မြန်မာ့ရုပ်ရှင်နေ့အခမ်းအနားကျင်းပ

**သတင်း - မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ - မင်းထက်၊ တင်စိုး(မြန်မာ့အလင်း)**

**ရန်ကုန် အောက်တိုဘာ ၁၃**

ယနေ့မြန်မာ့ရုပ်ရှင် သက်ဝင်လှုပ်ရှားခဲ့သည်မှာ ၉၆ နှစ် ပြည့်ခဲ့ပြီဖြစ်သည်။ မြန်မာ့ရုပ်ရှင်သည် ၁၉၂၀ ပြည့်နှစ် အောက်တိုဘာ ၁၃ ရက်မှ စတင်ပေါ်ပေါက်ရှင်သန်လာသည်မှာ ယနေ့တိုင်



အေးမြတ်သူ(ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင်)

ဖြစ်သည်။ ပြည်သူများ၏ လမ်းပြကြယ် အနုပညာရှင်ကြီးများစွာ ပေါက်ဖွားခဲ့ပြီးဖြစ်သည်။ ယနေ့ မြန်မာ့ရုပ်ရှင်နေ့ အခမ်းအနားနှင့်အတူ သက်ကြီးဘိုးဘွားရုပ်ရှင်အနုပညာရှင်ကြီးများစွာကိုလည်း သက်ငယ်တပည့်တပန်း အနုပညာရှင် ရုပ်ရှင်လောကသားများက မြန်မာ့ရိုးရာစဉ်လာမပျက် ရိုသေဦးညွှတ်ဂါရဝပြုကန်တော့ခဲ့ကြသည်။ သက်ကြီးဘိုးဘွားပညာရှင်များကို ထောက်ပံ့ငွေနှင့် ကျန်းမာရေးပိုင်းဆိုင်ရာ ဆေးပစ္စည်းအသုံးအဆောင်များကအစ ကူညီထောက်ပံ့မှုများပေးခဲ့သည်ကို တွေ့ရသည်။ မြန်မာ့ရုပ်ရှင်လောက၏ တကယ့်မင်္ဂလာရှိသောနေ့ရက်ဟုပင် ဆိုရမည်ဖြစ်သည်။ အဆိုပါ ရုပ်ရှင်လောက၏ သက်ကြီးဘိုးဘွားအနုပညာရှင်ကြီးများအား နှစ်စဉ်ဂါရဝပြုကန်တော့ခဲ့သည်မှာ ယခုနှစ်တွင် ၅၃ နှစ် ပြည့်မြောက်ခဲ့ပြီ ဖြစ်ကြောင်းလည်း သိရသည်။ အဆိုပါပွဲတွင် ကန်တော့ခံသက်ကြီးရုပ်ရှင်အနုပညာရှင်ကြီးများနှင့် လာရောက်ကန်တော့သည့် အနုပညာရှင်တို့၏ ရင်တွင်းခံစားမှုများကို အနုပညာချစ် ပရိသတ်များအား မျှဝေလိုက်ပါသည်။

**ဗိုလ်ကလေးတင့်အောင်(ရုပ်ရှင်အစည်းအရုံးနာယက)**

ကျွန်တော်တို့ သက်ကြီးရွယ်အိုတွေဟာ အခုချိန်မှာ အားနည်းနွမ်းနယ်နေကြပါပြီ။ ကိုယ့်ကိုယ်ကိုယ်တောင် မနိုင်တဲ့သူတွေ ဖြစ်နေကြပါပြီ။ ကျွန်တော်တို့တစ်တွေကို ဂါရဝပြုကြတဲ့ ရုပ်ရှင်အစည်းအရုံးနဲ့တကွ ရုပ်ရှင်လုပ်သားများကို ကျေးဇူးတင်ပါတယ်။ ကျန်းမာချမ်းသာကြပါစေကြောင်း အားလုံးကိုယ်စား

*စာမျက်နှာ ၉ ကော်လံ ၁* ◆



ဦးလူမင်း(မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး- ဥက္ကဋ္ဌ)

## ၂၀၁၆ စာပေနိုဘယ်လ်ဆုကို ဘော့ဒိုင်လန် ထိုက်ထိုက်တန်တန်လက်ခံရရှိ

စာမျက်နှာ » ၁၀

## နိုင်ငံရေးရပ်တည်ချက်တွေ မတူညီပေမယ့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်လိုက်တဲ့ ရုရှားနဲ့ တူရကီ

စာမျက်နှာ » ၁၁




မြန်မာ့အလင်း

# တိုင်းပြည်၏ ပင်မ မဏ္ဍိုင်အင်အား

မိမိနိုင်ငံ၏နယ်နိမိတ်နှင့် အမျိုးသားရေးတို့ကို ဦးစားပေးဖြေရှင်းပါမည်ဟု အဘယ်ကြောင့် မပြောနိုင်ရသနည်းဟူသော မေးခွန်းထုတ်သံတို့ကို ကြားနေရပါသည်။ နိုင်ငံတစ်နိုင်ငံ၏နယ်နိမိတ်နှင့် အမျိုးသားရေးဟူသော သဘောတရား၌ ဦးစားပေးဖြေရှင်းခြင်း(သို့မဟုတ်) လျှော့ပေါ့ကိုင်တွယ်ခြင်းဟူသော အနက်အဓိပ္ပာယ်တို့ အကျုံးဝင်သက်ရောက်ခြင်းမရှိပါ။ နိုင်ငံတော်၏လိုအပ်ချက်နှင့်အညီ ဆောင်ရွက်သင့် ဆောင်ရွက်ထိုက်သည့် အတိုင်းသာ ဆောင်ရွက်ရမည်ဖြစ်ပါသည်။

ရခိုင်ပြည်နယ်၌ ဖြစ်ပေါ်လျက်ရှိသော အကြမ်းဖက်တိုက်ခိုက်မှုများကို သုံးသပ်ပါက ဂျီဟတ်စစ်ပွဲအဖြစ် ကြွေးကြော်တိုက်ခိုက်နေသည်ဟူသော အထောက်အထား တစ်စုံတစ်ရာ တွေ့ရှိရခြင်းမရှိပါ။ အထောက်အထား မခိုင်လုံပါလျက် ဂျီဟတ်စစ်ပွဲအဖြစ် ကြွေးကြော်တိုက်ခိုက်နေသည်ဟု ဆိုလိုက်ခြင်းသည် ပြည်သူလူထုအတွင်း မလိုလားအပ်သော စိုးရိမ်သောကများကို ဖန်တီးဖြစ်ပေါ်စေနိုင်ပါသည်။ ဤကဲ့သို့ အတိမ်းအစောင်းမခံ၊ သိမ်မွေ့လှသောအခြေအနေမျိုး၌ နိုင်ငံတော်၏ တရားဥပဒေနှင့်အညီ ဖွဲ့စည်း၊ စည်းရုံးလှုပ်ရှားလျက်ရှိသော နိုင်ငံရေးပါတီများအနေဖြင့် သဘောထားထုတ်ပြန်ချက်များကို တာဝန်သိသိ ထုတ်ပြန်ကြေညာသွားရန် အထူးအရေးကြီးပါသည်။

အကြမ်းဖက်တိုက်ခိုက်ခံရမှုတစ်ရပ်ကို ကိုင်တွယ်ဖြေရှင်းရာ၌ ဤသို့ အကြမ်းဖက်တိုက်ခိုက်ခံရခြင်းသည် မည်ကဲ့သို့သော အားနည်းချက်များကြောင့် ဖြစ်ပေါ်ခဲ့ရသည်ကို စေ့စေ့စပ်စပ်၊ သေသေချာချာ သုံးသပ်ဖော်ထုတ်နိုင်ရန် အထူးအရေးကြီးပါသည်။ အကြမ်းဖက်သမားများကို နိုင်ငံတော်လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုက်လံရှင်းလင်းတိုက်ခိုက်နေပြီဖြစ်၍ တိုင်းပြည်အုပ်ချုပ်ရေးအတွက် နိုင်ငံတော်ယန္တရားအရပ်ရပ်ကို တာဝန်ယူဆောင်ရွက်လျက်ရှိသော ပုဂ္ဂိုလ်အဖွဲ့အစည်းများအနေဖြင့် အထက်၌တင်ပြထားသည့် အားနည်းချက်များကို သုံးသပ်ရှာဖွေဖော်ထုတ်ရမည်ဖြစ်ပါသည်။ ဤကဲ့သို့ သုံးသပ်ရှာဖွေဖော်ထုတ်ရာ၌ အထောက်အထား အချက်အလက်တို့ လိုအပ်ပါသည်။ အထောက်အထားအချက်အလက်များမရှိပါက မည်ကဲ့သို့သော အားနည်းချက်များကြောင့်ဖြစ်သည်ကို မည်ကဲ့သို့ဖော်ထုတ် တင်ပြနိုင်ပါမည်နည်း။ အဆိုပါအထောက်အထားများကိုလည်း နိုင်ငံတော်လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် စုစည်းရယူ ရမည်ဖြစ်ပါသည်။

နိုင်ငံတော်၏ ဆောင်ရွက်ချက်မှန်သမျှသည် ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ကြောင်း ခိုင်မာရှင်းလင်းမှုရှိစေရမည် ဖြစ်ပါသည်။ သို့မှသာ နိုင်ငံတော်၏ဂုဏ်သိက္ခာကို ကမ္ဘာ့အလယ်၌ ဂုဏ်ယူဝင့်ကြွားနိုင်မည်ဖြစ်ပါသည်။ အကြမ်းဖက်သမားဟူသည် ၎င်းတို့၏ နိုင်ငံရေးရည်မှန်းချက်အတွက် တရားသည်ဖြစ်စေ၊ မတရားသည်ဖြစ်စေ နည်းလမ်းပေါင်းစုံကို ကျင့်သုံးလျက် အပြစ်မဲ့ပြည်သူတို့ကိုခုတုံးလုပ်၊ ဓားစာခံထား အကြမ်းဖက်နေသူများ ဖြစ်ပါသည်။ ဤအကြမ်းဖက်သမားများကို ရင်ဆိုင်တွန်းလှန်ရာ၌ နိုင်ငံသူနိုင်ငံသားအားလုံးအပေါ် ခွဲခြားမှုမရှိ၊ တန်းတူရည်တူဆက်ဆံသည်ဟူသော နိုင်ငံတော်၏ ဂုဏ်သိက္ခာသည် နိုင်ငံသူနိုင်ငံသားတို့၏ အင်အားကိုစုစည်းရာ၌လည်းကောင်း၊ နိုင်ငံတကာ၏ ထောက်ခံကူညီမှုကို ရယူရာ၌လည်းကောင်း၊ ပင်မ မဏ္ဍိုင်အင်အားဖြစ်ပါသည်။ နိုင်ငံတော်အစိုးရသည် တိုင်းပြည်၏ ပင်မ မဏ္ဍိုင်အင်အားဖြစ်သော နိုင်ငံတော်၏ဂုဏ်သိက္ခာကို မဖြစ်မနေ ထိန်းသိမ်းလျက်၊ နိုင်ငံသားတို့၏အရေးကိစ္စအရပ်ရပ်ကို ချင့်ချင့်ချိန်ချိန် ကိုင်တွယ်ဖြေရှင်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။




## လူသွားလမ်းနှင့်မလွတ်သည့် ဆိုင်းဘုတ်အား ပြုပြင်ပြီးစီး

**တာချီလိတ် အောက်တိုဘာ ၁၃**

တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက် အခြေခံပညာအထက်တန်းကျောင်းအနီး ပုဂ္ဂလိကဆေးခန်းတစ်ခု၏ ဆိုင်းဘုတ်မှာ လူသွားပလက်ဖောင်းပေါ်ရောက်ရှိနေသည့်အတွက် လမ်းသွားလမ်းလာ အများပြည်သူများ ထိခိုက်ဒဏ်ရာရရှိသည့်သတင်းအား ၂၀၁၆ ခုနှစ် စက်တင်ဘာ ၃၀ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ၏ ထင်သာမြင်သာ ပြုပြင်စရာကဏ္ဍတွင်ဖော်ပြခဲ့ရာ ယခုအခါ အဆိုပါ ဆိုင်းဘုတ်အား အများပြည်သူ အနှောင့်အယှက် မဖြစ်စေရန်အတွက် ပြုပြင်ပြီးဖြစ်ကြောင်း သိရသည်။

**မောင်ယဉ်ကျေး**

**ထင်သာမြင်သာပြုပြင်စရာ**

## လမ်းနယ်ရှိ အဆောက်အအုံစွန့်ပစ်ကျောက်တုံးကြီးများ ဖယ်ရှားပေးစေလို

မကွေးတိုင်းဒေသကြီး စလင်းမြို့ လူစည်ကားရာလမ်းနယ်တွင် ဆောက်လုပ်ဆဲကန်ထရိုက် အဆောက်အအုံမှ အန္တရာယ်ဖြစ်စေနိုင်သော ကျောက်တုံးကြီးများ(သံချွန်ကြီးများပါ)အား လမ်းနံဘေးတွင် ပရမ်းပတာထိုးထိုးထောင်ထောင်စွန့်ပစ်စုပုံထားသဖြင့် မော်တော်ယာဉ်များနှင့် ခရီးသွားပြည်သူများက ထိခိုက်မည်ကို စိုးရိမ်နေကြသည်။

အဆိုပါလုပ်ငန်းမှာ မီးသတ်ရုံးအဆောက်အအုံအသစ်အား ကုမ္ပဏီတစ်ခုက တာဝန်ယူဆောက်လုပ်နေပြီး ကန်ထရိုက်ပါ စည်းကမ်းဖြစ်သော ပြည်သူအများအား စိတ်ငြိုငြင်ထိခိုက်စေနိုင်သောနေရာများအား အန္တရာယ်ရှိနယ်မြေသတိပေးအမှတ်အသားထောင်ထားခြင်းမရှိဘဲ အဆောက်အအုံဟောင်း



မှစွန့်ပစ်ပစ္စည်းများကို လမ်းနယ်တွင် ပရမ်းပတာ စုပုံထားသဖြင့် အမြန်ဖယ်ရှား ရှင်းလင်းပေးရန် လိုလားလျက်ရှိကြောင်း သိရသည်။ **စစ်ကြည်(စလင်း)**

## ကမ္ဘာ့လက်ဆေးပွဲတော်နေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

**ပလောက် အောက်တိုဘာ ၁၃**

အောက်တိုဘာ ၁၅ ရက်တွင် ကျရောက်မည့် ကမ္ဘာ့လက်ဆေးပွဲတော်(Global Hand Washing Day Campagin) နေ့အထိမ်းအမှတ် အခမ်းအနားကို ပလောက်မြို့အမှတ်(၃)ရပ်ကွက် ဖိုးပြန်ကုန်း မူလတန်းကျောင်း၌ NRC (NORWEGIAN REFUGEE COUNCIL) အဖွဲ့မှ အောက်တိုဘာ ၁၂ ရက် မွန်းလွဲ ၁၂ နာရီခွဲက ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် အမှတ်(၃)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်းက အမှာစကားပြောကြားခြင်းနှင့် ဖိုးပြန်ကုန်း မူလတန်းကျောင်းမှ တာဝန်ခံဆရာမ ဒေါ်ခင်သူဇာနွေက တစ်ကိုယ်ရေသန့်ရှင်းမှုနှင့် ကျန်းမာရေးအကြောင်းအရာများဟောပြော၍ NRC အဖွဲ့မှ ဆရာမ ဒေါ်လှလှဝင်းက အကျင့်လုပ်ကာ လက်ဆေးပါ ကျန်းမာစေဖို့ရာ ဆောင်ပုဒ်အတိုင်း လက်ဆေးနည်း ကဗျာ၊ စနစ်တကျ လက်ဆေးပုံ၊ လက်ဆေးခြင်း၊ လက်ပုံနှိပ်ခြင်းများကို ရပ်ကွက်နေပြည်သူများနှင့် ကျောင်းသား ကျောင်းသူများအား လက်တွေ့သရုပ်ပြရှင်းပြခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၁၃-၁၀-၂၀၁၆

**ခင်ရတနာ-စုစည်းသည်။**

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၀၇၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၈၀၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်**

| | |
|---|---|
| ဒီဇယ် | ၅၉၀/၆၁၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၀၅/၆၂၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၄၀/၆၇၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၂၀/၆၃၀ ကျပ် |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၅၆ · ၀ |
| ဥရောပ | တစ်ယူရို | ၁၃၉၈ · ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၁၂ · ၃၆ |
| ထိုင်း | တစ်ဘတ် | ၃၅ · ၇၀၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၈ · ၈၈၆ |
| တရုတ် | တစ်ယွမ် | ၁၈၇ · ၂၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၃ · ၁၃ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၃၅၊ ငွေစာရင်း ၀၁-၅၄၄၃၃၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၃၈၊ Fax ၀၁-၅၅၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၃၇၊ Fax ၀၁-၈၆၀၄၅၄၆။

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် ခန့်အပ်လွှာပေးအပ်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် **Ms. Xiaojie Fan** ၎င်း၏ ဌာနေကိုယ်စားလှယ်ခန့်အပ်လွှာကို ပေးအပ်စဉ် (သတင်းစဉ်)

**နေပြည်တော် အောက်တိုဘာ ၁၃**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်အား ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အဖြစ် ခန့်အပ်ခြင်းခံရသူ Ms. Xiaojie Fan သည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လာရောက်ဂါရဝပြုတွေ့ဆုံပြီး ၎င်း၏ဌာနေကိုယ်စားလှယ် ခန့်အပ်လွှာကို ပေးအပ်သည်။

တွေ့ဆုံစဉ် FAO အဖွဲ့မှ မြန်မာနိုင်ငံ၏ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတွင် အကူအညီပေးရန်ရှိသည့်ကိစ္စများ၊ စားနပ်ရိက္ခာဖူလုံရေး၊ အာဟာရပြည့်ဝသော အစားအစာများ၊ စိုက်ပျိုးထုတ်လုပ်ရေး ကိစ္စများအပါအဝင် မြန်မာနိုင်ငံနှင့် FAO အဖွဲ့တို့ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

**(သတင်းစဉ်)**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အပြည်ပြည်ဆိုင်ရာသဘာဝဘေးလျှော့ပါးရေးနေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ် (သတင်းစဉ်)

❀ *ကျော့ဖုံးမှ*

ဘေးအန္တရာယ် ဖြစ်စဉ်များကို လေ့လာပါက ပြီးခဲ့သည့် ဆယ်စုနှစ်နှစ်ခုအတွင်း တစ်ကမ္ဘာလုံးတွင် သဘာဝဘေးကြောင့် သေဆုံးသူ ခြောက်သိန်းနှင့်အထက် ရှိခဲ့ပြီး ဖြစ်ပွားခဲ့သည့် ဘေးအန္တရာယ်များတွင် မြေငလျင်ဘေးကြောင့် လူသေဆုံးမှုအများဆုံး ဖြစ်ခဲ့ပါကြောင်း၊ ဒုတိယအသေအပျောက် အများဆုံးဘေးသည် မုန်တိုင်းဘေးဖြစ်ပြီး အပူလှိုင်းဖြတ်ခြင်းနှင့် မိုးခေါင်ရေရှားဘေးတို့ကြောင့် လူသေဆုံးမှုများပြားခဲ့ပါကြောင်း။

စီးပွားရေး ထိခိုက်ဆုံးရှုံးမှုတွင် ၁၉၉၅ ခုနှစ်မှ လက်ရှိအချိန်အထိ မုန်တိုင်းကြောင့် ကမ္ဘာတစ်ဝန်းတွင် စီးပွားရေးပျက်စီးဆုံးရှုံးမှု အများဆုံး ဖြစ်ခဲ့ပြီး အမေရိကန်ဒေါ်လာ တစ်ထရီလီယံကျော်ရှိခဲ့ပါကြောင်း၊ လူသေဆုံးမှုနှုန်းအများဆုံးဘေးများ၏ ၉၀ ရာခိုင်နှုန်းသည် သက္ကရာဇ် ၂၀၀၀ နောက်ပိုင်းတွင် ဖြစ်ပွားခဲ့သည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ ယခုကဲ့သို့ ဖြစ်ပွားခြင်းသည် တစ်ကမ္ဘာလုံး၌ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု၏ အကျိုးဆက်များကြောင့် ဖြစ်သည်ကို ငြင်း၍မရနိုင်ပါကြောင်း။

ယခုကဲ့သို့ အခမ်းအနားများ နှစ်စဉ်ကျင်းပပြီး သဘာဝဘေးလျှော့ပါးရေး လုပ်ငန်းများတွင် ပြည်သူများ၏ နိုးကြားတက်ကြွမှု၊ ပူးပေါင်းပါဝင်မှုများ တိုးပွားလာစေရန် မိမိတို့အနေဖြင့် ဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်း၊ ကူညီကယ်ဆယ်ရေးလုပ်ငန်း၊ သဘာဝဘေးပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပြည်သူများ ပူးပေါင်းဆောင်ရွက်မှ အောင်မြင်မှုရရှိနိုင်မည်ဖြစ်ပါကြောင်း။

သဘာဝဘေးအန္တရာယ် ရင်ဆိုင်တုံ့ပြန်နိုင်သည့် နိုင်ငံတစ်ခုဖြစ်လာစေရန် သဘာဝဘေး လျှော့ပါးရေးလုပ်ငန်းများတွင် မိမိတို့အားလုံး၏ ခိုင်မာသည့် သန္နိဋ္ဌာန် ချမှတ်ဆောင်ရွက်မှုမှာ များစွာအရေးကြီးပါကြောင်း၊ နိုင်ငံတော်အဆင့်က စတင်လုပ်ဆောင်ရမည့်လုပ်ငန်းများရှိသကဲ့သို့ ပြည်သူများက အစပျိုးဦးဆောင်ရမည့်လုပ်ငန်းများလည်း ရှိပါကြောင်း၊ သဘာဝဘေးလျှော့ပါးရေး လုပ်ငန်းသည် တစ်ရက်၊ တစ်လ၊ တစ်နှစ်တည်း ဆောင်ရွက်ရသည့်လုပ်ငန်း မဟုတ်သည့်အတွက် တာဝန်ရှိသူအားလုံးအနေဖြင့် မလျှော့သောဇွဲလုံ့လနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပြီး ပြည်သူများအတွက် ဘေးကင်းလုံခြုံသည့် လူနေမှုဘဝများ ဖန်တီးပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ UNDP ၏ ဌာနေကိုယ်စားလှယ် Mr. Peter Batchelor က ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာကိုဖတ်ကြားပြီး အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျှော့ပါးရေးနေ့ အထိမ်းအမှတ် ဗီဒီယိုမှတ်တမ်းကို ပြသသည်။



**Mr. Peter Batchelor**
**(UNDP ဌာနေကိုယ်စားလှယ်)**

အခမ်းအနားအပြီး၌ ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် မှတ်တမ်းဓာတ်ပုံရိုက်ကူးပြီး သဘာဝဘေးလျှော့ပါးရေးအတွက် ဆောင်ရွက်ခဲ့မှု မှတ်တမ်းပြခန်းနှင့် အရေးပေါ် ကယ်ဆယ်ရေးအထောက်အကူပြု ပစ္စည်းများကို လိုက်လံကြည့်ရှုခဲ့သည်။

အောက်တိုဘာ ၁၃ ရက်ကို အပြည်ပြည်ဆိုင်ရာ သဘာဝဘေး လျှော့ပါးရေးနေ့အဖြစ် ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်တွင် ကျင်းပသည့် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံက သတ်မှတ်ခဲ့ပြီး ကမ္ဘာ့နိုင်ငံအသီးသီးတွင် အပြည်ပြည်ဆိုင်ရာ သဘာဝဘေး လျှော့ပါးရေးနေ့ အထိမ်းအမှတ် အခမ်းအနားများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံ၌ ၂၀၁၀ ပြည့်နှစ်မှစတင်ပြီး အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျှော့ပါးရေးနေ့ကို နှစ်စဉ်ကျင်းပခဲ့ရာ ယခုဆိုလျှင် ခုနစ်နှစ်တိုင်ရှိပြီဖြစ်ကြောင်း၊ ယခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျှော့ပါးရေးနေ့ အခမ်းအနားကို **"ဘဝရှင်သန်နေထိုင်ဖို့ ဘေးအန္တရာယ်အသိမျှဝေစို့"** ဆောင်ပုဒ်ဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# စီ-၄၇၏ နောက်ဆုံးခရီးစဉ်အဖြစ် တံတားဦးလေဆိပ်သို့ အောက်တိုဘာ ၁၄ ရက် ညနေတွင် ဆိုက်ရောက်မည်

**မန္တလေး အောက်တိုဘာ ၁၃**

မြန်မာနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စု ချစ်ကြည်ရင်းနှီးမှုကိုပြသသည့်အနေဖြင့် ဒုတိယကမ္ဘာစစ်အတွင်းက အသုံးပြုခဲ့သော သမိုင်းဝင်လေယာဉ်ဖြစ်သည့် စီ-၄၇ ၏ နောက်ဆုံး ပျံသန်းသည့်ခရီးစဉ်အဖြစ် မန္တလေးမြို့ တံတားဦးအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အောက်တိုဘာ ၁၄ ရက် ညနေ ၄ နာရီတွင် ဆိုက်ရောက်မည်ဖြစ်ကြောင်း ဂျက်ဖာဆန်စင်တာသတင်းထုတ်ပြန်ချက်များအရ သိရသည်။

"အခုညနေပဲ လေယာဉ်ဆိုက်ရောက်မယ့်အချိန်ကို အီးမေးလ်ဝင်လာပါတယ်။ ပြန်လည်ထွက်ခွာမယ့်မနက်မှာ မန္တလေးပြည်သူတွေကို နှုတ်ဆက်တဲ့အနေနဲ့ မြို့ကို တစ်ပတ်ပျံသန်းသွားမှာ ဖြစ်ပါတယ်။ လေဆိပ်မှာ သတင်းယူခွင့်ကို ကိုယ့်အစီအစဉ်နဲ့ ကိုယ်ဆောင်ရွက်ရမှာဖြစ်ပါတယ်"ဟု ယင်းစင်တာမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အဆိုပါလေယာဉ်သည် ညနေ၄နာရီတွင် တံတားဦးလေဆိပ်သို့ ဆိုက်ရောက်မည်ဖြစ်ကာ ယင်းနေ့ညနေ ၆ နာရီတွင် ဂျက်ဖာဆန်စင်တာ၌ လေယာဉ်ခရီးစဉ်နှင့်ပတ်သတ်၍ ရှင်းလင်းဟောပြောမှုများ ပြုလုပ်မည်ဖြစ်ပြီး အောက်တိုဘာ ၁၅ ရက် နံနက်ပိုင်းတွင် ပြန်လည်ထွက်ခွာမည်ဖြစ်ကြောင်းသိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

# ရေဆင်းဆည်ရေသောက်မိုးစပါးစိုက်ခင်းများ အောင်ရေပေးဝေနိုင်ရေး ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁၃**

ရေဆင်းဆည်ရေသောက်ဧရိယာအတွင်းရှိ မိုးစပါးစိုက်ခင်းများ အောင်ရေပေးဝေနိုင်ရေးအတွက် ဒေသခံတောင်သူများနှင့် တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၂ နာရီက နေပြည်တော်ဇေယျာသီရိမြို့နယ် စိမ်းစားပင်ကျေးရွာရှိ စိုက်ပျိုးရေးအသိပညာပေးစင်တာ၌ ကျင်းပခဲ့သည်။



အဆိုပါ တွေ့ဆုံပွဲတွင် နေပြည်တော်ကောင်စီဝင် လယ်ယာမြေတာဝန်ခံ ဦးအေးမောင်စိန်က အမှာစကားပြောကြားပြီး နေပြည်တော်တိုင်းဆည်မြောင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစိုးတင့်၊ နေပြည်တော်တိုင်းစိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဦးကြိုင်တို့က ရေဆင်းဆည်ရေဝင်ရောက်မှုအခြေအနေနှင့် ဒေသခံတောင်သူများအား မိုးစပါးအောင်ရေပေးဝေနိုင်မှုအခြေအနေများနှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ဒေသခံတောင်သူများက မိုးစပါးအောင်ရေအတွက် လိုအပ်မှုများကို ရှင်းလင်းဆွေးနွေးတင်ပြကြရာ သက်ဆိုင်ရာဌာနဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။ တောင်သူများအကျိုးရှိစေရေးအတွက် စိုက်ပျိုးရေပေးဝေရာတွင် ရေများအလေအလွင့်မရှိစေရေးအတွက် အမှန်တကယ်အောင်ရေလိုအပ်သည့်နေရာများကို စနစ်တကျစိစစ်ပြီး ရေပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်း-မောင်လွင်၊ ဓာတ်ပုံ-မင်းမင်းလတ်(ရှုပဗေဒ)**

## နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်

**နေပြည်တော် အောက်တိုဘာ ၁၃။** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့၌ နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့၌ နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ (မိုး/ဇလ)



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး မစ္စ လုသီ့ဇွန်းတို့ ဆွေးနွေးစဉ်

# မြန်မာ - ဗီယက်နမ် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁၃**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး မစ္စ လုသီ့ဇွန်း အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံ တွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

# မြန်မာ - ဗီယက်နမ် ချစ်ကြည် ရင်းနှီးမှုတိုးမြှင့်ရေး ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁၃**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး မစ္စ လုသီ့ဇွန်း အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး မစ္စ လုသီ့ဇွန်းတို့ ဆွေးနွေးစဉ်

# ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ မောင်တောမြို့နယ် ကျိုးကန်းပြင်ဌာနချုပ်၌ ဝန်ထမ်းများ၊ မိသားစုများနှင့်တွေ့ဆုံ

**စစ်တွေ အောက်တိုဘာ ၁၃**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်၊ ဦးသိန်းဆွေ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု နှင့် အဖွဲ့သည် အောက်တိုဘာ ၉ ရက်က အကြမ်းဖက်စီးနင်းတိုက်ခိုက်ခံခဲ့ရသည့် မောင်တောမြို့နယ် ကျိုးကန်းပြင်ကွပ်ကဲမှု ဌာနချုပ်မှ ဝန်ထမ်းများ၊ မိသားစုများအား ယနေ့ နံနက်ပိုင်းတွင် သွားရောက်တွေ့ဆုံ အားပေးပြီး ကျဆုံး တပ်ဖွဲ့ဝင်များအတွက် ၎င်းတို့၏ မိသားစုဝင်များအား ထောက်ပံ့ငွေများ ပေးအပ်သည်။




ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မောင်တောမြို့နယ် ကျိုးကန်းပြင်ကွပ်ကဲမှု ဌာနချုပ်မှ ဝန်ထမ်းများ၊ မိသားစုများအားတွေ့ဆုံပြီး အားပေးစကားပြောကြားစဉ် (သတင်းစဉ်)




ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ အောက်တိုဘာ ၉ ရက် ဖြစ်စဉ်တွင် ကျဆုံး၊ ဒဏ်ရာရရှိသည့် တပ်ဖွဲ့ဝင် မိသားစုဝင်များအား ထောက်ပံ့ငွေ ပေးအပ်စဉ်



ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး ရှင်းလင်းပြောကြားစဉ်






ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ် ရှင်းလင်းပြောကြားစဉ်




ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ် အောက်တိုဘာ ၉ ရက် ဖြစ်စဉ်တွင် ကျဆုံး၊ ဒဏ်ရာရရှိသည့် တပ်ဖွဲ့ဝင် မိသားစုဝင်များအား ထောက်ပံ့ငွေ ပေးအပ်စဉ်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်က နိုင်ငံတော်အတွက် အသက်ပေး လှူသွားသည့် တပ်ဖွဲ့ဝင်များအတွက် စိတ်မကောင်းဖြစ်မိပါကြောင်း၊ အဆိုပါ ကျဆုံး၊ ဒဏ်ရာရတပ်ဖွဲ့ဝင်များ၏ မိသားစုများအား အားပေးစကားပြောကြားလို၍ ယခုကဲ့သို့ ရောက်ရှိလာခြင်းဖြစ်ပါကြောင်း၊ သက်စွန့်ကြိုးပမ်းထမ်းဆောင်ခဲ့သည့် နိုင်ငံ့ဝန်ထမ်းများကို လေးစား တန်ဖိုးထားပါကြောင်းနှင့် ထပ်တူ ဝမ်းနည်းရပါကြောင်း၊ ဤစခန်း၌ တာဝန်ထမ်းဆောင်နေကြသူများသည် နိုင်ငံ၏ နယ်နိမိတ်ကို ကာကွယ်စောင့်ရှောက်နေသူများ ဖြစ်သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ယခုဖြစ်ရပ်အပေါ် သင်ခန်းစာယူပြီး နောင်တွင် ပိုမိုစိတ်ချကောင်းမွန်သည့် အစီအစဉ်များကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရုပ်ဝတ္ထုပစ္စည်းများ ဖြည့်တင်းခြင်း၊ စိတ်ပိုင်းဆိုင်ရာ ခွန်အားပြည့်အောင် ထောက်ပံ့ကူညီခြင်းများ ဖြစ်စဉ်နှင့်ပတ်သက်၍ စိတ်ဓာတ်ကျဆင်းခြင်း၊ ဝမ်းနည်းပူဆွေးခြင်းဖြစ်ရန် မလိုကြောင်း၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း ဤစခန်းရှိ အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများ၊ ကလေးများ၏ လိုအပ်ချက်များကို မေးမြန်းပြီး ဖြည့်ဆည်းဆောင်ရွက်ပေးရန် မှာကြားထားပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးများက ကျဆုံး၊ ဒဏ်ရာရတပ်ဖွဲ့ဝင်များအား ရေရှည်အကျိုးခံစားခွင့် ရရှိရေး ဆက်လက်ဆောင်ရွက်ပေးရန် စီစဉ်ထားမှု၊ ဒဏ်ရာရ ဝန်ထမ်းများအား အကောင်းဆုံး ဆေးကုသပေးလျက်ရှိမှု၊ မပြတ်လေ့ကျင့်နေပြီး လုံခြုံရေးသတိဖြင့် နေထိုင်ရန် လိုအပ်မှုနှင့် စိတ်ခွန်အား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရန်သူကို အပြီးအပိုင် ချေမှုန်းသွားမည်ဖြစ်ကြောင်း၊ ဤစခန်းရှိ တပ်ဖွဲ့ဝင်များ၊ အိမ်ထောင်သည်များ အနေဖြင့် တပ်မတော်နှင့် ပူးပေါင်းပြီး ရန်သူကို အမြစ်ပြတ်ချေမှုန်းရန် ခွန်အားသစ်အားသစ်ဖြင့် ရှိစေလိုကြောင်း ပြောကြားသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ယခု အပြည့်ဖြင့် အနာဂတ်တွင် ဆက်လက်ဆောင်ရွက်သွားရန် ရှင်းလင်းပြောကြားခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးများက အောက်တိုဘာ ၉ ရက် ဖြစ်စဉ်တွင် ကျဆုံး၊ ဒဏ်ရာရရှိသည့် တပ်ဖွဲ့ဝင်များအတွက် ၎င်းတို့၏ မိသားစုဝင်များကို ထောက်ပံ့ငွေများ ပေးအပ်သည်။

ယနေ့တွင် ကျဆုံးတပ်ဖွဲ့ဝင် ကိုးဦးအတွက် ငွေကျပ် ၂၅၈ ဒသမ ၇၅ သိန်း၊ ဒဏ်ရာရ တပ်ဖွဲ့ဝင် ငါးဦးအတွက် ငွေကျပ် ၇၂ ဒသမ ၅ သိန်း စုစုပေါင်း ၃၃၁ ဒသမ ၂၅ သိန်းကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

အခမ်းအနား အပြီးတွင် ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့သည် တပ်ဖွဲ့ဝင်များ၊ မိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးခဲ့ကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့သည် ဌာနချုပ်အတွင်း လှည့်လည်ကြည့်ရှု လေ့လာခဲ့ကြသည်။ **(သတင်းစဉ်)**

# ဘူးသီးတောင်မြို့နယ် သံဃနာယကအဖွဲ့က နယ်မြေဒေသအခြေအနေနှင့် ပတ်သက်၍ သြဝါဒမြွက်ကြား ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့က မြို့မိမြို့ဖများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေး

စစ်တွေ အောက်တိုဘာ ၁၃

**ဘူးသီးတောင်မြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင် ဆရာတော်ကြီးများအား ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့က ယနေ့နံနက် ၁၁ နာရီတွင် ဘူးသီးတောင်မြို့ရှိ အေးစေတီကျောင်း၌ သွားရောက်ဖူးမြော်ကြည်ညို၍ ဆရာတော်များထံမှ သြဝါဒခံယူပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။**



ဘူးသီးတောင်မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်ဆရာတော်ကြီးများထံမှ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ သြဝါဒခံယူစဉ်

မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ အေးစေတီကျောင်းဆရာတော် ဦးသောမက ဤနယ်မြေသို့ ယခုကဲ့သို့ အစိုးရအဖွဲ့ဝင်များ စုံစုံလင်လင်ဖြင့် လာရောက်ကွင်းဆင်းလာသည့်အတွက် ကြိုဆိုကြောင်းနှင့် အားတက်မိပါကြောင်း၊ တပ်မတော်ဘက်မှလည်း လူပုဂ္ဂိုလ်အဖွဲ့အစည်းကို ဦးတည်တိုက်ခိုက်ခြင်းမဟုတ်ဘဲ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိခိုက်သည့်အတွက် ချေမှုန်းခြင်းဖြစ်သည်ဟု လာရောက်လျှောက်ထားပါကြောင်း၊ ဒေသခံပြည်သူများ၏ လုံခြုံမှုစိတ်ချရရေးနှင့် စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုရှိအောင် ဆောင်ရွက်ပေးပါဟု မှာကြားလိုကြောင်း ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများကလည်း လက်ရှိဆောင်ရွက်နေမှုများကို လျှောက်ထားပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် ဘူးသီးတောင်မြို့နယ် ဦးဥတ္တမခန်းမ၌ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများအား တွေ့ဆုံသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများက ဆွေးနွေးတင်ပြကြသည်။

ဒေသခံပြည်သူ ဦးမောင်ကျော်သာ၊ ဦးဇော်ဝင်း၊ မြို့မိမြို့ဖ ဦးရွှေကျော်အောင်၊ ဦးနေလင်းထွန်း၊ ဦးညီညီ၊ ဘူးသီးတောင်မြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းအောင်သိန်း၊ ဒေသခံ ဦးဘစံနှင့် ဘူးသီးတောင်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးရဲသိမ်းတို့က ဆွေးနွေးတင်ပြရာတွင် တိုင်းရင်းသားများ၏ စားဝတ်နေရေးအတွက် ကူညီဖြည့်တင်းပေးရေး၊ ပြည့်စုံလုံလောက်သော လုံခြုံရေးထားရှိပေးရေး၊ ခေတ်မီလက်နက်များ တပ်ဆင်ပေးရေး၊ ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေကို စိစစ်ရေးအဖွဲ့တွင် ရပ်မိရပ်ဖများကို ပါဝင်ဖွဲ့စည်းပေးရေး၊ ဘူးသီးတောင်မြို့နယ်သည် တစ်နေ့လျှင် နှစ်နာရီခန့်သာ မီးလင်းသဖြင့် ခြောက်နာရီခန့် မီးလင်းအောင်ဆောင်ရွက်ပေးရေး၊ စံပြကျေးရွာများ တည်ဆောက်လျှင် ခိုင်မာသော ခြံစည်းရိုးများနှင့် ပြည့်စုံလုံလောက်သော အခြေအနေဖန်တီးပေးရေး၊ ၁၉၈၂ နိုင်ငံသားဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူ ဆောင်ရွက်ရေး၊ ပြည်ထောင်စုလွှတ်တော်က ဘူးသီးတောင်၊ မောင်တောဒေသအတွက် ခိုင်မာပြတ်သားသည့်၊ တိကျသည့်ဥပဒေများ ရေးဆွဲ ချမှတ်ပေးရေး၊ ယခုကဲ့သို့ အကြမ်းဖက် စီးနင်းတိုက်ခိုက်ခဲ့သည့် အဖွဲ့အစည်းအမည်ကို တိတိကျကျ ဖော်ထုတ်အရေးယူရေးတို့ကို ဆွေးနွေးတင်ပြကြသည်။

ပြည်ထောင်စု ဝန်ကြီးများနှင့် အဖွဲ့သည် ဘူးသီးတောင်မြို့ပေါ်အနီး ရပ်ကွက်၊ ကျေးရွာအုပ်စုရှိ အစ္စလာမ်ဘာသာဝင်များနှင့် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ တွေ့ဆုံခဲ့သည်။ **(သတင်းစဉ်)**



ပြည်နယ်ဝန်ကြီးချုပ်
ဦးညီပု



ဒုတိယဝန်ကြီး
ဗိုလ်ချုပ်သန်းထွင်



ဒုတိယဝန်ကြီး
ဦးခင်မောင်တင်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား ရှင်းလင်းပြောကြားစဉ်



ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ ဘူးသီးတောင်မြို့ပေါ်အနီးရပ်ကွက်၊ ကျေးရွာအုပ်စုရှိ အစ္စလာမ်ဘာသာဝင်များနှင့်တွေ့ဆုံစဉ်



ဒေသခံ ဦးမောင်ကျော်သာ



ဒေသခံ ဦးရွှေကျော်အောင်



ဒေသခံ ဦးဇော်ဝင်း

ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွင် ထောက်ပံ့ပစ္စည်းများပေးအပ်စဉ်



## နမ့်စန်၌ တီဘီရောဂါ ကွင်းဆင်းရှာဖွေကုသ

နမ့်စန် အောက်တိုဘာ ၁၃

ရှမ်းပြည်နယ် တီဘီရောဂါတိုက်ဖျက်ရေးဌာနက အကြောင်းအမျိုးမျိုးကြောင့် ဆေးရုံဆေးခန်းသို့မလာရောက်နိုင်သူ တီဘီရောဂါ ဝေဒနာရှင်များအတွက် ရောဂါရှာဖွေကုသခြင်းလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ လွိုင်လင်ခရိုင် နမ့်စန် မြို့နယ်ခန်းမ၌ အောက်တိုဘာ ၁၃ ရက် နံနက် ၉ နာရီမှ ညနေ ၃ နာရီအထိ အခမဲ့ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်တီဘီရောဂါတိုက်ဖျက်ရေးဌာနမှ ကျန်းမာရေးဝန်ထမ်းများသည် အောက်တိုဘာ ၉ ရက်မှစတင်ကာ နမ့်စန်မြို့နယ်အတွင်း ကာလေကျေးလက်ကျန်းမာရေးဌာနခွဲနှင့် ဟိုက်ဖတ်၊ နားရိုင်း၊ မိုင်းစိတ်ကျေးလက်ကျန်းမာရေးဌာနများသို့ ကွင်းဆင်း၍ ဓာတ်မှန်စက်ဖြင့် တီဘီရောဂါရှာဖွေခြင်း၊ သလိပ်စစ်ပေးခြင်းနှင့် ကုသခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ရာ အောက်တိုဘာ ၉ ရက်မှ ၁၃ ရက် အထိ လာရောက်ပြသသူ ၇၄၁ ဦးရှိပြီး ၅၄၁ ဦးကို ဓာတ်မှန်ရိုက်ပေးခြင်း၊ ၄၇ ဦးကို သလိပ်စစ်ပေးခြင်းနှင့် တီဘီလူနာသစ် ၂၅ ဦးကို ကွင်းဆင်းရှာဖွေကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

သူရအောင်(ပြန်/ဆက်)

# ကျောက်ဆည် ဆင်ပွဲတော်

## တိုက်ကြည်(စဉ့်ကိုင်)

**ရွှေသာလျောင်းတောင်တော်**

ကျောက်ဆည်မြို့ရှိ ရွှေသာလျောင်းတောင်သည် ဘုရားရှင်အဆက်ဆက် ဒေသစာရီကြွချီတော်မူရာ တောင်တော်တစ်ဆူဖြစ်ခဲ့ပြီး တောင်တော်သို့ ဘုရားရှင်လေးပါး ကြွချီတော်မူသည်ကို အစွဲပြုလျက် မဟာမြတ်လေးဆူဘုရားအား တည်ထားကိုးကွယ်ထားခြင်းဖြစ်လေသည်။ ရွှေသာလျောင်းတောင်တော်ကို ကကုသန်ဘုရားရှင်လက်ထက်တော်အခါက ရတနာဗိမ္မ၊ ကောဏဂုံဘုရားရှင်လက်ထက်တော်၌ ဏ္ဍာသိသေဠတောင်၊ ကဿပဘုရားရှင်လက်ထက်တော်တွင် ကိန္နရာဓမ္မာရတောင်၊ ဂေါတမဘုရားရှင်လက်ထက်တွင် ဝေကဒီပရက္ခတောင်ဟု အမည်လေးမျိုးခေါ်တွင်ခဲ့ကြောင်း မှတ်သားသိရှိရပါသည်။ ယခုအခါတွင် ရွှေသာလျောင်းတောင်ဟု အမည်ခေါ်တွင်လျက်ရှိနေပါသည်။ မြတ်စွာဘုရားရှင်၏ ရုပ်ပွားတော်အား ရွှေသားအတိဖြင့် သွန်းလုပ်ပူဇော်ခဲ့ပြီး ဌာပနာခဲ့သောကြောင့် **ရွှေသာလျောင်းတောင်**ဟု ခေါ်ဆိုခြင်းဖြစ်ကြောင်း လူကြီးသူမစကားများအရ မှတ်သားသိမှတ်ယုံကြည်ထားကြလေသည်။ ထိုရွှေသားအတိ လျောင်းတော်မူဆင်းတုတော်အား သီရိဓမ္မာသောကမင်းကြီးမှ သာသနာတော် သက္ကရာဇ် ၂၃၅ ခုနှစ်တွင် ဉာဏ်တော် ၅တောင်အမြင့်ရှိသော စေတီတော်တွင် ဌာပနာ၍ တည်ထားကိုးကွယ်ခဲ့လေသည်။ ထိုစေတီငယ်အား အနော်ရထာမင်းမှ သာသနာသက္ကရာဇ် ၁၉၅ ခုနှစ်တွင် ဉာဏ်တော် ၁၀ တောင်အမြင့်ဖြင့် သီဟိုဠ်ကျွန်းဓာတုသောနမင်းထံမှ ရရှိသော ဂေါတမမြတ်စွာဘုရား၏ လက်ဝဲအောက်စွယ်တော်ပွားကို အဆင့်ဆင့်ပွားယူ၍ တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်သည်။





အဆိုပါ စွယ်တော်အား ဆင်ဖြူတော်ပေါ်တွင်တင်ယူပင့်ဆောင်ပြီး ဆင်ဖြူတော်ဝပ်(ရပ်တန့်)ရာ နေရာများတွင် ဌာပနာ၍ စေတီတည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်ကြောင်း သမိုင်းမှတ်တမ်းများရှိပါသည်။ ယင်းနောက် ဟံသာဝတီ(ပဲခူး) နေပြည်တော်စံမင်း နန္ဒဘုရင်၏သားတော် မင်းရဲကျော်စွာသည် အင်းဝနေပြည်တော်၌ ဘုရင်အဖြစ် ထီးနန်းစိုးစံစဉ် မြေငလျင်ဒဏ်ကြောင့် မြေပျက်စီးခဲ့သော မူလစေတီအား ဖိနပ်တော်မှစတင်၍ အသစ်ပြန်လည်ပြုပြင်တည်ထားတော်မူကြောင်း သိမှတ်ရပါသည်။

**ဆင်လှူပွဲတော် ဖြစ်ပေါ်လာပုံ**

ပုဂံခေတ်အနော်ရထာမင်းသည် ကျောက်ဆည်ဒေသအတွင်း ဆည်မြောင်းကန်ချောင်းဖောက်လုပ်ခြင်း၊ ဘုရားများတည်ထားကိုးကွယ်ခြင်း၊ သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်မွမ်းမံခြင်းများကို အထူးအလေးပေးဆောင်ရွက်ခဲ့သော မင်းတစ်ပါးဖြစ်ပါသည်။ ၎င်းတည်ဆောက်ခဲ့သော ကောင်းမှုကုသိုလ်များနှင့် လူသားအကျိုးပြုလုပ်ငန်းရပ်များအပေါ် အစဉ်ထာဝရ အမှတ်ရစေရန်အတွက် ၎င်းတည်ထားကိုးကွယ်ခဲ့သော စေတီပုထိုးများတွင် ဆွမ်း၊ ကွမ်း ဆက်ကပ်လှူဒါန်းခြင်းများ ပြုလုပ်ခြင်းဖြင့် ဒေသခံများမှ ကျေးဇူးဆပ်ကြသည့် ဓလေ့ရှိလေသည်။ အကြောင်းမှာ အနော်ရထာမင်း တည်ဆောက်ဖောက်လုပ်ခဲ့သည့် ဆည်မြောင်းကန်ချောင်းများရှိ ရေများကို သောက်သုံးစိုက်ပျိုးကြခြင်းကြောင့်ဖြစ်ပြီး မင်းတရားကြီး၏ ကျေးဇူးတော်ကိုမသိရှိ မျက်ကွယ်ပြုပါက ကျိန်စာသင့်လိမ့်မည်ဟု လယ်တွင်းသားများမှ အယုံအကြည်ရှိကြခြင်းကြောင့် ဖြစ်လေသည်။

ခါတ်တော်များ ပင့်ဆောင်လာသည့် ဆင်ဖြူတော်ကို ရွှေသာလျောင်းတောင်တော်ထိပ်တွင် ရုပ်တန့်တော်မူသဖြင့် အနော်ရထာမင်းမှ သာသနာပြုဆင်ဖြူတော်ကိုလည်း **ငါကဲ့သို့ပင် အမှတ်ရစေရန်အတွက် ဆင်အရုပ်တို့ဖြင့် လှူဒါန်းပူဇော်ရမည်**ဟု မိန့်ကြားခဲ့ခြင်းကြောင့် မင်းတရား၏ ဆန္ဒတော်နှင့်အညီ နှစ်စဉ် သီတင်းကျွတ်လပြည့်နေ့တိုင်း ရွှေဆင်၊ ငွေဆင်၊ ဘော်ကြယ်ဆင်၊ ဆင်ဖြူတော်၊ ဆင်အရိုင်း စသည့် ဆင်အရုပ်များဖြင့် ဆင်လှူပွဲတော်ကို ကျင်းပပြုလုပ်ကြခြင်းမှာ ယနေ့အချိန်ထိဖြစ်ပါသည်။ ဆင်အလှူပွဲတော်အဖြစ် ဆင်အကပြိုင်ပွဲပါ တစ်ပေါင်းတည်းကျင်းပလာခဲ့ခြင်းဖြစ်ရာ ကျောက်ဆည်ဆင်လှူပွဲတော်နှင့် ဆင်အကပြိုင်ပွဲသည် မြန်မာသာမက ကမ္ဘာကပါ လာရောက်လေ့လာပြီး ပျော်ရွှင်စွာပါဝင်ဆင်နွဲသည့် ဓလေ့တစ်ရပ်အဖြစ် ပေါ်ထွန်းလျက်ရှိနေပါသည်။

**ရှေးခေတ်ကျောက်ဆည်နယ်ဆင်နှင့် ဥတေနမင်း**

ရှေးအခါကကျောက်ဆည်နယ်တွင် ဆင်ရိုင်းများ အမြောက်အမြားနေထိုင်ကျက်စားခဲ့သည်ဟု သိရပါသည်။

ရှေးအခါက မင်းမွေးတောင်တွင် အလ္လကပ္ပရသေ့သီတင်းသုံးတော်မူ၏။ ကျောက်ကြီးတောင်တွင် ဝေဠဒီပကရသေ့သီတင်းသုံး၏။ ထိုဒေသတွင် တောဆင်ရိုင်းတို့မှ ဆိုးသွမ်းသောင်းကျန်းလျက်ရှိလေသည်။ ဝေဠဒီပကရသေ့ နတ်ရွာစံသော် နတ်ဖြစ်လေ၏။ ထိုနတ်မှ အလ္လကပ္ပရသေ့အား တောရိုင်းဆင်တို့၏ အန္တရာယ်ကင်းစေရန်နှင့် ဆင်တို့အားနိုင်စေရာသော စောင်းနှင့် မန္တာန်ကိုပေးလေ၏။ အလ္လကပ္ပရသေ့သည် ဆင်နိုင်ဂါထာမန္တာန်ကို ရရှိပြီး မုဆိုးမတစ်ဦးနှင့် အကြောင်းပါလေသည်။ ၎င်းတို့မှ သားတစ်ဦးဖွားမြင်ပြီး ထိုသူသည် ဆင်အမြောက်အမြားကို နိုင်နင်းသူတစ်ဦးဖြစ်ခဲ့လေသည်။ ၎င်းမှာ ဥတေနမင်းဖြစ်သည်ဟု ပုံပြင်ဆန်စွာ မှတ်သားဖူးပါသည်။ ကျောက်ဆည်နယ်အတွင်း မင်းမွေးတောင်နှင့် စဉ့်ကိုင်မြို့နယ်အတွင်း ဆင်ပုံသဏ္ဍာန်ဆင်ဝပ်တောင်ဟူ၍ ရှိလေသည်။ မင်းမွေးတောင်ထိပ်မှ ဥတေနမင်းသည် ဆင်အား ကြိမ်စကြာဖြင့် ရိုက်ခေါ်ရာ မလာသဖြင့် လေးဖြင့်ပစ်ခွင်းရာမှ ဆင်သေသွားပြီး ကျောက်သားဖြစ်ကာ (ဆင်ဝပ်တောင်) တောင်အဖြစ် တည်ရှိနေခြင်းဖြစ်ကြောင်းလည်း တစ်ရွာတစ်ပုံဆန်းမှတ်သားဖူးပါသည်။ ရှေးဟောင်းကျောက်ဆည်နယ်ရှိ ဆင်ရိုင်းများအား ဥတေနမင်းမှ နိုင်နင်းသည်ဟု အယုံအကြည်ရှိကြလေသည်။ ထို့ကြောင့် ပွဲတော်ရက်နီး၍ ဆင်ရုပ်များ ချိုးကြသည့် အခါ ဆင်ချိုးဆရာမှ ဥတေနနတ်ကို ပူဇော်ပသကြခြင်း ဖြစ်ပါသည်။ ထိုသို့ (ဥတေန)နတ်တင်ပြီး နတ်ဒိုးသုံးကြိမ်တီးကာ ဆင်ကရသည်။ နတ်ဒိုးအကအား လမိုင်းတင် ကန်တော့ခန်းဟုလည်း ခေါ်ဆိုကြပါသည်။

**ဆင်အက အမျိုးအစားများ**

ဆင်အကတွင် နတ်ဒိုး၊ အရိုင်း၊ အယဉ်ဟူ၍ သုံးမျိုးရှိပါသည်။ နတ်ဒိုးအကသည် နတ်တင်ထားသည့် ကန်တော့ပွဲရှေ့တွင် ဆင်ဦးခေါင်းကိုခိုက်ကာ နတ်ပူးသကဲ့သို့ တဆတ်ဆတ်တုန်၍ ကပြခြင်းဖြစ်သည်။ အရိုင်းအကတွင် ပုံထောက်စ၍ဖွင့်ပြီး ကပြရခြင်းဖြစ်လေသည်။ ဒိုးပတ်ဝိုင်းအကဖြစ်သည်။ မြူးမြူးကြွကြွ ကြမ်းကြမ်းရမ်းရမ်းဖြင့် စည်းချက်နှင့်အညီ တီးခတ်ကပြရသော အကဖြစ်သည်။ ရိုင်းစိုင်းသော ဆင်တစ်ကောင်ကဲ့သို့ ကြမ်းရမ်းစွာကပြရခြင်းဖြစ်ပါသည်။ ထိုအရိုင်းအကတွင် လေးခင်းအကလည်း ပါဝင်လေသည်။ လူနှင့်ဆင်စစ်ခင်းသည့် အသွင်မျိုး ကပြရခြင်းဖြစ်ပါသည်။ တောဆင်အရိုင်းနှင့် ဆင်ဦးစီးတို့ အားစမ်းသည့်အကမျိုးဖြစ်သည်။ ဆင်ဦးစီးမှ ဆင်ကိုဖမ်းရန်အတွက် ငါဟဲ့ ယောက်ျားအစချီကာ ဆင်ဖမ်းလင်္ကာကို ဦးစွာရွတ်ဆိုရသည်။ **သယ်ရိုင်းလိုက်တဲ့ ဆင် သူ့အသွင်က အန်တုမလို့ပေါ့လေ၊ ဘာမမှုပါဘု၊ ငါ့လက်ရှိ လုံနဲ့ခွင်းလိုက်မယ် ငါဟဲ့ယောက်ျား**ဟုဆိုကာ ဆင်ကြိမ်းကြိမ်းရလေသည်။ ထိုအခါတွင် ဆင်ရိုင်းမှလည်း **အားမာန်ပြင်းပါတဲ့ ငါဆင်မင်း ဖြစ်တော့သကိုး**ဟု ကြိမ်းဝါးလျက် တိုက်ခိုက်ကပြရသော အကဖြစ်ပါသည်။ ထို့အကအား အရိုင်းအကအပြင် ရိုးရာအကဟူ၍လည်း ခေါ်ဆိုကြပါသည်။ အယဉ်အကသည် ခြေလက်ခေါင်းလှုပ်၍ ယဉ်ကျေးသိမ်မွေ့ခန့်ညားစွာ စည်းချက်နှင့်အညီ ကပြသည့်အကကို ဆိုလိုခြင်းဖြစ်ပါသည်။

ဆင်အက အနုပညာ ထွန်းကားရာမြို့ဖြစ်သည့် ကျောက်ဆည်ဆင်လှူပွဲတော်နှင့် ဆင်အကပွဲတို့သည် ကမ္ဘာကျော် ပွဲတော်တစ်ရပ်ဖြစ်လေသည်။ သာသနာပြုအနော်ရထာမင်းကြီး၏ ဆန္ဒနှင့်အညီ နှစ်စဉ်ကျင်းပပြုလုပ်မြဲဖြစ်သည့် သီတင်းကျွတ်ဆင်လှူပွဲတော်နှင့် ဆင်အကပြိုင်ပွဲတို့အား ဂုဏ်ပြုကြိုဆိုလျက် လယ်တွင်းသားတို့၏ မင်းတရား( အနော်ရထာ) အပေါ် ကျေးဇူးဆပ်တတ်သည့် အစဉ်အလာအား ရေးသားတင်ပြအပ်ပါသည်။

> **မြူးမြူးကြွကြွ ကြမ်းကြမ်းရမ်းရမ်းဖြင့် စည်းချက်နှင့်အညီ တီးခတ်ကပြရသော အကဖြစ်သည်။ ရိုင်းစိုင်းသော ဆင်တစ်ကောင်ကဲ့သို့ ကြမ်းရမ်းစွာ ကပြရခြင်းဖြစ်ပါသည်။ ထိုအရိုင်းအကတွင် လေးခင်းအကလည်း ပါဝင်လေသည်။ လူနှင့်ဆင် စစ်ခင်းသည့်အသွင်မျိုး ကပြရခြင်းဖြစ်**

# ခေတ်မီမီးပွိုင့်စနစ်တပ်ဆင်ပြီးစီးရန် အချိန်ပိုကြာနိုင်



**ရန်ကုန် အောက်တိုဘာ ၁၃**

ရန်ကုန်မြို့၏ ယာဉ်ကြောကျပ်တည်းမှု၊ ယာဉ်များသွားလာမှု ပိုမိုအဆင်ပြေနိုင်ရေးအတွက် ခေတ်မီမီးပွိုင့်စနစ် (Control Center) တစ်ခုကို ဒဂုံမြို့နယ် နက္ခတ်တာရာပြခန်းအနီး၌ တည်ဆောက်လျက်ရှိနေသည်။

ခေတ်မီမီးပွိုင့်စနစ် အသုံးပြု၍ ဆောင်ရွက်ရန် ပြင်ပကုမ္ပဏီတစ်ခုဖြင့် ယခုနှစ် ဖေဖော်ဝါရီ ၂ ရက်တွင် သဘောတူစာချုပ် ချုပ်ဆိုခဲ့ကြပြီး အောက်တိုဘာ ၁၅ ရက်တွင် အပြီးတည်ဆောက်၍ လုပ်ငန်းအပ်နှံမှုပြုရ မည်ဟု သိရသည်။

သို့သော် မီးပွိုင့်များနှင့် ဆက်သွယ်ချိတ်ဆက်ရမည့် ကေဘယ်လ်ကြိုးများ မြေအောက်သို့မြှုပ်နှံရာ၌ အချိန်ကြန့်ကြာမှုရှိ၍ မပြီးစီးသေးကြောင်း သိရသည်။

ခေတ်မီမီးပွိုင့်စနစ်များ တပ်ဆင်ရာ၌ မီးပွိုင့်ပေါင်း ၁၅၉ ပွိုင့်ကို ချိတ်ဆက်တပ်ဆင်သွားမည်ဖြစ်သည်။ ယင်းမီးပွိုင့်များ၌ ကင်မရာ အလုံးပေါင်း ၁၂၀ ကို တပ်ဆင်သွားမည်ဟု သိရသည်။ ကင်မရာများ၌ Service Camera, Check Point Camera တို့ ပါဝင်သည်ဟု သိရသည်။ သတ်မှတ်စည်းကမ်းမှ ဖောက်ဖျက်သော မော်တော်ယာဉ်များကို ကင်မရာမှ မှတ်တမ်းယူ၍ မိန်းဆာဗာသို့ ပို့ဆောင်ပြီး စိစစ်အရေးယူသွားမှာဖြစ်ကြောင်း သိရသည်။

"နိုဝင်ဘာလအကုန်လောက်တော့ ပြီးစီးကြလိမ့်မယ်လို့ ခန့်မှန်းထားပါတယ်။ ကေဘယ်လ်ကြိုးမြှုပ်တဲ့လုပ်ငန်းက ညအချိန် ကားရှင်းတဲ့အချိန် ပတ်ဝန်းကျင်သွားလာမှုကိုလည်း အနှောင့်အယှက်မဖြစ်တဲ့အချိန်မှ ဆောင်ရွက်ရတာဖြစ်လို့ ကြန့်ကြာမှုတွေ ဖြစ်ရတာပါ။ ဒါပေမယ့် သတ်မှတ်ကာလရက်အတွင်း မပြီးဘူးဆိုရင်တော့ တစ်ရက်ကို ငွေကျပ်တစ်သိန်း ကုမ္ပဏီက ဒဏ်ကြေးဆောင်ရမှာဖြစ်ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်မှု အာဏာပိုင်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ယခုအခါ မထသနှင့် အများပိုင်ကုမ္ပဏီအဖြစ် ပြောင်းလဲဆောင်ရွက်ရန် စီစဉ်မှုကာလ၌ မ.ထ.သ ယာဉ်များအနေဖြင့် ပိုမိုစည်းကမ်းဖောက်ဖျက်မှုများ ရှိလာသည်ကိုတွေ့နေရကြောင်း မြို့တွင်းသို့ နေ့စဉ်ရုံးတက်ရုံးဆင်းပြုလုပ်နေသည့် ဝန်ထမ်းတစ်ဦးက ပြောသည်။

**သတင်း-တင်ဝင်းလေး(ကြည့်မြင်တိုင်)**
**ဓာတ်ပုံ-ကိုကြီးတင်**

## စစ်ရှောင်မိသားစုများ ပြန်လည်ထူထောင်ရေး ဆောင်ရွက်ရန် ထောက်ပံ့ငွေပေးအပ်

**မြစ်ကြီးနား အောက်တိုဘာ ၁၃**

ကချင်ပြည်နယ်အတွင်း စစ်ရှောင်မိသားစုများနှင့် သဘာဝဘေးသင့်ဒေသများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ငွေကျပ်သိန်း ၉၀ ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ပြည်နယ်အစိုးရအဖွဲ့ထံသို့ အောက်တိုဘာ ၁၁ ရက်က ထောက်ပံ့ပေးအပ်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ထောက်ပံ့ငွေကို ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်ထံ ပေးအပ်ခဲ့သည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည်ဩဂုတ်လအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဘေးသင့်ခဲ့သော ဆော့လော်ဒေသရှိ ပြည်သူများအတွက် လမ်း၊ တံတားနှင့် ပြန်လည်ထူထောင်ပေးရေးလုပ်ငန်းစဉ်များကိုလည်းကောင်း ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**


# မြန်မာ-ကမ္ဘောဒီးယားနှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးမြှင့်လုပ်ဆောင်နိုင်မည့် အခြေအနေများ ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁၃**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး မစ္စတာ ဆော့ချီအား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ကမ္ဘောဒီးယားနှစ်နိုင်ငံ ကောင်းမွန်သည့် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုအခြေအနေ၊ တပ်မတော်နှစ်ရပ်၏ အပြန်အလှန်ချစ်ကြည်ရေး ခရီးစဉ်များနှင့် သင်တန်းဆိုင်ရာကိစ္စရပ်များ၊ အားကစားအဖွဲ့များ၊ ယဉ်ကျေးမှုအဖွဲ့များ အပြန်အလှန်စေလွှတ်ခြင်း၊ ဆေးကုသမှုဆိုင်ရာ အတွေ့အကြုံဖလှယ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် ချစ်ကြည်ရင်းနှီးမှုကို ပိုမိုတိုးမြှင့်လုပ်ဆောင်နိုင်မည့် အခြေအနေများအား ဆွေးနွေးကြသည်။

**(သတင်းစဉ်)**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံစဉ်** (သတင်းစဉ်)

# မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ ၂၀၁၆ ပထမနေ့ ကျင်းပ




**နေပြည်တော် အောက်တိုဘာ ၁၃**

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၁၆) ပထမနေ့ကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်ရှိ ညီလာခံခန်းမ၌ ကျင်းပသည်။

ညီလာခံတွင် သဘာပတိများအဖြစ် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဆန်းဦး၊ ကော်မတီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်စိုးဝင်းနှင့် ဗိုလ်ချုပ်တင်ဆွေဝင်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ သဘာပတိ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာများ တည်ဆောက်နေရာချထားပေးမှုနှင့် ကရုဏာကမ္ဘာ ဘိုးဘွားရိပ်သာများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုတို့နှင့် ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး(စည်ပင်ပြင်ပ) စစ်မှုထမ်းဟောင်းကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကြီးရန်နိုင်ဦး(အငြိမ်းစား)က အဆိုတင်သွင်းပြီး နေပြည်တော် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့မှ ဒုတိယဗိုလ်မှူးကြီးမင်းဦးက ထောက်ခံဆွေးနွေးသည်။

ထို့နောက် ညီလာခံအား ဆက်လက်ကျင်းပရာ သဘာပတိများအဖြစ် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင် ဗိုလ်ချုပ်တောက်ထွန်း၊ ရှမ်းပြည်နယ် (အရှေ့အလယ်ပိုင်း) စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး မင်းဦး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မျိုးထွဋ်အောင်တို့က တာဝန်ယူဆောင်ရွက်ကြသည်။

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ၏ အစီရင်ခံစာအား အတွင်းရေးမှူး ဗိုလ်မှူးကြီးခင်ဇော်က တင်သွင်းသည်။ ယင်းနောက် နေပြည်တော် ကောင်စီနယ်မြေ၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)နှင့် ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)တို့မှ ကိုယ်စားလှယ်များက လုပ်ငန်းကဏ္ဍကြီး(၅)ရပ်အား အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

မွန်းလွဲပိုင်းတွင် အစည်းအဝေး ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ သဘာပတိများအဖြစ် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေး ကော်မတီဝင် ဗိုလ်ချုပ် ထွန်းထွန်းညီ၊ မွန်ပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မျိုးမင်းအောင်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဌေးဝင်းတို့က တာဝန်ယူဆောင်ရွက်ကြပြီး မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့အလယ်ပိုင်း)နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ကိုယ်စားလှယ်များက လုပ်ငန်းကဏ္ဍကြီး(၅)ရပ်အား အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ ဖျက်သိမ်းခြင်းနှင့် ပြန်လည်ရွေးကောက်တင်မြှောက်ခြင်းအား ဆောင်ရွက်ကြပြီး ရွေးကောက်တင်မြှောက်ခံရသည့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ၃၄ ဦးတို့က ကတိသစ္စာပြုကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဗဟိုအမှုဆောင်အဖွဲ့နာယကကြီးများ၏ အမည်စာရင်းအား အတည်ပြုခြင်း၊ တိုင်းဒေသကြီးများနှင့် ပြည်နယ်များမှ စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့နာယကများ ရွေးချယ်တင်မြှောက်ခြင်းတို့အား ဆက်လက်ဆောင်ရွက်သည်။

ယင်းနောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦးနှင့် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး လှမင်း(အငြိမ်းစား)တို့က ဥက္ကဋ္ဌတာဝန်များအား လွှဲပြောင်းလက်ခံကြသည်။

၎င်းနောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ (၂၀၁၆) ပထမနေ့အစည်းအဝေးကို မွန်းလွဲ ၃ နာရီခွဲတွင် ရုပ်သိမ်းလိုက်ပြီး အောက်တိုဘာ ၁၄ ရက်တွင် ဒုတိယနေ့အစည်းအဝေးအား ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

## ❍ ကျောဖုံးမှ

စုစုပေါင်း ၁၈၁ ဦးတို့အား ဘူးသီးတောင်မြို့သို့ ပို့ဆောင်ပေးခဲ့ပြီး ၎င်းတို့အနက် ဆရာ ဆရာမများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံပြည်သူ ၂၇ ဦးကို ရဟတ်ယာဉ်တစ်စင်းဖြင့် ဘူးသီးတောင်မှ စစ်တွေမြို့သို့ ထပ်မံပို့ဆောင်ပေးခဲ့သည်။

တပ်မတော်အနေဖြင့် နိုင်ငံတော်လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး လုပ်ငန်းများနှင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ခြင်းတို့အား အလေးထားလုပ်ဆောင်လျက်ရှိရာ ရခိုင်ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူလူထု၏ လိုအပ်ချက်များကိုလည်း အတတ်နိုင်ဆုံး ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# နယ်သာလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

**ရန်ကုန် အောက်တိုဘာ ၁၃**

နယ်သာလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. Bert Koenders ဦးဆောင်သည့်အဖွဲ့သည် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပန်းဝါလမ်းရှိ ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်ဟောင်း ဦးသန့် နေထိုင်ခဲ့သည့် နေအိမ်ဖြစ်သည့် ဦးသန့်နေအိမ်ပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ရာ ဦးသန့်၏မြေးဖြစ်သူ ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန့်မြင့်ဦးက ကြိုဆို၍ နေအိမ်အတွင်း ခင်းကျင်းပြသထားမှုများနှင့် မှတ်တမ်းဓာတ်ပုံများကို ရှင်းလင်းပြသသည်။

ထို့နောက် နယ်သာလန်နိုင်ငံခြားရေးဝန်ကြီးသည် ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုး၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးသည်။

ယင်းနောက် နယ်သာလန်နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်မြို့ရှိ Savoy Hotel ၌ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်လေးအပါအဝင် ပြည်ပစီးပွားရေးကုမ္ပဏီများမှ လုပ်ငန်းရှင်များနှင့်တွေ့ဆုံကာ မြန်မာနိုင်ငံ၏ စီးပွားရေးအခွင့်အလမ်းများနှင့် စိန်ခေါ်မှုများ၊ အားသာချက်များနှင့် အားနည်းချက်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ထို့နောက် နယ်သာလန်နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့သည် ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားကြသည်။

**(သတင်းစဉ်)**



## စွယ်တော်မြတ်စေတီတော် (ရန်ကုန်) အဘိဓမ္မာအခါတော်နေ့ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ဓမ္မပါလကုန်းတော်၌ တည်ထားကိုးကွယ်တော်မူသော ဝရဒါဋ္ဌာဓာတုစေတိယ စွယ်တော်မြတ်စေတီတော်(ရန်ကုန်) ဂေါပကအဖွဲ့က ကြီးမှူး၍ ၁၃၇၈ ခုနှစ် သီတင်းကျွတ်လပြည့်နေ့ (အောက်တိုဘာ ၁၆ ရက်)တွင် (၁၉)ကြိမ်မြောက် အဘိဓမ္မာ အခါတော်နေ့အခမ်းအနားကို စေတီတော်ဂန္ဓကုဋိတိုက်အတွင်း၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **ကိုချစ်**

# တီဘီလူနာများကို လုံးဝပျောက်ကင်းအောင် ကုသနိုင်မှသာ ကူးစက်မှုများကို ကွင်းဆက်ဖြတ်တောက်နိုင်မည်ဖြစ်

**နေပြည်တော်  အောက်တိုဘာ  ၁၃**




တီဘီရောဂါတိုက်ဖျက်ရေးအတွက် တီဘီရောဂါအဆုံးသတ်ရေးနည်းဗျူဟာ End TB Strategy နှင့် National TB Strategic Plan အမျိုးသားအဆင့်တီဘီရောဂါနည်းဗျူဟာစီမံချက် စတင်ခြင်းအခမ်းအနားကို နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ယနေ့မွန်းလွဲပိုင်းတွင်ကျင်းပရာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်အမှာစကားပြောကြားသည်။ **(ယာပုံ)**

ပြည်ထောင်စုဝန်ကြီးက တီဘီရောဂါသည် ယနေ့ကမ္ဘာပေါ်တွင် ပြည်သူ့ကျန်းမာရေးပြဿနာအဖြစ် တည်ရှိနေပါကြောင်း၊ ထို့ကြောင့် ပြည်သူ့ကျန်းမာရေးနည်းဗျူဟာများနှင့် တစိုက်မတ်မတ် တိုက်ဖျက်ရမည်ဖြစ်ပါကြောင်း၊ ပြည်သူ့ကျန်းမာရေးနည်းဗျူဟာများကို စဉ်းစားရာတွင် ပြည်သူလူထု၏အမြင်ကို အမြဲမျက်ခြည်မပျက်သတိပြုရမည်ဖြစ်ကြောင်း၊ အခြေခံကျန်းမာရေးဝန်ထမ်းများ၏ အရည်အသွေး၊ ကျွမ်းကျင်မှုများဖြင့် စုပေါင်းလုပ်ဆောင်မှုတို့သည် အရေးကြီးကြောင်း၊ တီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်းကို မြန်မာနိုင်ငံတွင် ၁၉၆၄ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ နှစ်(၅၀)ပြည့်ပြီဖြစ်ပါကြောင်း၊ အတွေ့အကြုံများကို အပြန်အလှန်သုံးသပ်ပြီး တွေ့ရှိချက်များနှင့် မြန်မာနိုင်ငံ၌ လုပ်ဆောင်ခဲ့သည့် သုတေသနတွေ့ရှိချက်များ၊ အကြံဉာဏ်များကို အလေးထားပြီး TB Strategy Plan ကို စီစဉ်ရေးဆွဲရမည်ဖြစ်ပါကြောင်း၊ ရေးဆွဲပြီးသည့်အခါတွင်လည်း ပတ်ဝန်းကျင်အခြေအနေပေါ်မူတည်ပြီး ပြောင်းလဲသင့်သည်များကို ပြောင်းလဲရန်လိုအပ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ၂၀၁၄ ခုနှစ် လေ့လာမှုများအရ တီဘီလူနာသစ်များ၏ ၈ ဒသမ ၅ ရာခိုင်နှုန်းမှာ HIV ပိုး ခံစားနေရကြောင်း၊ လူနာများကို လုံးဝပျောက်ကင်းအောင် ကုသနိုင်မှသာ ကူးစက်မှုများကို ကွင်းဆက် ဖြတ်တောက်နိုင်မည်ဖြစ်ကြောင်း၊ ၂၀၁၅ ခုနှစ်တွင် တီဘီရောဂါဝေဒနာရှင် စုစုပေါင်း ၁၄၀၀၀၀(တစ်သိန်းလေးသောင်း) ကျော်အား ရှာဖွေကုသပေးပြီးဖြစ်ကြောင်း၊ လက်တွေ့ကျပြီး မြန်မာနိုင်ငံနှင့် ကိုက်ညီသည့် နည်းဗျူဟာဖြစ်ရန် အတွေ့အကြုံရင့်ကျက်သော ပညာရှင်များ၏ အကူအညီရယူရန် အရေးကြီးကြောင်း၊ ပြည်သူများဆေးယဉ်ပါးတီဘီ (MDR-TB ) နှင့်ပတ်သက်၍ သေချာစွာသိရှိရန် လိုအပ်သဖြင့် ကျန်းမာရေးအသိပညာပေးခြင်းသည် အရေးကြီးပါကြောင်း၊ ၂၀၃၅ ခုနှစ်တွင် End TB Strategy ၏ အဓိကရည်မှန်းချက်များပြည့်မီရေး၊ သုတေသနနှင့်တီထွင်မှုများကို တိုးမြှင့်ဆောင်ရွက်သွားရန်၊ နီးနွှယ်ဌာနဆိုင်ရာများ၊ လူမှုအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်လိုအပ်ပါက အမျိုးသားအဆင့် တီဘီထိန်းချုပ်ရေး ဦးဆောင်ကော်မတီကို ဖွဲ့စည်းဆောင်ရွက်ရန်၊ ကျန်းမာရေးသတင်းများ တစ်နိုင်ငံလုံး ဒေသအလိုက်သက်ဆိုင်ရာဘာသာစကားများဖြင့် ထုတ်ပြန်ပေးသွားနိုင်ရေး၊ မိုဘိုင်းတီဘီစစ်ဆေးပေးခြင်းများဖြင့် တစ်နိုင်ငံလုံးသို့ အရည်အသွေးမြင့်မားစွာ ကျန်းမာရေးဝန်ဆောင်မှုများပေးနိုင်ရန် နိုင်ငံတော်၏ ဘတ်ဂျက်၊ ပြည်တွင်း၊ ပြည်ပအလှူငွေများဖြင့် ပူးပေါင်းကုသကာကွယ်စောင့်ရှောက်ရေးသည် အရေးကြီးကြောင်း ပြောကြားသည်။

အခမ်းအနားတွင် Global TB Program မှ ညွှန်ကြားရေးမှူး Dr. Mario Raviglione ပေးပို့သော End TB Strategy and NSP in Myanmar သဝဏ်လွှာနှင့် ဗီဒီယိုဖိုင်အားပြသခြင်း၊ ဆက်လက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၏ ဌာနေကိုယ်စားလှယ် ကိုယ်စား တာဝန်ရှိသူတစ်ဦးက အမျိုးသားအဆင့်နှင့် ကမ္ဘာ့အဆင့် တီဘီစီမံချက်နှင့် ပတ်သက်၍ ဂုဏ်ယူပါကြောင်း၊ Global TB Program, WHO မှ Medical Officer Dr. Mukund Uplekar က End TB Strategy နှင့်ပတ်သက်၍ ၂၀၄၀ ခုနှစ်တွင် တစ်ကမ္ဘာလုံးတွင် တီဘီရောဂါအဆုံးသတ်ရေးတို့ကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး(ရောဂါနှိမ်နင်းရေး) ဒေါက်တာသန္တာလွင်က မြန်မာနိုင်ငံ၏ တီဘီရောဂါဖြစ်ပွားမှုအခြေအနေကိုရှင်းလင်းတင်ပြရာတွင် အမျိုးသားများသည် အမျိုးသမီးများထက် တီဘီရောဂါပိုမိုဖြစ်ပွားကြောင်း၊ အာဖရိကနှင့် အာရှနိုင်ငံများတွင် အများဆုံးဖြစ်ပွားပြီး မြန်မာနိုင်ငံသည် အာရှတွင် တီဘီရောဂါဖြစ်ပွားမှု အများဆုံးနိုင်ငံတွင်ပါဝင်နေကြောင်း၊ ဆေးယဉ်ပါးတီဘီ (MDR-TB) ဝေဒနာရှင်များ မြင့်တက်ခဲ့သည်ကို ၂၀၀၉ ခုနှစ် စစ်တမ်းများအရ ဖော်ပြနေကြောင်း၊ တစ်ကမ္ဘာလုံးတွင် တီဘီရောဂါမှာ ဝန်ထုပ်ဝန်ပိုးဖြစ်စေပြီး ၂၀၁၄ ခုနှစ်တွင် တီဘီရောဂါကြောင့် သေဆုံးသူပေါင်း ၁ ဒသမ ၄ သန်းရှိကာ ၎င်းတို့အနက် တီဘီဝေဒနာရှင်လေးသိန်းမှာ HIV ရှိသူများဖြစ်ကြောင်း၊ လူ ၁၉၀၀၀၀ မှာ MDR-TB ဝေဒနာရှင်များဖြစ်ပြီး ကလေး ၁၄၀၀၀၀ သေဆုံးခဲ့ကြောင်း ပြောကြားသည်။

ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာစည်သူအောင်က National TB Strategic Plan (2016-2020) ကိုရှင်းလင်းရာ တီဘီရောဂါတိုက်ဖျက်ရေးအတွက် သုံးနှစ်အတွင်း ဘတ်ဂျက် ၂ ဒသမ ၅ ရာခိုင်နှုန်းအထိ ပိုသုံးစွဲသွားမည်ဖြစ်ကြောင်း၊ တီဘီရောဂါအား ၂၀၁၀ ပြည့်နှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း ၄၀ ရာခိုင်နှုန်းအထိ လျော့ကျနိုင်ရေးနှင့် ဆေးယဉ်ပါးတီဘီရောဂါအား ၂၀၁၅ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း ငါးရာခိုင်နှုန်းအထိ လျော့ကျရေးအစီအစဉ်များ NSP စီမံချက်အရ မျှော်မှန်းထားကြောင်း၊ အမျိုးသားကျန်းမာရေးစီမံချက်နှင့်လည်း ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံဆရာဝန်များအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာဝင်းမြက တီဘီရောဂါတိုက်ဖျက်ရေး ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ပြည်သူဗဟိုပြု ချဉ်းကပ်ဆောင်ရွက်ရေး ဆွေးနွေးပြောကြားခဲ့ပြီး တီဘီရောဂါဆိုင်ရာဆွေးနွေးပွဲကို ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆရာဝန်များအသင်းတွင် နိုဝင်ဘာ ၁၉ ရက်ခန့်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း ပြောကြားသည်။ **(သတင်းစဉ်)**

# ၂၀၁၉ တွင် ကာကွယ်ကုသနိုင်သော မျက်စိရောဂါများ၏ ၂၅ ရာခိုင်နှုန်းလျှော့ချနိုင်ရန် ဆောင်ရွက်

နေပြည်တော်  အောက်တိုဘာ  ၁၃

**ကမ္ဘာ့မျက်မြင်ပပျောက်ရေး အထိမ်းအမှတ်အခမ်းအနားကို နေပြည်တော်ရှိ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတွင် ယနေ့နံနက်ပိုင်းက ကျင်းပရာ ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်ဟန်က အဖွင့်အမှာစကား ပြောကြားခဲ့သည်။** (အောက်ပုံ)




မျက်စိကွယ်ခြင်းနှင့် အမြင်အာရုံချို့ယွင်းခြင်းများသည် အပြည်ပြည်ဆိုင်ရာ ပြည်သူ့ကျန်းမာရေး၏ ပြဿနာတစ်ရပ်ဖြစ်၍ ၂၀၀၀ ပြည့်နှစ်မှစ၍ အမျိုးသားအမြင်သန်စွမ်းရေး (National Vision 2020) မျှော်မှန်းချက်များဖြင့် မျက်စိရောဂါဖြစ်ပွားမှု လျော့နည်းပပျောက်သွားစေရန် မျက်စိကျန်းမာရေး စောင့်ရှောက်မှုများကို ပြည်သူလူထုနှင့်အတူ အသိပညာပေးကာ ပူးပေါင်းကာကွယ်ရေး အရှိန်အဟုန်မြှင့် ဆောင်ရွက်လာစေရန်နှင့် ၂၀၁၉ ခုနှစ်တွင် ကာကွယ်ကုသနိုင်သော မျက်စိရောဂါများ၏ ၂၅ ရာခိုင်နှုန်းကို လျှော့ချနိုင်ရန် ဆောင်ရွက်လျက်ရှိပြီး မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေး စီမံကိန်းသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ ခန့်မှန်းချက်အရ ကမ္ဘာပေါ်တွင် အမြင်အာရုံချို့တဲ့သူ ၂၈၆ သန်းနှင့် မျက်စိကွယ်သူပေါင်း ၃၉ သန်းခန့်ရှိကြောင်း၊ အများအားဖြင့် ၆၅ ရာခိုင်နှုန်းမှာ အသက်(၅၀)နှင့်အထက်ဖြစ်ကြကာ အမြင်အာရုံချို့တဲ့သူ ၉၀ ရာခိုင်နှုန်းသည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဖြစ်ကြပြီး ၈၀ ရာခိုင်နှုန်းသည် ကုသ၍ရနိုင်ကြောင်း၊ မြန်မာနိုင်ငံတွင် ကာကွယ်ကုသနိုင်သော မျက်စိရောဂါများအနက် အဓိကမျက်စိမမြင်ဖြစ်စေနိုင်သည့်အကြောင်းအရာမှာ အတွင်းတိမ်၊ ရေတိမ်၊ မျက်မှန်လိုအပ်ခြင်း၊ ထိခိုက်ဒဏ်ရာရခြင်းနှင့် ဆီးချို၊ သွေးတိုးရောဂါများကြောင့်ဖြစ်ပြီး အတွင်းတိမ်ရောဂါမှာ အားလုံး၏ ၆၀ ရာခိုင်နှုန်းခန့်ရှိကြောင်း။

မြန်မာနိုင်ငံတွင် မျက်စိကုသဆရာဝန် ၃၃၀ ခန့်ရှိသဖြင့် လူဦးရေတစ်သိန်းခွဲတွင် မျက်စိဆရာဝန်တစ်ဦးနှုန်းဖြင့် ကာကွယ်ကုသပေးလျက်ရှိပြီး WHO ၏ ရည်မှန်းချက်အရ အတွင်းတိမ်ခွဲစိတ်မှုနှုန်း၊ မျက်ခမ်းစပ်ရောဂါ၊ မျက်တောင်မွေးစူးရောဂါ ဖြစ်ပွားမှုလျော့ကျစေရေး ဆောင်ရွက်ခဲ့ရာ ၂၀၁၄-၂၀၁၅ ခုနှစ် ရည်မှန်းချက်ပြည့်မီခဲ့ကြောင်း၊ မျက်မမြင်ကာကွယ်စောင့်ရှောက်ရေး တိုးမြှင့်ဆောင်ရွက်နိုင်ရန် ၂၀၁၆-၂၀၂၀ အမျိုးသားအဆင့် ငါးနှစ်စီမံကိန်းရေးဆွဲဆောင်ရွက်လျက်ရှိသည်။

နှစ်စဉ် ခရိုင်သုံးခုတွင် အမြင်အာရုံချို့ယွင်းမှု စစ်တမ်းကောက်ယူခဲ့ရာ တောင်ငူတွင် ၁ ဒသမ ၅ ရာခိုင်နှုန်း၊ ပဲခူးတွင် ၄ ဒသမ ၇ ရာခိုင်နှုန်း၊ ပခုက္ကူတွင် ၁၀ ရာခိုင်နှုန်းထိ တွေ့ရှိရပြီး တစ်နိုင်ငံလုံးအဆင့် ကောက်ယူနိုင်ရန် WHO၊ INGO များဖြင့် စတင်ပူးပေါင်းဆောင်ရွက်နေပြီး မျက်စိကျန်းမာရေး အခြေခံစောင့်ရှောက်မှုပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေကြောင်း ပြောကြားသည်။

ထို့နောက် WHO မြန်မာနိုင်ငံရုံး ကျန်းမာရေးအကြံပေး Dr. Alaka Signh က WHO ၏ ရည်မှန်းချက်များကို ရှင်းလင်းပြောကြားပြီး ကမ္ဘာ့ကုလသမဂ္ဂလက်အောက်ရှိ အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူ အရာရှိများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ယခုနှစ် မျက်မြင်ပပျောက်ရေးနေ့ ဆောင်ပုဒ်မှာ "Universal Eye Health : Stronger Together" အမြင်အာရုံကောင်းမွန်စေရေး ပိုမိုလက်တွဲကြိုးပမ်းပေးဖြစ်သည်။ **(သတင်းစဉ်)**

# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ ဝင်ခွင့်လျှောက်ထားနိုင်

**ရန်ကုန်  အောက်တိုဘာ  ၁၃**

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်၊ မန္တလေး)တို့၌ ၁၃၇၈-၁၃၇၉ ပညာသင်နှစ်၊ သာသနတက္ကသီလဓမ္မာစရိယ(ပထမနှစ်)သင်တန်းသို့ တက်ရောက်လိုသော အစိုးရပထမကြီးတန်း၊ စေတိယင်္ဂဏစာသင်တန်း၊ သကျသီဟစာသင်တန်း တစ်ခုခု အောင်မြင်ပြီးသော အသက်(၃၀) နှစ် သိက္ခာ(၁၀)ဝါအောက်ရှိ ရဟန်းသာမဏေများ လျှောက်ထားနိုင်ကြောင်း သိရသည်။

**ဖြေဆိုကြရမည်**

ဝင်ခွင့်လျှောက်ထားသော ရဟန်းသာမဏေများသည် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲဖြေဆိုကြရမည်ဖြစ်၍ အစိုးရပထမကြီးတန်းနှင့်ညီမျှသော ဝိနည်းဆိုင်ရာ(၅)ပုစ္ဆာနှင့် အဘိဓမ္မာဆိုင်ရာ(၅)ပုစ္ဆာ မေးခွန်းလွှာတစ်ခု၊ ပါဠိဆိုင်ရာ(၅)ပုစ္ဆာနှင့် အထွေထွေဗဟုသုတ(၅)ပုစ္ဆာ မေးခွန်းလွှာတစ်ခုတို့ကို တစ်ရက်စီ စုစုပေါင်း နှစ်ရက်ဖြေဆိုကြရမည်ဖြစ်သည်။

**ဆက်သွယ်စုံစမ်းနိုင်**

သာသနာ့တက္ကသိုလ်ဝင်ခွင့်လျှောက်ထားလွှာများကို ၁၃၇၈ ခု သီတင်းကျွတ်လပြည့်ကျော် ၉ ရက်၊ ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၂၅ ရက်(အင်္ဂါနေ့)မှ စတင်၍ (စနေ၊ တနင်္ဂနွေရုံးပိတ်ရက်မှအပ)ထုတ်ပေးမည်ဖြစ်ပြီး ၁၃၇၈ ခု တန်ဆောင်မုန်းလဆန်း ၁၂ ရက် ၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်(သောကြာနေ့) နောက်ဆုံးထား၍ လျှောက်လွှာပုံစံများကို သက်ဆိုင်ရာတက္ကသိုလ်များ၏ မော်ကွန်းထိန်းရုံးတို့တွင် တင်သွင်းနိုင်ပြီး အသေးစိတ်သိလိုသောအချက်များကို နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်)မော်ကွန်းထိန်းရုံး၊ (ဖုန်း- ၀၁-၆၆၅၁၆၂၊ ၀၉-၅၄၀၀၈၂၈၊ ၀၉-၄၂၅၀၀၈၇၂၈၊ ၀၉-၂၅၀၀၃၇၈၉၉)၊ အုပ်ချုပ်ရေးဗဟိုအဖွဲ့ရုံး(ဖုန်း-၀၁-၆၆၄၃၉၅)၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) မော်ကွန်းထိန်းရုံး (ဖုန်း-၀၂-၆၆၉၀၁)တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်

**နေပြည်တော်  အောက်တိုဘာ  ၁၃**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မိုးလျော့နည်းနိုင်သည်။ **(မိုး/ဇလ)**



(၉၆)နှစ်ပြည့် မြန်မာ့ရုပ်ရှင်နေ့နှင့် (၅၃)ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲအခမ်းအနား ကျင်းပစဉ်

◆ *ရှေ့ဖုံးမှ*

ကနဦး ဆုတောင်းမေတ္တာပို့အပ်ပါတယ်။ ကျွန်တော်တို့ ရုပ်ရှင်လုပ်ငန်းဆိုတာ ထုတ်လုပ်သူ၊ ဒါရိုက်တာ၊ ဇာတ်ညွှန်း၊ သရုပ်ဆောင်၊ ကင်မရာ၊ ဘက်ပေါင်းစုံက ညီညီညွတ်ညွတ်နဲ့ ဝိုင်းဝန်းမှသာ ဇာတ်ကားကောင်းတစ်ကား ဖြစ်လာမှာ ဖြစ်တယ်။ အဲဒါဥပမာပြောတာဖြစ်တယ်။ အစည်းအရုံးအနေနဲ့ ညီညွတ်စွာရှိသင့်တယ်ဆိုတာ အသိပညာပေးတာပါ။ လာမယ့်နှစ် ဥက္ကဋ္ဌရွေးကောက်ပွဲ မကြာခင် လုပ်တော့မှာပါ။ အဲဒီအချိန်မှာ ဒီနှစ်ရဲ့ အတွေ့အကြုံကို ယူပြီးတော့ တကယ့်ကို



ဗိုလ်ကလေးတင့်အောင်

အလုပ်များမယ့်သူ၊ တာဝန်မယူ နိုင်မယ့်သူကိုတော့ ဥက္ကဋ္ဌအဖြစ် မထားကြပါနဲ့။ ကိုယ့်ကိုယ်ကိုယ် သိကြပါ။ အစည်းအရုံးအတွက် အချိန်ပေးပြီးတော့ လုပ်နိုင်မယ်လို့ ထင်မှတ်တဲ့ ပုဂ္ဂိုလ်တွေ အများကြီးရှိပါတယ်။ အဲဒီပုဂ္ဂိုလ်တွေကို ဥက္ကဋ္ဌအဖြစ်၊ ဒုတိယဥက္ကဋ္ဌအဖြစ်၊ အတွင်းရေးမှူး၊ အမှုဆောင်အဖြစ် ဆောင်ရွက်ကြမယ်ဆိုရင်ဖြင့် အကောင်းဆုံးပါပဲ။ အသစ်တက်မယ့် ဥက္ကဋ္ဌနဲ့ အမှုဆောင်အဖွဲ့က အစည်းအရုံးကြီးကို ခိုင်ခိုင်မာမာရပ်တည်သွားနိုင်အောင် ကြိုးစားကြပါလို့ ပြောလိုပါတယ်။

**အကယ်ဒမီဒေါ်မြင့်မြင့်ခင်**

အမေ ဒီကို လာကန်တော့ခံတာ ရှစ်နှစ်ရှိပြီ။ အခု အမေ့အသက် ၈၃ နှစ်ရှိပြီ။ အခုလို ကလေးတွေကန်တော့တာ မြင်တော့ ပီတိဖြစ်တာပေါ့။ အရင်နှစ်တွေကဆို နှစ်တိုင်းနှစ်တိုင်း မင်းသမီး၊ မင်းသားတွေ တော်တော်များများလာကြတယ်။ ခုတော့ ကလေးတွေပဲလာတော့ စိတ်ထဲမှာတော့ မကောင်းဘူး။ မျိုးဆက်သစ် ကလေးငယ်တွေကတော့ စိတ်အားထက်သန်စွာနဲ့ လာကန်တော့ကြပါတယ်။ ဒါပေမယ့် အနုပညာရှင်



အကယ်ဒမီဒေါ်မြင့်မြင့်ခင်

တော်တော်များများ လာတာမတွေ့တော့ စိတ်မကောင်းဘူး။ နောက်နှစ် နောက်နှစ်တွေလည်း ကျန်းမာရေးကောင်းဖြစ်ခဲ့ရင်တော့ အနုပညာရှင်တွေနဲ့ အခုလို ပြန်ဆုံချင်သေးပါတယ်။

**ဦးလူမင်း**

**(မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး- ဥက္ကဋ္ဌ)**

မြန်မာ့ရုပ်ရှင် အနုပညာလောကဆိုတာကလည်း အားနည်းချက်တွေ၊ လိုအပ်ချက်တွေ အများကြီးရှိတယ်ဆိုတာ ကျွန်တော်တို့ ဝန်ခံပြီးသားဖြစ်ပါတယ်။ ဒီထက်ပိုပြီး ကောင်းအောင်ကြိုးစားပါမယ်။ ကြိုးစားတဲ့နေရာမှာ အပြောင်းအလဲတစ်ခုဆိုတာ ဘယ်အရာမှ မလွယ်ကူပါဘူး။ အထူးသဖြင့် ဒီနေ့လိုခေတ်ကာလမျိုးမှာ လက်ဖမိုးကနေ လက်ဖဝါးကို ချက်ချင်းမပြောင်းလဲနိုင်ပါဘူး။ အပြောင်းအလဲတိုင်းဟာ ခက်ခက်ခဲခဲကို ကြိုးစားပြီးတော့ ပြောင်းလဲနေရတဲ့ အနေအထားတစ်ခုဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ ရပ်မနေပါဘူး။ တတ်စွမ်းသရွေ့ကြိုးစားနေပါတယ်။ (၉၆)နှစ်ပြည့်မြောက်ပြီဖြစ်တဲ့ မြန်မာ့ရုပ်ရှင်ကို ဒီနေ့အထိ အားပေးတဲ့ ပရိသတ်ခိုင်ခိုင်မာမာ ရှိခဲ့လို့လည်း မြန်မာ့ရုပ်ရှင်ရယ်လို့ ရပ်တည် နေနိုင်တာဖြစ်ပါတယ်။ မြန်မာ့ရုပ်ရှင်ကို တစိုက်မတ်မတ် အားပေးခဲ့ကြတဲ့ ပရိသတ်တွေ၊ မြန်မာ့ရုပ်ရှင်ကို ဒီနေ့ခေတ်ထိရောက်အောင် လက်ဆင့်ကမ်းသယ်ဆောင်လာခဲ့တဲ့ အမိအဖ အဘိုးအဘွား ကျေးဇူးရှင် ဆရာသမားတွေ အားလုံးရဲ့ကျေးဇူးက ကြီးမားလှပါတယ်။

**အေးမြတ်သူ**

**(ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင်)**

ကျွန်မတို့ အနုပညာနဲ့ ပတ်သက်ရင် တကယ်ကို ဂါရဝပြုသင့်ပြုထိုက်တဲ့နေ့ တစ်နေ့ပါ။ ဝါ အရရော၊ အဘကြီးအရွယ်၊ အဘိုးအရွယ်၊ အဖေ၊ အမေအရွယ် ဖြစ်တာရယ်၊ ပညာတွေ၊ သမ္မာတွေကလည်း အခုချိန်အထိ သူတို့ဆီက သင်ယူနေရတုန်းဆိုတော့ အခုလိုလာပြီး ကန်တော့ရတာပီတိဖြစ်မိတယ်။ မကြာမကြာ လာကန်တော့ဖြစ်ပါတယ်။ နောက်နှစ်တွေလည်း လာကန်တော့ဖို့ အစီအစဉ်ရှိပါတယ်။ လတ်တလော အနုပညာလှုပ်ရှားမှုအနေနဲ့ကတော့ လာမယ့် စနေနေ့ နံနက် ၁၀ နာရီမှာ ပဲခူးက ရုပ်ရှင်ရုံမှာ လက်မှတ်ထိုးပြီး ပရိသတ်နဲ့ တွေ့မယ်။ လောလောဆယ်တော့ ဇာတ်လမ်းတွဲတွေ ရိုက်နေတယ်။ ဗီဒီယိုကားတွေလည်း ရိုက်နေတယ်။

**ထွန်းထွန်း(Examplez)**

ကျွန်တော့်အနေနဲ့ ကိုယ့်ထက်ဝါရင့်၊ သမ္မာရင့် အနုပညာရှင်ကြီးတွေကို တစုတဝေးတည်း အခုလို လာရောက်တွေ့ဆုံခွင့်ရတဲ့အတွက် ဝမ်းသာပီတိဖြစ်မိပါတယ်။ ရုပ်ရှင်အစည်းအရုံးအနေနဲ့ သက်ကြီးပူဇော်ပွဲကို နှစ်စဉ်လုပ်ဖြစ်ခဲ့တယ်။ ဒီနှစ်ဆို (၅၃)ကြိမ်မြောက်ဖြစ်သွားပါပြီ။ ဒီနှစ် တက်ရောက်ခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်။ နှစ်တိုင်းနှစ်တိုင်း ရိုက်ကွင်းရှိတော့ အရင်နှစ်တွေကဆို မလာဖြစ်ခဲ့ဘူး။ နောက်နှစ်တွေမှာလည်း နယ်ရိုက်ကွင်းတွေ မရှိဘူးဆိုရင် လာဖြစ်မှာပါ။



ထွန်းထွန်း(Examplez)

**နန်းခင်ဇေယျာ**

**(ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင်)**

ဒီနှစ် အနုပညာသက်ကြီးပူဇော်ပွဲမှာ လာရောက် စတုဒိသာကျွေးမွေးတာ ဒါပထမဆုံးပါ။ ကျန်တဲ့နေရာတွေမှာတော့ ကျွန်မတို့ Miss အဖွဲ့အနေနဲ့ တစ်ဦးချင်းရော၊ စုပေါင်းပြီးတော့ရော မကြာခဏ ဆိုသလိုလုပ်ဖြစ်ပါတယ်။ ဒီနှစ် လာဖြစ်တာကတော့ နန်းခင်တို့အဖွဲ့ကို အကူအညီတောင်းတယ်။ အဲဒါနဲ့ အခုလို ဒါနပြုဖြစ်သွားတာပါ။ နန်းခင်တို့အဖွဲ့အားလုံး ၁၁ ယောက်ရှိပါတယ်။ ဒီနေ့ဆိုရင် နန်းခင်တို့အဖွဲ့အနေနဲ့ ဗွီဗွီအချိုရည်ရယ်၊ ကြာဆံကြော်ရယ် သက်ကြီးဘိုးဘွားတွေကို ကျွေးမွေးပါတယ်။



နန်းခင်ဇေယျာ

ယနေ့ကျင်းပသည့် (၉၆)နှစ်ပြည့် မြန်မာ့ရုပ်ရှင်နေ့နှင့် ရုပ်ရှင်သက်ကြီးပူဇော်ပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဖေနှင့် တာဝန်ရှိသူများ၊ ရုပ်ရှင်အနုပညာရှင်များ တက်ရောက်ဂါရဝပြုခဲ့သည်။ အခမ်း အနားတွင် တက်ရောက်အကန်တော့ခံ သက်ကြီးဘိုးဘွား ၁၅၃ ဦးကို ငွေကျပ် နှစ်သိန်းနှင့်အတူ ဆေးပစ္စည်းများအပါအဝင် အသုံးအဆောင်များ ကူညီထောက်ပံ့ခဲ့ကာ ရှေ့သံလွင်ကလည်း ယခုနှစ်တွင် အသစ်တိုးလာသော အဘိုးအဘွားများအား စကိုင်းနက်တစ်နှစ်စာ အခမဲ့တပ်ဆင်ပေးသွားမည်ဖြစ်ပြီး ယခင်နှစ်က တပ်ဆင်ပေးခဲ့သော စလောင်းများကိုလည်း တစ်နှစ်ထပ်မံ အခမဲ့ တိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

## Viettel World Cup 2016 ဘောလုံးပြိုင်ပွဲ Dagon FC ဘောလုံးအသင်း ဗိုလ်လုပွဲတက်

**ရန်ကုန် အောက်တိုဘာ ၁၃**

ဗီယက်နမ်နိုင်ငံ၌ ကျင်းပလျက်ရှိသော Viettel World Cup 2016 ၏ ယနေ့ ကျင်းပသော ဆီမီးဖိုင်နယ်ပွဲစဉ်တွင် Dagon FC ဘောလုံးအသင်းက မိုဇမ်ဘစ်အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်ကြောင်း သိရသည်။

Dagon FC ဘောလုံးအသင်းသည် အုပ်စုတွင်း ပွဲစဉ်များတွင် တန်ဇန်းနီးယားအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ ဗီယက်နမ် C-4 အသင်းကို ခြောက်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း အနိုင်ရရှိပြီး အုပ်စုပထမဖြင့် ကွာတားဖိုင်နယ်သို့ တက်ရောက်ခဲ့ကာ ကွာတားဖိုင်နယ်ပွဲစဉ်တွင် အုပ်စု D မှ ဒုတိယရရှိသော ဗီယက်နမ်အသင်းကို ခုနစ်ဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိကာ အကြို ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့သည်။

ယနေ့ ယှဉ်ပြိုင်ခဲ့သော အကြို ဗိုလ်လုပွဲ ပွဲစဉ်တွင် Dagon FC ဘောလုံးအသင်းက အရပ်အမောင်း ခန္ဓာကိုယ်အားသာချက်ရှိသော မိုဇမ်ဘစ်နိုင်ငံ အသင်းအား အကြိတ်အနယ်ကစားခဲ့ကာ လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရယူခဲ့ခြင်းဖြစ်သည်။

ယနေ့ အနိုင်ရလဒ်ကြောင့် Dagon FC ဘောလုံးအသင်းအနေဖြင့် အောက်တိုဘာ ၁၅ ရက်တွင် ကျင်းပမည့် ဗိုလ်လုပွဲ ပွဲစဉ်တွင် ဗီယက်နမ် B-2 အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

**ဝေယံ**

## သောက်ရေသန့်ထုတ်လုပ်ရောင်းချခြင်းနှင့်ပတ်သက်၍ အများပြည်သူသိရှိရန် အသိပေးကြေညာ

**နေပြည်တော် အောက်တိုဘာ ၁၃**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့ စားသုံးနိုင်ရန် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနအနေဖြင့် အစားအသောက်ထုတ်လုပ်ခြင်းထောက်ခံချက်များအား လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်၍ စနစ်တကျအမြန်ဆုံး ထုတ်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ ဈေးကွက်အတွင်း၌ အရည်အသွေးအာမခံချက်မရှိဘဲ ထုတ်လုပ်ရောင်းချနေသော သောက်ရေသန့်လုပ်ငန်းများကို ရှာဖွေဖော်ထုတ်ရန် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တိုင်းဒေသကြီး၊ ပြည်နယ်များသို့ ညွှန်ကြားချက်များ ထုတ်ပြန်ထားပြီးဖြစ်သည်။


သောက်ရေသန့်လုပ်ငန်းရှင်များအနေဖြင့် အစားအသောက်ထုတ်လုပ်ခြင်းထောက်ခံချက်ရရှိပြီး သက်တမ်းရှိမှသာ ထုတ်လုပ်ရောင်းချရန်၊ လုပ်ငန်းသစ်ထောက်ခံချက်လျှောက်ထားဆဲကာလအတွင်း ရောင်းချခြင်းမပြုရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက ထုတ်လုပ်သည့်နေရာအထိ စစ်ဆေးဖော်ထုတ်၍ အမျိုးသားအစားအသောက်ဥပဒေအရ ထိရောက်စွာအရေးယူမည်ဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အသိပေးကြေညာထားသည်။ **(မြန်မာ့အလင်း)**

## ပူးပေါင်းအဖွဲ့အခြေပြုသည့် နယ်မြေရုံးအား အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများ ချဉ်းကပ်သဖြင့် လက်နက်ငယ်များဖြင့် ပစ်ခတ်ရှင်းလင်း

**နေပြည်တော် အောက်တိုဘာ ၁၃**

တပ်မတော်စစ်ကြောင်းများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းအခြေပြုနေသည့် မောင်တောမြို့နယ် အလယ်သံကျော်နယ်မြေရုံးကို အောက်တိုဘာ ၁၂ ရက် နံနက်ပိုင်းက အကြမ်းဖက်စီးနင်းတိုက်ခိုက်သူ အင်အား ၅၀ ခန့်ဖြင့် တစ်ကြိမ်၊ အင်အား ၂၀ ခန့်ဖြင့် တစ်ကြိမ်၊ အင်အား ၁၅ ဦးခန့်ဖြင့် တစ်ကြိမ် စုစုပေါင်း သုံးကြိမ် ချဉ်းကပ်လာသဖြင့် ပူးပေါင်းအဖွဲ့က လက်နက်ငယ်များဖြင့် ပြန်လည်ပစ်ခတ်ရှင်းလင်းခဲ့ရသည်။

ထို့ပြင် တပ်မတော်စစ်ကြောင်းများ နယ်မြေရှင်းလင်းရေးဆောင်ရွက်စဉ် အောက်တိုဘာ ၁၂ ရက် ည ၇ နာရီ မိနစ် ၂၀ ခန့်တွင် မောင်တောမြို့နယ် ဝါးပိတ်ကျေးရွာ၏ အနောက်ဘက် မီတာ ၂၀၀ ခန့်အကွာရှိ တောင်ကုန်း၌ ကျီးကန်းပြင်အုပ်စု ဝါးပိတ်ကျေးရွာနေ အကြမ်းဖက်စီးနင်းတိုက်ခိုက်သူ ဖော်ဆော်လာမောက် (ဘ) ဖွေဘာမောက်အား ဖမ်းဆီးရမိခဲ့ကြောင်း၊ ယနေ့နံနက်ပိုင်းတွင် တပ်မတော်စစ်ကြောင်းသည် အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများ ယမန်နေ့က မီးရှို့ဖျက်ဆီးခဲ့သည့် ဝါးပိတ်ကျေးရွာအတွင်း အသေးစိတ်ထပ်မံရှင်းလင်းရာ မီးလောင်ထား





သည့် MA-11 အမျိုးအစား သေနတ်တစ်လက်၊ ကျည်အိမ်မျိုးစုံ ၁၁ ခု၊ ကျည်မျိုးစုံ ၁၅၁၀ တောင့်၊ ပြောက်ကျား ယူနီဖောင်း တစ်စုံ၊ RSO အလံ ၂၄ ခု၊ RSO တံဆိပ်ပါ လည်စည်း အခု ၄၀ နှင့် ဓားရှည်တစ်ချောင်းတို့ ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(မြဝတီ)**

# ကမ္ဘာ့သက်တမ်းအရှည်ဆုံး ထီးနန်းစိုးစံခဲ့သည့် ထိုင်းဘုရင်ကြီးကွယ်လွန်

**ဗန်ကောက် အောက်တိုဘာ ၁၃**

တော်ဝင်နန်းတော်က အောက်တိုဘာ ၁၂ရက်နှောင်းပိုင်းတွင် ထုတ်ပြန်ခဲ့သော ကြေညာချက်တွင် ဘုရင်ကြီး၏ အခြေအနေမှာ စိုးရိမ်ရကြောင်း၊ ၄င်းအနေဖြင့် အသက်ရှုကျပ်ခြင်းနှင့် ရောဂါကူးစက်မှုများကို ခံစားနေရကြောင်း ဖော်ပြပါရှိသည်။ အောက်တိုဘာ ၁၃ရက်က ဆုမွန်ကောင်းတောင်းပေးသူများသည် ဆီရီရက်ဂျ်ဆေးရုံ အပြင်ဘက် ဗန်ကောက်ကျောက်ဖရားမြစ်အနီးတွင် စုရုံးကြပြီး ဘုရင်ကြီး အမြန်နေပြန်ကောင်းလာစေရန် တောင်းဆုပြုခဲ့ကြောင်း သိရသည်။

သို့သော်လည်းတော်ဝင်နန်းတော်၏ နောက်ဆုံးသတင်းထုတ်ပြန်ချက်အရ ကမ္ဘာ့သက်တမ်းအရှည်ဆုံး တိုင်းပြည်ကို စိုးစံအုပ်ချုပ်ခဲ့သည့် ထိုင်းဘုရင် ဘူမိဘော အဒူလျာဒက်ဂျ်သည် အောက်တိုဘာ ၁၃ ရက် သက်တော် ၈၈ နှစ်အရွယ်တွင် ဆေးရုံ၌ ကံတော်ကုန်ခဲ့ကြောင်း သိရသည်။

နတ်ရွာစံရသည့် အကြောင်းရင်းကို တော်ဝင်နန်းတော်က အသေးစိတ်ဖော်ပြခြင်းမပြုပေ။

ဘုရင်ကြီးသည် ဆီရီရက်ဂျ်ဆေးရုံတွင်ငြိမ်းချမ်းစွာ နတ်ရွာစံသွားကြောင်း တော်ဝင်နန်းတော်ကပြောသည်။ ၄င်းသည် ဒေသစံတော်ချိန် ညနေ ၃ နာရီ ၅၂ မိနစ်တွင် ကွယ်လွန်အနိစ္စ ရောက်သွားကြောင်း သိရ သည်။

၄င်း၏သားတော်လည်းဖြစ် အရိုက်အရာ ဆက်ခံမည့်သူလည်းဖြစ်သည့် 



သရဖူဆောင်းမင်းသား အသက် ၆၃ နှစ်ရှိ မဟာဗဇိရာလောင်ကွမ်သည် ထိုင်းနိုင်ငံ၏ ဘုရင်ဖြစ်လာမည်ဟု ခန့်မှန်းရသည်။ **(ရိုက်တာ)**

# ၂၀၁၆ စာပေနိုဘယ်လ်ဆုကို ဘော့ဒိုင်လန် ထိုက်ထိုက်တန်တန်လက်ခံရရှိ

**စတော့ဟုမ်း အောက်တိုဘာ ၁၃**

ကြီးမြတ်လှသော အမေရိကန်ရိုးရာ သီချင်းကို ကဗျာရသမြောက်အောင် တစ်မူထူးခြား ဖန်တီးနိုင်ခဲ့ခြင်းကြောင့် အောက်တိုဘာ ၁၃ ရက်က ဆွီဒင်အကယ်ဒမီက ပေးအပ်သော ၂၀၁၆ စာပေနိုဘယ်လ်ဆုကို ဘော့ဒိုင်လန်က ထိုက်ထိုက်တန်တန် လက်ခံရရှိခဲ့သည်။

စာပေနိုဘယ်လ်ဆုအနေဖြင့် အမေရိကန်ဒေါ်လာ ၉၂၇၇၄၀ နှင့်ညီမျှသော ဆွီဒင်ခရောင်း ရှစ်သန်းရရှိခဲ့သည်။

၂၀၁၆ နိုဘယ်လ်ဆုများတွင် စာပေနိုဘယ်လ်ဆုမှာ နောက်ဆုံးချီးမြှင့်သော ဆုဖြစ်သည်။ ဒိုင်းနမိုက်တီထွင်ဖန်တီးသူ အဲလ်ဖရက်ဒ်နိုဘယ်လ်၏ နောက်ဆုံးဆန္ဒနှင့်အညီ သိပ္ပံ၊ စာပေနှင့် ငြိမ်းချမ်းရေးများတွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သူများကို ချီးမြှောက်သည့်အနေဖြင့် ယင်းဆုများကို ၁၉၀၁ခုနှစ်ကတည်းက ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(ရိုက်တာ)**



# ကွန်နက်တီကပ်ပြည်နယ်တွင် လေယာဉ်ငယ်တစ်စင်းပျက်ကျ၍ မောင်းသူသေဆုံး

**ဝါရှင်တန် အောက်တိုဘာ ၁၃**

အမေရိကန်နိုင်ငံ ကွန်နက်တီကပ်ပြည်နယ်တွင် ဂျော်ဒန်နိုင်ငံသား လေယာဉ်မောင်းသင်တန်းသားတစ်ဦး မောင်းနှင်သည့် လေယာဉ်ငယ်တစ်စင်းပျက်ကျရာမှ ယင်းလေယာဉ်မောင်း သင်တန်းသား သေဆုံးခဲ့ကာ ၎င်း၏နည်းပြမှာ အနည်းငယ်ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အမေရိကန်အာဏာပိုင်များက အဆိုပါ လေယာဉ်ပျက်ကျမှုမှာ အကြမ်းဖက် တိုက်ခိုက်မှုနှင့် ဆက်နွယ်သည့်အနေအထားမျိုးမဟုတ်ကြောင်း အေပီသတင်းဌာနသို့ ပြောကြားခဲ့သည်။

အမေရိကန် အမျိုးသားသယ်ယူပို့ဆောင်ရေးလုံခြုံမှုအဖွဲ့က ဟာ့ဒ်ဖို့ အရှေ့ပိုင်းတွင်ဖြစ်ပွားသည့် အဆိုပါလေယာဉ်ပျက်ကျမှုသည် တမင်ရည်ရွယ်လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

လေယာဉ်ပေါ်လိုက်ပါလာသူနှစ်ဦးသည် Piper PA -34 Seneca ကို ထိန်းချုပ် နိုင်ရန် ကြိုးစားခဲ့သည်ဟု ဒေသမီဒီယာက ဖော်ပြထားသည်။

ဂျော်ဒန်နိုင်ငံသား လေယာဉ်မောင်းသင်တန်းသား၏အမည်မှာ ဖီရက်စ် ဖရီတက်ခ်ဖြစ်ပြီး အသက် ၂၈ နှစ်ရှိပြီဖြစ်ကြောင်း သိရသည်။ ၎င်းသည် ချီကာဂို၌ နေထိုင်သူဖြစ်ကြောင်း အမေရိကန်အာဏာပိုင်များက ပြောကြားခဲ့သည်။

**(ဘီဘီစီ)**

# အီးယူနှင့် ကနေဒါကုန်သွယ်မှုစာချုပ်အပေါ် ကန့်ကွက်မှု ဂျာမန်ခုံရုံး၌ ကြားနာစစ်ဆေး

**မြူးနစ် အောက်တိုဘာ ၁၃**

ဥရောပသမဂ္ဂနှင့် ကနေဒါတို့ ချုပ်ဆိုထားသည့်လွတ်လပ်စွာကုန်သွယ်မှုဆိုင်ရာ သဘောတူစာချုပ်အပေါ် နိုင်ငံသား ၁၂၅၀၀၀ တို့၏ ကန့်ကွက်မှုနှင့် ပတ်သက်ပြီး ဂျာမနီခုံရုံး၌ ကြားနာလျက်ရှိကြောင်း သိရသည်။

အဆိုပါကိစ္စရပ်သည် ဂျာမနီသမိုင်းကြောင်း၌ အကြီးမားဆုံးဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တိုင်တန်းမှုဖြစ်ကြောင်း အဆိုပါတိုင်တန်းမှု၏ နောက်ကွယ်မှ အဖွဲ့အစည်းက ပြောကြားခဲ့သည်။ စီးပွားရေးနှင့်ကုန်သွယ်ရေးဆိုင်ရာ နားလည်မှုသဘောတူစာချုပ် (Ceta)သည် ဒီမိုကရက်တစ် စည်းကမ်းစည်းမျဉ်းများကို ချိုးဖောက်ကာ နိုင်ငံများစွာပါဝင်သည့်ကုမ္ပဏီများကို လုပ်ပိုင်ခွင့်ပေးအပ်လိမ့်မည်ဟု အဖွဲ့ကပြောကြားခဲ့သည်။ သို့သော် ဂျာမနီစီးပွားရေးဝန်ကြီးကမူ အသနားခံတောင်းပန်သူများဘက်ငဲ့ညှာကာ တရားစီရင်မှုပြုလုပ်ခဲ့လျှင် အကြီးအကျယ်ဒုက္ခရောက်လိမ့်မည်ဟု ပြောကြားခဲ့သည်။ အဆိုပါစာချုပ်ကို ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ပြီးနှစ်အနည်းငယ်အကြာတွင် သဘောတူညီခဲ့သည်။ **(ဘီဘီစီ)**

# ဝီကီလိခ်တွင် အီးမေးလ်ထောင်ပေါင်းများစွာ ထုတ်ပြန်ခြင်းက ဟီလာရီကလင်တန်၏ ရွေးကောက်ပွဲလှုပ်ရှားမှုများကို ခြိမ်းခြောက်နေ

**ဝါရှင်တန် အောက်တိုဘာ ၁၃**

ဝီကီလိခ်တွင် နေ့စဉ်နီးပါး အီးမေးလ်ထောင်ပေါင်းများစွာထုတ်ပြန်နေခြင်းနှင့်ပတ်သက်ပြီး အမေရိကန်ဒီမိုကရက်တစ်သမ္မတလောင်း ဟီလာရီကလင်တန်၏ ရွေးကောက်ပွဲလှုပ်ရှားမှုများကို ခြိမ်းခြောက်နေကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင်ဖော်ပြခဲ့သည်။ ၎င်း၏ပြိုင်ဘက် ဒေါ်နယ်ထရန့်သည် အီးမေးလ်ကိစ္စအား ကလင်တန်၏အားနည်းချက်အဖြစ် ထပ်ခါတလဲလဲ ထိုးနှက်တိုက်ခိုက်လျက်ရှိသည်။

လွန်ခဲ့သောရက်သတ္တပတ်မှစကာ အဆိုပါဝက်ဘ်ဆိုက်သည် ဖောက်ထွင်းတိုက်ခိုက်ခံရသည့် အီးမေးလ်များကို လူထုထဲသို့ ထုတ်ပြန်မှုပြုခဲ့သည်။ ထုတ်ပြန်ခဲ့သော အီးမေးလ်အချို့တွင် ကလင်တန်အနေဖြင့် ကိုယ်ပိုင်အီးမေးလ်ဆာဗာအသုံးပြုမှုနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးခံနေစဉ်ကာလအတွင်း တရားရေးဌာနမှ သတင်းအချက်အလက်တချို့အား လက်ခံရရှိခဲ့ခြင်းကို ဖော်ပြနေကြောင်းသိရသည်။

ထရန့်ဘက်က ထိုသို့ သတင်းအချက်အလက်များပေါက်ကြားခြင်းသည် လာဘ်စားမှုရှိနေသည်ကို ထင်ရှားစေကြောင်းပြောခဲ့သည်။ ဝီကီလိခ်က အီးမေးလ်နှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များကို ဆက်လက်ဖော်ပြသွားမည်ဖြစ်သည်။ ထိုဖော်ပြမှုများသည် ကလင်တန်အတွက် ထိုးနှက်ချက်တစ်ခုဖြစ်နိုင်ကြောင်း သိရသည်။ **(အင်န်အိတ်ချ်ကေ)**

# အိုင်အက်စ်အကြမ်းဖက်စစ်သွေးကြွအဖွဲ့ ဒရုန်းယာဉ်များအား လက်နက်သဖွယ်အသုံးပြု

**ဘဂ္ဂဒက် အောက်တိုဘာ ၁၃**

အိုင်အက်စ်အကြမ်းဖက်စစ်သွေးကြွအဖွဲ့သည် ဒရုန်းယာဉ်များအား လက်နက်သဖွယ် အသုံးပြုလျက်ရှိကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက သတိပေးမှုများပြုလုပ်ခဲ့သည်။ အီရတ်မြောက်ပိုင်း ကာ့ဒ်တိုက်ခိုက်ရေးတပ်ဖွဲ့များက ပျက်စီးသွားသည့် ဒရုန်းတိုက်ခိုက်ရေးယာဉ်အား ၎င်းတို့၏စခန်းသို့ စုံစမ်းမှုပြုရန် ယူဆောင်လာခဲ့ကြောင်း ပင်တဂွန်စစ်ဌာနချုပ်ကပြောသည်။

အဆိုပါဒရုန်းယာဉ်မှာ ရုတ်တရက်ပေါက်ကွဲမှုဖြစ်ပွားခဲ့၍ ကာ့ဒ်တိုက်ခိုက်ရေးသမားနှစ်ဦးသေဆုံးခဲ့သည်။ ထို့အပြင် လေ့ကျင့်ပေးနေသော ပြင်သစ်အထူးတပ်ဖွဲ့ဝင်နှစ်ဦးလည်း ဒဏ်ရာရရှိခဲ့သည်။ အဆိုပါဒရုန်းယာဉ်မျိုးမှာ အွန်လိုင်းတွင် ဝယ်ယူရရှိနိုင်သော အမျိုးအစားဖြစ်ပြီး ဖောက်ခွဲပစ္စည်းတပ်ဆင်ကာ အချိန်ကိုက်ပေါက်ကွဲအောင် ပြုလုပ်နိုင်ကြောင်းသိရသည်။ အိုင်အက်စ်စစ်သွေးကြွများသည် အီရတ်ရှိ အမေရိကန်တပ်ဖွဲ့များနှင့် အီရတ်တပ်ဖွဲ့ များထံမှ အချက်အလက်များရယူရန် ဒရုန်းယာဉ်များကို စေလွှတ်နေကြောင်းသိရ သည်။ နောက်ဆုံးဖြစ်ပျက်မှုက အိုင်အက်စ်အဖွဲ့သည် ဒရုန်းယာဉ်များကို လက်နက်သဖွယ် အသုံးပြုနေကြောင်းသိရသည်။

ယခုလအစောပိုင်းက ပေါက်ကွဲမှုဖြစ်ပွားခဲ့သော ဒရုန်းယာဉ်နှစ်စင်းကို နယူးယောက်တိုင်းမ်သတင်းစာက အတည်ပြုခဲ့သည်။ ဒရုန်းပေါ်သို့ တင်ဆောင်သွားနိုင်သည့် ပေါက်ကွဲစေတတ်သော ပစ္စည်းများသည် အကန့်အသတ်ရှိသော်လည်း အကြမ်းဖက်အဖွဲ့များသည် ဒရုန်းယာဉ်များအား လက်နက်အဖြစ် ပိုမိုအသုံးချနိုင်ကြောင်း သတိပေးမှုများမြင့်တက်လာသည်။

**(အင်န်အိတ်ချ်ကေ)**

# အမေရိကန်စစ်ဘက်က ရေတပ်ဖျက်သင်္ဘောအား တိုက်ခိုက်မှု လက်တုံ့ပြန်သည့်အနေဖြင့် ဒုံးကျည်ဖြင့်ပြန်လည်တိုက်ခိုက်

**ဝါရှင်တန် အောက်တိုဘာ ၁၃**

အမေရိကန်စစ်ဘက်က အောက်တိုဘာ ၁၃ ရက်တွင် အီရန်မိတ်ဖက် ဟူသီသူပုန် တပ်ဖွဲ့များ ထိန်းချုပ်ရာနယ်မြေမှ အမေရိကန် ရေတပ်ဖျက်သင်္ဘောအား ဒုံးကျည်ဖြင့်တိုက်ခိုက်မှုကို လက်တုံ့ပြန်သည့်အနေဖြင့် ဒုံးကျည်ဖြင့် ပြန်လည်တိုက်ခိုက်ခဲ့ကြောင်း အမေရိကန်အရာရှိများက ပြောသည်။



အမေရိကန်သမ္မတ ဘားရက်အိုဘားမားခွင့်ပြုချက်ဖြင့် အမေရိကန်က ဟူသီသူပုန်ထိန်းချုပ်ရာ ဒေသသို့ ဒုံးကျည်များ ပစ်လွှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အမည်မဖော်လိုသူ အမေရိကန် အရာရှိများက အမေရိကန်ရေတပ်ဖျက်သင်္ဘော ယူအက်စ်အက်စ် နက်ဇ်ကတိုမာဟော့ခ်ဒုံးကျည်အား ဒေသစံတော်ချိန် နံနက် ၄ နာရီဝန်းကျင်တွင် ပစ်လွှတ်ခဲ့ကြောင်း ပြောခဲ့သည်။

ဒုံးကျည်ဖြင့် ပစ်လွှတ်တိုက်ခိုက်သည့်နေရာသည် ယီမင်ရှိ မူခါမြောက်ပိုင်းနှင့် ခိုကာအနီး ရက်စ်အက်စ်ဆာဒေသမှဖြစ်ကြောင်း အရာရှိများကအတည်ပြုဖော်ပြခဲ့သည်။

**(ရိုက်တာ)**

# နိုင်ငံရေးရပ်တည်ချက်တွေ မတူညီပေမယ့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်လိုက်တဲ့ ရုရှားနဲ့တူရကီ

**ချူးစန္ဒီမွေး**

ရုရှားနဲ့ အမေရိကန်တို့ဟာ ဆီးရီးယားပြည်တွင်းစစ်နဲ့ပတ်သက်ပြီး နှစ်နိုင်ငံဆက်ဆံရေးအခြေအနေတွေ တင်းမာလာခဲ့ပါတယ်။ အဲဒီအချိန်မှာပဲ ရုရှားသမ္မတပူတင်ဟာ အရှေ့အလယ်ပိုင်းဒေသအတွက် အရေးပါတဲ့နိုင်ငံတစ်နိုင်ငံဖြစ်တဲ့ တူရကီနဲ့ဆက်ဆံမှုတွေနွေးထွေးလာစေဖို့ ကြိုးပမ်းလာခဲ့ပါတယ်။ အောင်မြင်မှုရလဒ်အနေနဲ့ကတော့ တစ်ချိန်တုန်းက တူရကီနဲ့ဆက်ဆံရေး မပြေမလည်ဖြစ်ခဲ့တာတွေကို ချန်ရစ်ထားနိုင်ခဲ့ပါပြီ။ တူရကီနဲ့ ရင်းနှီးတဲ့ဆက်ဆံရေးကို တစ်ဖန်ဆန်းသစ်နိုင်ခဲ့ပါပြီ။ အောက်တိုဘာ ၁၀ ရက်က တူရကီနိုင်ငံ အစ္စတန်ဘူလ်မှာ ပြုလုပ်ခဲ့တဲ့ ဆွေးနွေးပွဲမှာ ယခင်တုန်းကရပ်ဆိုင်းထားတဲ့ တူရကီနိုင်ငံနဲ့အတူ ပူးပေါင်းလုပ်ဆောင်မယ့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းကို ပြန်လည်စတင်ဖို့ သဘောတူညီချက်ရခဲ့ပါတယ်။ အဲဒီပိုက်လိုင်းစီမံကိန်းကတော့ သဘာဝဓာတ်ငွေ့တွေကို ပင်လယ်နက်ကိုဖြတ်ပြီးတော့ တူရကီနိုင်ငံကိုပို့မယ်။ ပြီးတော့ ဂရိကိုဖြတ်မယ် အဲဒီကမှတစ်ဆင့် အနောက်နိုင်ငံတွေရဲ့ စျေးကွက်ကိုရောက်မယ်။ ဒီနည်းအရဆိုရင် အရှေ့ဥရောပကိုဖြတ်ပြီး ပို့ဆောင်ရမယ့် ပိုက်လိုင်းတွေကို အသုံးပြုစရာမလိုတော့ပါဘူး။ ဒီလိုသာဆိုရင်ရုရှားတို့ဟာ အိမ်နီးချင်း ယူကရိန်းကိုဓာတ်ငွေ့ဖြတ်တောက်ရာမှာ ပိုပြီးတော့လွယ်ကူလာမှာဖြစ်ပြီး အီတလီနဲ့ဩစတြီးယားတို့နဲ့လည်း အရောင်းအဝယ် ပြတ်တောက်တော့မှာ မဟုတ်ပါဘူး။ ဒါကြောင့်မို့ ရုရှားတို့ဟာ တူရကီနဲ့အတူ ပူးပေါင်းလုပ်မယ့် အဲဒီဓာတ်ငွေ့ပိုက်လိုင်းလမ်းကြောင်းကို အကောင်အထည်ဖော်နိုင်ဖို့ နှစ်ပေါင်းများစွာကြာအောင် အားစိုက်ထုတ်ဆောင်ရွက်ခဲ့တာပဲဖြစ်ပါတယ်။

၂၀၁၅ ခုနှစ် နိုဝင်ဘာလက ဆီးရီးယားနယ်စပ်မှာ ရုရှားတိုက်လေယာဉ်ကို တူရကီတို့က ပစ်ချခဲ့ပါတယ်။ ရုရှားလေယာဉ်မှူးဟာလည်း သေဆုံးသွားခဲ့ပါတယ်။ အဲဒီကိစ္စနဲ့ပတ်သက်ပြီး ရုရှားနဲ့တူရကီတို့ဟာ ဆက်ဆံရေး မကျေမလည်ဖြစ်ခဲ့တာပါ။ အဲဒီအချိန်ကစပြီး သမ္မတပူတင်ဟာ တူရကီကို သွားရောက်ခြင်းမရှိခဲ့ပါဘူး။ ဒါပေမယ့် တူရကီသမ္မတ အာဒိုဂန်ဟာ ရုရှားတိုက်လေယာဉ်ပစ်ချခံခဲ့ရတာနဲ့ပတ်သက်ပြီး တောင်းပန်ခဲ့တဲ့နောက်ပိုင်းမှာတော့ နှစ်နိုင်ငံဆက်ဆံရေးတွေ ပြန်ပြီးပြေပြစ်လာခဲ့ပါတယ်။ ဒါကြောင့်မို့လည်း တူရကီနိုင်ငံမှာပြုလုပ်တဲ့ အပြည်ပြည်ဆိုင်ရာ စွမ်းအင်ညီလာခံကို သမ္မတပူတင်တက်ရောက်ခဲ့တာပဲ ဖြစ်ပါတယ်။

တူရကီနဲ့ရုရှားတို့ နှစ်ဖက်စလုံးကနေ ဆက်ဆံရေး ပြန်လည်အဆင်ပြေဖို့ နည်းလမ်းတွေရှာဖွေခဲ့ကြတာဟာ နှစ်နိုင်ငံလုံးဟာ နိုင်ငံရေးအရ အထီးကျန်ဖြစ်နေတဲ့ နိုင်ငံတွေမဟုတ်ဘူးဆိုတာ ပြဖို့ရယ်နဲ့ ဆီးရီးယားအရေးအဖြေရှာဖို့အတွက် အဓိကကျတဲ့နေရာကနေ ပါဝင်ဆဲပဲဆိုတာ ပြသဖို့ပဲဖြစ်ပါတယ်။ တူရကီနိုင်ငံဟာ တစ်ချိန်တုန်းက အရှေ့အလယ်ပိုင်းမှာ အမေရိကန်ရဲ့ အဓိကမဟာမိတ်နိုင်ငံလည်း ဖြစ်ပါတယ်။ အခုအချိန်မှာတော့ သမ္မတအာဒိုဂန်ဟာ အမေရိကန်တို့ကို အမြင်မကြည်ပါဘူး။ ဇူလိုင်လကအတွင်းက တူရကီနိုင်ငံအတွင်းမှာဖြစ်ပွားခဲ့တဲ့ မအောင်မြင်တဲ့ အာဏာသိမ်းမှုနောက်ကွယ်က ကြိုးကိုင်သူကို အမေရိကန်တို့က လွှဲပြောင်းမပေးခဲ့ပါဘူး။ ဒုတိယအချက်ကတော့ သမ္မတအာဒိုဂန်က ကာ့ဒ်တွေကို တူရကီ နိုင်ငံရဲ့လုံခြုံရေးကို ခြိမ်းခြောက်နေတဲ့ စစ်သွေးကြွတွေလို့မြင်ပါတယ်။ ဒါပေမယ့် အမေရိကတို့ကတော့ ကာ့ဒ်တွေဟာ ဆီးရီးယားမှာရှိတဲ့ အိုင်အက်စ်တို့ကို အဓိကချေမှုန်းနေတဲ့သူလို့ ယူဆပါတယ်။ ဒါတွေကတော့ အမေရိကန်နဲ့ တူရကီတို့ကြားက မကျေလည်မှုတွေပါ။ ရုရှားနဲ့ အမေရိကန်တို့ကတော့ ဆီးရီးယားအရေးနဲ့ပတ်သက်ပြီး တစ်ဖက်နဲ့တစ်ဖက် အပြန်အလှန် စွပ်စွဲကြရာကနေ တင်းမာလာတာပဲဖြစ်ပါတယ်။ "သမ္မတပူတင်ဟာ ဒေသတွင်းက ပြဿနာတွေကို ဖြေရှင်းဖို့ သမ္မတအာဒိုဂန်နဲ့ လူချင်းတွေ့ပြီး အခြေအနေ ဆွေးနွေးမှုတွေ လုပ်ချင်တယ်။ ဒီအချက်ဟာ လတ်တလောဖြစ်ပေါ်နေတဲ့ အမေရိကန်နဲ့ရုရှားတို့ရဲ့ မပြေလည်မှုအတွက် အဓိကအရေးပါတဲ့ အချက်ဖြစ်လာနိုင်တယ်" လို့ အာရှနဲ့ အရှေ့အလယ်ပိုင်းစင်တာရဲ့ မဟာဗျူဟာမြောက် လေ့လာရေးအကြီးအကဲ အန်နာဗီဂလာဇိုဗာက သုံးသပ်ခဲ့ပါတယ်။ ယခုလအစောပိုင်းကလည်း တူရကီသမ္မတဟာ ဆီးရီးယားအရေးနဲ့ပတ်သက်ပြီး အမေရိကန်နဲ့ရုရှားတို့ သူ့ကြောင့် ငါ့ကြောင့် အပြန်အလှန်စွပ်စွဲနေတာတွေကို ရပ်တန့်ပြီး ဆီးရီးယားမှာ အပစ်အခတ်ရပ်စဲရေး ဆောင်ရွက်ကြဖို့ တိုက်တွန်းပြောဆိုခဲ့ပါတယ်။ ဒါတွေအပြင် ဒုက္ခသည်တွေကို နေရာချထားပေးတဲ့ နယ်စပ်တစ်လျှောက် ဆီးရီးယားမှာ မပျံသန်းရဇုန်တွေ တည်ထောင်ပေးဖို့ကိုလည်း သမ္မတအာဒိုဂန်က လိုလားပါတယ်။

သမ္မတပူတင်နဲ့ သမ္မတအာဒိုဂန်တို့နှစ်ဦးတည်း ဆွေးနွေးကြတဲ့အခါမှာတော့ ဆီးရီးယားမှာပြုလုပ်နေတဲ့ တူရကီရဲ့စစ်ဆင်ရေးတွေနဲ့ နယ်စပ်တစ်လျှောက် အိုင်အက်စ်စစ်သွေးကြွတွေကို ပူးပေါင်းချေမှုန်းဖို့ ဆွေးနွေးခဲ့ကြတယ်လို့ သတင်းစာရှင်းလင်းပွဲမှာ သမ္မတအာနိုဂန်က ဖြေကြားခဲ့ပါတယ်။ ဒါ့အပြင် လူသားချင်းစာနာထောက်ထားမှု အကူအညီတွေပေးဖို့လည်း ဆွေးနွေးခဲ့ကြတယ်လို့ သူကပြောပါတယ်။ သမ္မတပူတင်ကတော့ သူရော မစ္စတာအာဒိုဂန်ရောဟာ ဆီးရီးယားမှာဖြစ်ပွားနေတဲ့ သွေးထွက်သံယိုမှုတွေကို အမြန်ဆုံးအဆုံးသတ်ချင်တယ်။ နိုင်ငံရေးအရ အဖြေရှာမှုတွေကို အစောဆုံးပြုလုပ်ချင်တယ်လို့ ဖြေကြားခဲ့ပါတယ်။ သမ္မတနှစ်ဦးကတော့ သူတို့နှစ်ဦးစလုံးမှာ ရပ်တည်ချက် မတူညီတာတွေရှိနေသေးပေမယ့် ကုန်သွယ်မှုနဲ့ပတ်သက်ရင်တော့ ခိုင်မာတဲ့ရင်းနှီးမှုတွေကို တည်ဆောက်ထားဖို့ လိုလားတယ်လို့ ဆိုပါတယ်။ ဘယ်လိုအကြောင်းနဲ့မှ နှစ်နိုင်ငံကုန်သွယ်မှုကို ထိခိုက်မခံနိုင်ဘူးလို့ဆိုတာပါ။ ဘာလို့လဲဆိုတော့ ကုန်သွယ်မှုကနေ နှစ်ဦးနှစ်ဖက် အကျိုးအမြတ်ရစရာတွေ အများကြီးရှိနေလို့ပါပဲ။ အောက်တိုဘာ ၁၀ ရက်မှာ ပြုလုပ်ခဲ့တဲ့ ဓာတ်ငွေ့ပိုက်လိုင်း သဘောတူညီမှု လက်မှတ်ရေးထိုးပွဲမှာတော့ သမ္မတပူတင်က စီးပွားရေးကိစ္စတွေ၊ ခရီးသွားလုပ်ငန်းနဲ့ နိုင်ငံရေးကိစ္စတွေမှာ နှစ်နိုင်ငံ ဆွေးနွေးညှိနှိုင်းမှုတွေကို ဆက်လက်လုပ်ဆောင်သွားဖို့ဝန်ကြီးတွေနဲ့ ကျွမ်းကျင်သူတွေကို မှာကြားခဲ့ပါတယ်။ ဒါ့အပြင် ရုရှားတိုက်လေယာဉ်ပစ်ချခံရပြီးတဲ့နောက်ပိုင်း တူရကီနိုင်ငံရဲ့ စိုက်ပျိုးရေးထွက်ကုန်တွေကို ရုရှားကိုတင်ပို့ဖို့ ပိတ်ဆို့ခဲ့တာတွေကိုပါ ဖယ်ရှားတော့မယ်လို့ သမ္မတပူတင်က ကြေညာခဲ့ပါတယ်။

တူရကီနဲ့အတူ ပူးပေါင်းလုပ်မယ့် ဓာတ်ငွေ့ပိုက်လိုင်းစီမံချက်ကတော့ ဘူလ်ဂေးရီးယားကနေတစ်ဆင့် ဖြတ်သွားတဲ့ပိုက်လိုင်းနေရာမှာ အစားထိုးဖို့ကြံရွယ်တာပါ။ ဘာလို့လဲဆိုတော့ ယူကရိန်းပဋိပက္ခစကတည်းက ဥရောပသမဂ္ဂက အဲဒီပိုက်လိုင်းအစီအစဉ်ကို ပိတ်ဆို့ခဲ့လို့ပါ။ ဥရောပနိုင်ငံအချို့နဲ့ အမေရိကန်တို့ကတော့ အခုတူရကီနဲ့ အတူလုပ်မယ့် ပိုက်လိုင်းစီမံချက်ကို မနှစ်မြို့ကြပါဘူး။ ဒါကတော့ ရုရှားနိုင်ငံအတွက် ပထဝီနိုင်ငံရေးအရ အားသာချက်တစ်ခုပါပဲ။

တူရကီနဲ့ရုရှားတို့ဟာ စီးပွားရေးအရပူးပေါင်းဆောင်ရွက်မှုတွေရှိနေပေမယ့် ဆီးရီးယားပြည်တွင်းစစ်မှာတော့ ရပ်တည်ချက်ခြင်းမတူညီပါဘူး။ ရုရှားတို့ဟာ ဆီးရီးယားသမ္မတ အာဆတ်ရဲ့တပ်ဖွဲ့ဝင်တွေအတွက် လေကြောင်းကနေ ပစ်ကူပေးတယ်။ တူရကီကတော့ သူပုန်တွေဘက်ကနေ ထောက်ခံခဲ့တာပါ။ ဒါပေမယ့်လည်း ဆီးရီးယားနိုင်ငံအတွင်းက ကာ့ဒ်တွေအင်အားကြီးထွားလာမှာကိုတော့ မလိုချင်ပြန်ပါဘူး။ တူရကီနဲ့ရုရှားတို့ ဆက်ဆံရေးတွေ မပြေလည်မီတုန်းကတော့ "တူရကီရဲ့လုပ်ရပ်ဟာ အကြမ်းဖက်သမားတွေကို ထောက်ခံအားပေးရာရောက်တယ်။ တူရကီဟာ အိုင်အက်စ်တွေဆီကနေ ရေနံကိုအောက်စျေးနဲ့ ဝယ်တယ်" လို့ ရုရှားတို့က စွပ်စွဲခဲ့ဖူးပါတယ်။ အဲဒီစွပ်စွဲချက်တွေကိုလည်း တူရကီအာဏာပိုင်တွေက အပြတ်အသတ်ငြင်းဆိုခဲ့ပါတယ်။ "တူရကီနဲ့ရုရှားတို့ဟာ အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့အတွက် အချင်းချင်းယှဉ်ပြိုင်မှုတွေနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကတော့ ရှိနေမှာပါပဲ။ သူတို့ကိုနီးကပ်သွားစေတဲ့ အဓိကအကြောင်းအရာကတော့ တူရကီနဲ့ ရုရှားနှစ်နိုင်ငံစလုံးဟာ အမေရိကန်နဲ့ အဆင်မပြေဖြစ်နေတာပါပဲ။" အန်နာဗီဂလာဇိုဗာက သုံးသပ်ပြခဲ့ပါတယ်။

**ကိုးကား-သည်နယူးယောက်တိုင်းမ်(စ်)**
**၁၀-၁၀-၂၀၁၆**

**သမ္မတနှစ်ဦးကတော့ သူတို့နှစ်ဦးစလုံးမှာ ရပ်တည်ချက် မတူညီတာတွေ ရှိနေသေးပေမယ့် ကုန်သွယ်မှုနဲ့ ပတ်သက်ရင်တော့ ခိုင်မာတဲ့ရင်းနှီးမှုတွေကို တည်ဆောက်ထားဖို့ လိုလားတယ်လို့ ဆိုပါတယ်။ ဘယ်လိုအကြောင်းနဲ့မှ နှစ်နိုင်ငံကုန်သွယ်မှုကို ထိခိုက်မခံနိုင်ဘူးလို့ဆိုတာပါ။ ဘာလို့လဲဆိုတော့ ကုန်သွယ်မှုကနေ နှစ်ဦးနှစ်ဖက် အကျိုးအမြတ် ရစရာတွေ အများကြီးရှိနေ**





## အလက်ပိုအရှေ့ပိုင်းတွင် ဗုံးများထပ်မံကြဲချရာ နှစ်ရက်အတွင်း လူပေါင်း ၁၄၅ဦး သေဆုံး

**အလက်ပို အောက်တိုဘာ ၁၃**

အလက်ပိုအရှေ့ပိုင်းတွင် ဗုံးများထပ်မံကြဲချမှုကြောင့် အောက်တိုဘာ ၁၁ နှင့် ၁၂ ရက် နှစ်ရက်အတွင်း လူပေါင်း ၁၄၅ဦး သေဆုံးခဲ့ကြောင်း အရပ်ဘက်ကာကွယ်ရေးခေါင်းဆောင် အမ်မာ အယ်လ် ဆယ်လ်မိုက ပြောကြားခဲ့သည်။

ရက်အတော်များများအား တိုက်ခိုက်မှုမပြုဘဲ ပြည်သူများကို ထွက်ခွာခွင့်ပြုပြီးနောက် အောက်တိုဘာ ၁၁ ရက်က အလက်ပိုသူပုန်ထိန်းချုပ်ရာဒေသများတွင် လေကြောင်းမှတိုက်ခိုက်မှုများ တစ်ဖန်အင်အားပြင်းထန်လာခဲ့သည်။

အလက်ပိုမြို့သည် နှစ်ပေါင်းအတော်ကြာအောင် အစိုးရနှင့် သူပုန်ထိန်းချုပ်ရာနေရာများ ဖြစ်ခဲ့သည်။ ဗုံးကြဲတိုက်ခိုက်ခြင်းများသည် အလွန်ပြင်းထန်ကြောင်း ဆယ်လ်မိုက ရိုက်တာသို့ အောက်တိုဘာ ၁၃ ရက်က ပြောကြားခဲ့သည်။

အီရန်စစ်ရေးထောက်ပံ့မှု၊ ရုရှားလေကြောင်းပစ်ကူမှုနှင့်အတူ လွန်ခဲ့သောလက အလက်ပိုရှိသူပုန်ထိန်းချုပ်ရာဒေသများကို ပြန်လည်ရရှိရေးအတွက် ဆီးရီးယားတပ်မတော်က တိုက်စစ်ဖွင့်ခဲ့သည်။

(ရိုက်တာ)

**မောင်တင်**

# အင်းဝအပ်ချုပ်ဆိုင်မိသားစုအမှု တရားလိုအား စတင်စစ်ဆေး

ရန်ကုန် အောက်တိုဘာ ၁၃

**အိမ်အကူ အမျိုးသမီးငယ်နှစ်ဦးအား ညှဉ်းပန်းနှိပ်စက်ခဲ့မှုနှင့် ပတ်သက်၍ ကျောက်တံတားမြို့နယ် အင်းဝအပ်ချုပ်ဆိုင်မှ ဆိုင်ပိုင်ရှင် ဒေါ်တင်သူဇာ အပါအဝင် ခြောက်ဦးအမှုအား ဒုတိယရဲမှူးကြီး မျိုးသိန်းက တရားလိုပြုလုပ်ကာ အမှုအမှတ် ၁၁၀/ ၁၆ ဖြင့် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံး၌ တရားလိုဘက်ကို အမှုစတင်စစ်ဆေးသည်။**



အင်းဝအပ်ချုပ်ဆိုင်ပိုင်ရှင် ဒေါ်တင်သူဇာ၊ ခင်ပွန်း ကိုလတ် (ခ) မိုဟာမက် ရှဖီး၊ သားတင်မင်းလတ်(ခ)ဖိုက်ဇယ်၊ သမီးမစုမွန်လတ်၊ ရာဇာထွန်းနှင့်မသီရိလတ်တို့ ခြောက်ဦးအား စက်တင်ဘာ ၂၀ ရက်က ကျောက်တံတားမြို့မရဲစခန်း၌ လူကုန်ကူးမှုတားဆီးရေး ဥပဒေဖြင့် အမှုဖွင့်ခဲ့ပြီး အနောက်ပိုင်းခရိုင် တရားရုံးသို့ တရားစွဲဆိုတင်ပို့ခဲ့ရာမှ ယနေ့တရားစွဲဆိုခံထားရသူများဘက်မှ ငှားရမ်းထားသောရှေ့နေများ စုံပြီဖြစ်၍ တရားလိုဘက်အဖြစ် ဆောင်ရွက်သည့် ဒုတိယရဲမှူးကြီး မျိုးသိန်းအား အမှုနှင့်ပတ်သက်၍ စတင်စစ်ဆေးသည်။

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်မှ မစန်းကေခိုင်နှင့် မသဇင်တို့သည် လွန်ခဲ့သောငါးနှစ်က အဆိုပါ အင်းဝအပ်ချုပ်ဆိုင်၌ အိမ်အကူများအဖြစ် လုပ်ခလစာ တစ်လငွေကျပ် ၂၀၀၀၀ (ကျပ်နှစ်သောင်း)နှုန်းဖြင့် အလုပ်လုပ်ခဲ့ကြောင်း၊ ယင်းတို့သည် ၂၀၁၄ ခုနှစ် စက်တင်ဘာလနောက်ပိုင်း လုပ်ခလစာများရရှိတော့ခြင်းမရှိကြောင်း၊ အုပ်ထိန်းသူမိဘများနှင့်လည်း တွေ့ခွင့်မပြုတော့ကြောင်း၊ ယင်းအိမ်အကူ အမျိုးသမီးနှစ်ဦးသည် ရဲတပ်ဖွဲ့၏စစ်ဆေးတွေ့ရှိချက်အရ လက်ချောင်း ၁၀ ချောင်းစလုံး လှန်ချိုးထားသဖြင့် လက်ဆစ်များ သာမန်ထက်ကြီးနေပြီး လှုပ်ရှား၍ မရသည့်အနေအထားဖြစ်ကြောင်း၊ ခန္ဓာကိုယ်အနှံ့ အခြားသော ဒဏ်ရာများလည်းတွေ့ရကြောင်း တရားခွင်၌ စစ်ဆေးမှုများအရ သိရသည်။

ထို့အတူ မသဇင်မှာလည်း နှာခေါင်းတွင် ဓားဖြင့်ခုတ်ခံထားရသည့်အမာရွတ် တွေ့ရှိရကြောင်း၊ ညာဘက်ခြေသလုံးတွင်လည်း ရိုက်နှက်ထားသောဒဏ်ရာများ တွေ့ရှိရကြောင်း၊ ၎င်းတို့အား ယခုအခါ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ရဲတပ်ဖွဲ့၏ ကူညီပို့ဆောင်ပေးမှုဖြင့် ဆေးကုသပေးလျက်ရှိကြောင်း သိရသည်။

“ကျွန်တော်တို့ ဒီအမှုမှာ လုပ်အားပေါ် ခေါင်းပုံဖြတ်ခြင်း၊ အတင်းအဓမ္မ ကျွန်ပြုခိုင်းစေခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းဆိုတဲ့အချက်တွေဟာ လူကုန်ကူးမှုဥပဒေနဲ့ ငြိစွန်းနေတဲ့အတွက် ဥပဒေနဲ့အညီ တရားစွဲဆိုရတာဖြစ်ပါတယ်”ဟု တရားလိုအဖြစ်ဆောင်ရွက်သော ဒုတိယရဲမှူးကြီး မျိုးသိန်းက ပြောသည်။

“ဒီအမှုက အခြားအမှုတွေနဲ့ မတူပါဘူး၊ သာမန်အမှုတွေမှာ နစ်နာသူက တိုင်ချက်ဖွင့်တယ်။ ပြီးတော့မှ ရဲအရာရှိက စစ်ဆေးပြီးအမှုဖွင့်တယ်။ ဒီအမှုကျတော့ တိုင်ချက်မဖွင့်မီမှာ အမှုအတွက် အသေးစိတ်စုံစမ်းစစ်ဆေးပြီးမှ အမှုဖွင့်တာဖြစ်တယ်။ ဒီအချက်ကွာခြားမှုရှိပါတယ်”ဟု ကိုလတ်နှင့် တင်မင်းလတ်တို့ရှေ့နေအဖြစ် ဆောင်ရွက်ပေးသည့် တရားလွှတ်တော်ရှေ့နေ ဦးမျိုးညွန့်က ပြောသည်။

“ကျွန်မတို့အနေနဲ့ ဘယ်သူ့ကိုမှ မနစ်နာစေချင်ပါဘူး။ ဥပဒေဆိုတာ အမှန်တရားအတွက် အားလုံးလိုက်နာနိုင်အောင် ဆောင်ရွက်ထားတာဖြစ်ပါတယ်။ အမှန်တရားအတွက် အစွမ်းကုန်ကြိုးစားသွားမှာဖြစ်ပါတယ်”ဟု သီရိလတ်အတွက်ရှေ့နေအဖြစ် ဆောင်ရွက်ပေးသူ အထက်တန်းရှေ့နေ ဒေါ်နှင်းစုအောင်က ပြောသည်။

အဆိုပါအမှုကိုလာမည့် သီတင်းပတ် ကြာသပတေးနေ့တွင် အနောက်ပိုင်းခရိုင်တရားရုံး၌ ဆက်လက်စစ်ဆေးမည်ဖြစ်ပြီး တရားလိုဘက်မှ တင်ပြလာသည့် တရားလိုသက်သေများအား ဆက်လက်စစ်ဆေးသွားဖွယ်ရှိသည်။

**သတင်း-မြင့်မောင့်စိုး**

**ဓာတ်ပုံ-သက္က**

# ပဲခူးရိုးမအတွင်းမှထွက်လာသည့် တောဆင်ရိုင်းနှစ်ကောင်ကို တပ်ကုန်းမြို့နယ်အတွင်း၌ မေ့ဆေးသေနတ်ပစ် ဖမ်းဆီးခဲ့

**တပ်ကုန်း အောက်တိုဘာ ၁၃**

ပဲခူးရိုးမအတွင်းမှ ထွက်လာသည့် တောဆင်ရိုင်းနှစ်ကောင်ကို နေပြည်တော် တပ်ကုန်းမြို့နယ်၏ တောင်ဘက် ငါးမိုင်ကျော်ခန့် ကင်းသာကျေးရွာအုပ်စု ကင်းသာကျေးရွာ၊ ရေဆင်းကြိုးပြင်ကွင်းအတွင်း ရန်ကုန်-မန္တလေးကားလမ်းဟောင်း မိုင်တိုင်အမှတ် (၂၇၀/၇) အရှေ့ဘက် ကိုက် ၁၀၀ ခန့်အကွာနေရာ၌ သက်ဆိုင်ရာ တာဝန်ရှိသူများ၊ ဆင်တာဝန်ခံများ ထက်ကြပ်မကွာလိုက်ပြီး အောက်တိုဘာ ၁၃ ရက် နံနက် ၁၁ နာရီခွဲက မေ့ဆေးသေနတ်ဖြင့် ပစ်ကာဖမ်းဆီးခဲ့ကြောင်း သိရသည်။

“ကျွန်တော်တို့အနေနဲ့ ဒီတောဆင်ရိုင်းနှစ်ကောင်ကို စက်တင်ဘာ ၂၄ ရက်ကတည်းက စလိုက်ခဲ့တာပါ။ ပဲခူးရိုးမ ငလိုက်ချောင်းဝင်းအတွင်းကနေ ထွက်လာတာဖြစ်ပါတယ်။ အဲဒီကနေ လောလေယာဉ်ကွင်း၊ အဲဒီကနေ ရှမ်းရိုးမ တောင်ပေါ် ပေါင်းလောင်းချောင်းကို ဖြတ်ကျော်တယ်။ နောက် ပလောင်းရွာ၊ နန်ချိုကြိုးဝိုင်း၊ အောက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းကနေ ဒီနေ့ ဒီရေဆင်းကြိုးဝိုင်းထဲကို ရောက်ရှိလာခဲ့တယ်။ ရေဆင်းကြိုးဝိုင်းထဲကို ရောက်တဲ့အခါမှာ တပ်နယ်ဧရိယာလည်းဖြစ်တယ်။ လူတွေနဲ့ အနေနီးတဲ့အတွက် ဆင်လိမ္မာနဲ့မျှားပြီး ဒီဆင်တွေကို မေ့ဆေးနဲ့ ပစ်ပြီး ဖမ်းဆီးခဲ့တာ ဖြစ်ပါတယ်။ ကံကောင်းတာတစ်ခုက လမ်းခရီးတစ်လျှောက်လုံးမှာ လူတစ်စုံတစ်ယောက်ကိုမှ အန္တရာယ်မပြုခဲ့ဘူး။ အဆောက်အအုံတွေလည်း မဖျက်ဆီးခဲ့ဘူး။ သီးနှံစိုက်ခင်းအနည်းငယ် စားရုံကလွဲပြီး ဘာအန္တရာယ်မှ မပြုခဲ့ပါဘူး”ဟု ဆင်ဖမ်းတာဝန်ရှိသူတစ်ဦးဖြစ်သည့် ဒေါက်တာ တင်ထွန်းအောင်က ပြောသည်။

အဆိုပါ တောဆင်ရိုင်းဖမ်းဆီးရေးတွင် တပ်ကုန်းတပ်နယ်မှ တာဝန်ရှိသူများ၊ မြန်မာ့သစ်ထုတ်လုပ်ရေးအဖွဲ့မှ ဒုတိယ အထွေထွေမန်နေဂျာ ဦးအောင်မြင့်ဒွေးနှင့်အဖွဲ့ဝင်များ၊ ဆင်ဆရာဝန် ဒေါက်တာတင်ထွန်းအောင်အဖွဲ့၊ ဆင်ကျွမ်းကျင်အဖွဲ့များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစနေထွန်းနှင့်အဖွဲ့၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစိန်ပေါ်နှင့်အဖွဲ့ ပူးပေါင်း၍ ဖမ်းဆီးခဲ့ကြသည်။

ယင်းဆင်နှစ်ကောင်မှာ အရပ် ငါးပေ၊ ၁၁ လက်မ၊ လုံးပတ် ငါးပေ၊ နှစ်လက်မခန့်ရှိ ငါးနှစ်သားခန့်အရွယ် အထီးတစ်ကောင်နှင့် အရပ် ခုနစ်ပေ၊ တစ်လက်မ၊ လုံးပတ် ၁၄ ပေ၊ နှစ်လက်မခန့်ရှိ ၁၂ နှစ်သားခန့်အရွယ် အမတစ်ကောင်တို့ဖြစ်ကြောင်း၊ ဖမ်းဆီးထားသည့် တောဆင်ရိုင်းများအား ပဲခူးတိုင်း အလယ်ရိုးမ မြောက်ဇာမဏီ ဘေးမဲ့ကြိုးဝိုင်းသို့ ဆက်လက်ပို့ဆောင်မည်ဖြစ်ကြောင်း သိရသည်။



တောဆင်ရိုင်းတစ်ကောင်အား ဆင်ယဉ်ကြီးတစ်ကောင်နှင့်အတူ တွေ့ရစဉ်

ဓာတ်ပုံ-မောင်မွှေး

**သတင်း-တင်မောင်လွင်**
**(မြန်မာ့အလင်း)**


**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၄ဝယ/၃ဝ၂၅၅ Yes Sumbo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကြည် ၉/မနမ(နိုင်) ၀၁၅၆၃၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်ဝင်းမိုးကျော် ၈/ တတက (နိုင်) ၂၃၆၄၇၆၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၀၉၀၉၂၅**

**ဖခင်အမည်မှန်**

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ အထက(နတ်ကြီးချောင်) တက္ကသိုလ်ဝင်တန်း(B)မှ မဖြိုးပြည့်ခိုင်၏ ဖခင်အမည်မှန်မှာ ဦးကျော်ဝင်း ၁၀/ပမန(နိုင်)၀၅၁၁၅၆ဖြစ်ပါသည်။ **ဦးကျော်ဝင်း**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်မျိုးလွင် ၈/ရစက (နိုင်) ၁၆၇၄၇၁၏ နိုင်ငံကူးလက်မှတ်အမှတ် MA-566740 မှာ ခရီးသွားစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၃၁၅၇၉၆၈**

**အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်**

ဦးအောင်ကြည် ၉/မသန(နိုင်) ၀၄၁၂၀၇၏သမီး မစန်းလွင်၏အမည်မှန်မှာ မစမ်းလွင် ၉/မသန(နိုင်) ၀၄၁၄၈၅ ဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၁၃၂၃ ဝါဆိုလဆန်း ၁၃ရက် ဖြစ်ပါသည်။

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် ၁၈ယ/၆၀၆၀ KENBO 125 မော်တော်ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရှန် ၄/ဟခန(နိုင်)၀၀၇၃၂၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(ဟားခါး)**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ်၂၀ယ/၄၉၅၂၊Stream YMS-125ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးလှိုင်ဝင်းထွဋ် ၁၄/ကကန(နိုင်)၁၁၀၀၀၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

**သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း**

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ ရွှေစေတီလမ်း၊ အမှတ် ၆၃နေ ဦးတင်မောင်ညွန့် - ဒေါ်ဌေးဌေးဝင်းတို့၏သမီး မလွင်နှင်းသက်ဦးသည် ၂၂-၈-၂၀၁၆ ရက်တွင် မိမိသဘော ဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောင်နောင် ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စမျှ တာဝန်ယူဖြေရှင်းမည်မဟုတ်ပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဦးတင်မောင်ညွန့် ၇/ပခတ(နိုင်) ၀၀၀၁၁၀**
**ဒေါ်ဌေးဌေးဝင်း ၁၄/ပသန(နိုင်) ၁၄၆၉၈၀**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် ၈ည/၁၇၆၃၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 7F/5265, ယာဉ်လက်ဝယ်ရှိသူ ဦးနေလင်းမောင် ၁၀/ပမန (နိုင်) ၁၃၈၀၀၅က ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(သထုံ)**

ဆရာအာသာ ၏သင်ကြားမှု(၂၅)နှစ်ပြည့်(1991-2016)အထိမ်းအမှတ် အထူးအစီအစဉ်

SUCCESS Language Academy

ကျောင်းသားသစ် (15% Discount) နှင့် ကျောင်းသားဟောင်း (ပုံမှန် Discount + 15%)

(မြို့လယ်ကျောင်း)
အမှတ်(၁၁၉)၊Y.W.C.A ဘိုကလေးဈေးလမ်း
Ph: 392048,256954,202046

BASIC ENGLISH SPEAKING
1 - 2:30 (Mon~Thurs) 31 Oct
7:30 - 9 (Mon~Thurs) 7 Nov
9 - 12:00 (Sat + Sun) 13 Nov

BASIC FOUR SKILLS ENGLISH
1 - 4:00 (Sat + Sun) 23 Oct
1 - 2:30 (Mon ~ Thurs) 31 Oct
3:30 - 5 (Mon ~ Thurs) 31 Oct
10 - 11:30 (Mon ~ Thurs) 9 Nov
7:30- 10:30 (Sat + Sun) 13 Nov
7:30 - 9 (Mon ~ Thurs) 15 Nov

BASIC WRITING
1 - 4:00 (Sat + Sun) 19 Nov

PRE-INTERMEDIATE (4-SKILL ENGLISH)
7:30 - 9 (Mon ~ Thurs) 24 Oct
1 - 2:30 (Mon ~ Thurs) 7 Nov
10-11:30 (Mon ~ Thurs) 9 Nov
6 - 7:30 (Mon ~ Thurs) 15 Nov

INTERMEDIATE (ACADEMIC ENGLISH)
3:30 - 5 (Mon ~ Thurs) 7 Nov
7:30 - 9 (Mon ~ Thurs) 15 Nov
1 - 2:30 (Mon ~ Thurs) 28 Nov

VOCAB ENRICHMENT
7:30 - 9 (Mon ~ Thurs) 17 Oct
9 - 12:00 (Sat + Sun) 23 Oct

BASIC GRAMMAR
3:30 - 5 (Mon ~ Thurs) 19 Oct
7:30 - 9 (Mon ~ Thurs) 15 Nov

လှည်းတန်းကျောင်းခွဲ
ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းယဉ်တိုက်)
Ph: 01-503472, 09 73001453, 09 30775232

BASIC ENGLISH SPEAKING
7:30 - 9 (Mon~Thurs) 17 Oct
6 - 7:30 (Mon~Thurs) 17 Oct
1 - 2:30 (Mon~Thurs) 25 Oct

BASIC GRAMMAR
1 - 2:30 (Mon~Thurs) 7 Nov
7:30-10:30 (Sat + Sun) 26 Nov

IELTS (Writing+Grammar)
12:30-3:30 (Sat + Sun) 3 Dec

IELTS (Preparation)
7:30-9:30 (Mon~Thurs) 15 Nov
1 - 4:30 (Sat + Sun) 19 Nov

IELTS (Speaking + Vocab)
7:30 - 9 (Mon~Thurs) 17 Oct

IELTS (Reading + Vocab)
10 - 12:00 (Mon~Thurs) 7 Nov

BASIC FOUR SKILLS ENGLISH
7:30 - 9 (Mon~Thurs) 24 Oct
3:30 - 5 (Mon~Thurs) 24 Oct
10-11:30 (Mon~Thurs) 25 Oct
4:30-7:30 (Sat + Sun) 29 Oct

PRE-INTERMEDIATE (4-SKILL ENGLISH)
10-11:30 (Mon~Thurs) 7 Nov
3:30 -5 (Mon~Thurs) 15 Nov

INTERMEDIATE (ACADEMIC ENGLISH)
7:30 - 9 (Mon~Thurs) 15 Nov

IELTS (Grammar + Vocab)
10-11:30 (Mon~Thurs) 24 Oct

IELTS (Writing+Grammar)
7:30 - 9 (Mon~Thurs) 28 Nov


**ငြင်းချက်ထုတ်ရန်သမ္မန်စာ**
**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**သံတွဲမြို့နယ်တရားရုံး**
**၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၃၃**

ဒေါ်သိန်းသိန်းမြ(ခ)ဒေါ်အော်ပဒါ **နှင့်** ၁။ ဒေါ်သီတာစိုး
၂။ ကိုစိုးမိုး
၃။ ဦးမောင်စိုး
၄။ ဒေါ်သောင်းဌေး

**တရားလို** **တရားပြိုင်များ**

ရခိုင်ပြည်နယ်၊ သံတွဲခရိုင်၊ သံတွဲမြို့နယ်၊ မျှော့ဝမ်းကျေးရွာအုပ်စု၊ မျှော့ဝမ်းကျေးရွာနေ ဒေါ်သီတာစိုး(ဘ)ဦးမောင်စိုး (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်သိန်းသိန်းမြ(ခ)အော်ပဒါက ကုန်ပစ္စည်းများဝယ်ယူရန် ကြိုတင်ပေးထားသောငွေ ၁၁၅၀၀၀၀၀/-ကျပ်တိတိ၊ ငွေ(တစ်ရာတစ်ဆယ့်ငါးသိန်းကျပ်တိတိ)ကို စာရင်းရှင်းလင်းပေး၍ တရားပြိုင်မှအလွဲသုံးစားပြုထားသော ငွေ၈၃၀၀၀၀၀/-တိတိ၊ ငွေ(ရှစ်ဆယ့်သုံးသိန်းကျပ်)တိတိကို ရလိုကြောင်းနှင့်လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့၏ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်သက်ဆိုင်သည့် အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၂၄ ရက် (၁၃၇၈ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၈ ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်အမည်ပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာစေရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၆ ခုနှစ် စက်တင်ဘာ ၂၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဦးသိန်းထွန်း)**
**မြို့နယ်တရားသူကြီး**
**သံတွဲမြို့နယ်တရားရုံး**

# တာချီလိတ် ရှင်းမန်နှင့် ရှင်းဒါ ရတနာရွှေဆိုင်၌ ငွေကျပ်သိန်း ၈၀၀ ကျော်တန်ဖိုးရှိ ရတနာပစ္စည်းများ ခိုးယူခံရ

**တာချီလိတ် အောက်တိုဘာ ၁၃**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ မယ်ခေါင်ရပ်ကွက်ရှိ ရှင်းမန်နှင့် ရှင်းဒါ စိန်၊ ရွှေ ၊ ပလက်တီနမ် ရတနာဆိုင်၌ အောက်တိုဘာ ၁၂ ရက် နံနက်ပိုင်းက ငွေကျပ်သိန်း ၈၀၀ ကျော် တန်ဖိုးရှိ ရတနာပစ္စည်းများ ပျောက်ဆုံးမှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရွှေဆိုင်ပိုင်ရှင်ဖြစ်သူ ဦးချစ်ထူးသည် မိသားစုဝင်များနှင့်အတူ စန်းလုကျေးရွာရှိ ကောက်သစ်စားပွဲသို့ သွားရောက်စဉ် အောက်တိုဘာ ၁၂ ရက် နံနက် ၉ နာရီခန့်က အိမ်တွင်ကျန်ရစ်ခဲ့သည့် တူမဖြစ်သူက အောက်ထပ်ရှိ ရွှေဆိုင်ရှိုးကေ့စ်အတွင်း ထည့်ထားသည့် ရွှေထည်များ ပျောက်ဆုံးနေကြောင်း ဖုန်းဆက်အကြောင်းကြားသဖြင့် နေအိမ်သို့ ပြန်လာပြီး စစ်ဆေးခဲ့ရာ ကျောက်စိမ်း ၊ စိန်၊ ရွှေနှင့် ပလက်တီနမ်ဖြင့် ပြုလုပ်ထားသည့် ရတနာပစ္စည်းများ စုစုပေါင်း တန်ဖိုးငွေကျပ် ၈၂၀၆၃၀၀၀ ခိုးယူခံရကြောင်း သိရသည်။

အဆိုပါ ရတနာပစ္စည်းများ ပျောက်ဆုံးမှုအတွက် ပိုင်ရှင်ဖြစ်သူ ဦးချစ်ထူက တရားလိုပြုတိုင်တန်းသဖြင့် တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့်လှစ်၍ ရတနာပစ္စည်းများ ဖောက်ထွင်းခိုးယူသူကို အမြန်ဆုံးဖော်ထုတ်ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝေယံလင်း(မြန်/ဆက်)**

**လူတိုင်းကိုယ်စီရှောင်ကြဉ်ခြင်း တစ်ပြည်လုံးမှာ မူးယစ်ကင်း**



# စဉ့်ကိုင်မြို့နယ်၌ ဖဲလောင်းကစားနေသူများအား ဖမ်းဆီးအရေးယူ

**မန္တလေး အောက်တိုဘာ ၁၃**

စဉ့်ကိုင်မြို့နယ်ရဲတပ်ဖွဲ့မှူး၊ စဉ့်ကိုင်မြို့မရဲစခန်းမှူး တို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁၁ ရက်က လောင်းကစားသတင်းအရ စဉ့်ကိုင်မြို့ တရုတ်စုရပ်ကွက်နေ မခိုင်ဇာစိုး၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ မခိုင်ဇာစိုး၊ ဇော်ဦး၊ ဖုန်းကျော်၊ ချစ်သူမောင်၊ ဝင်းနိုင်၊ ကျော်ဦး၊ တေဇ၊ နိုင်စိုး၊ အောင်နိုင်ထွန်း၊ ကောင်းဇော်ဖြိုး၊ ဇော်ထက်အောင်၊ အောင်ကျော်မင်း၊ စိုးထက်ဝေ၊ မစန်းစန်းမြင့်၊ ဒေါ်နိုင်နိုင်စိုး၊ ဒေါ်ကြည်အောင် တို့ကို ဖဲလောင်းကစားရာတွင် အသုံးပြုသည့် ပစ္စည်းများ၊ လောင်းကြေးငွေကျပ် ၁၁၂၃၄၅၀ ၊ လက်ကိုင်ဖုန်း ရှစ်လုံး၊ ဆိုင်ကယ် ခုနစ်စီးနှင့်အတူ တွေ့ရှိဖမ်းဆီးရမိသဖြင့် မခိုင်ဇာစိုးပါ ၁၆ ဦး **(အပေါ်ပုံ)** ကို စဉ့်ကိုင်မြို့မရဲစခန်းက ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ဗိုလ်တထောင်မြို့နယ်၌ ဖြစ်ပွားခဲ့သည့် လူသတ်မှုမှ ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးရမိ

**ရန်ကုန် အောက်တိုဘာ ၁၃**

သာကေတမြို့နယ်မှ ကိုအောင်သူသည် အောက်တိုဘာ ၆ ရက် ည ၉ နာရီခွဲခန့်က ၎င်းအိမ်ငှားနေထိုင်သော ဗိုလ်တထောင်မြို့နယ်သို့ ပြန်သွားပြီးနောက် ဖခင်ဖြစ်သူက ဖုန်းဆက်သွယ်ရာမရရှိသဖြင့် အောက်တိုဘာ ၈ ရက် နံနက် ၁ နာရီခွဲခန့်က ဗိုလ်တထောင်မြို့မရဲစခန်းမှ လှည့်ကင်းရဲတပ်ဖွဲ့ဝင်များနှင့်အတူ ၎င်းငှားရမ်းနေထိုင်သည့်တိုက်ခန်းသို့ သွားရောက်ရှာဖွေရာ ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိရပြီး မော်တော်ယာဉ်မှာလည်း ပျောက်ဆုံးနေသဖြင့် ဗိုလ်တထောင်မြို့မရဲစခန်း၌ အမှုဖွင့်ကာ ပြစ်မှုကျူးလွန်သူကို စုံစမ်းဖော်ထုတ်ခဲ့သည်။

အဆိုပါအမှုမှ ပျောက်ဆုံးသွားသည့် Mark II မော်တော်ယာဉ်မှာ ဗိုလ်တထောင်မြို့နယ် (၄၃)လမ်းနှင့် ကမ်းနားလမ်းထောင့်၌ ရပ်ထားသည်ကို အောက်တိုဘာ ၈ ရက် နေ့လယ်ပိုင်းက ပြန်လည်တွေ့ရှိခဲ့သဖြင့် စုံစမ်းခဲ့ရာ ရန်ကုန်ဆေးရုံကြီး၌ အောက်တိုဘာ ၇ ရက် နံနက် ၄ နာရီခွဲခန့်က ခွဲစိတ်ကုသမှုခံယူနေသူ သာကေတမြို့နယ်နေ ပိုင်မင်းဆက် (၂၀ နှစ်)ကို မသင်္ကာဖွယ်တွေ့ရှိရသဖြင့် စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ အဆိုပါအမှုကို ၎င်းက ကျူးလွန်ခြင်းဖြစ်ကြောင်း၊ ၎င်းနှင့် သေဆုံးသူတို့မှာ အောက်တိုဘာ ၅ ရက်က သိရှိခင်မင်ခဲ့ပြီး ကိုအောင်သူ၏ နေအိမ်သို့ သွားရောက်၍ ဘီယာသောက်ခဲ့ပြီး အောက်တိုဘာ ၇ ရက် နံနက် ၁ နာရီခန့်က စကားများရန်ဖြစ်ရာမှ မီးဖိုခန်းအတွင်းမှ စတီးဓားဦးချွန်ဖြင့် ထိုးခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းနောက် အဝတ်ဗီရိုအတွင်းရှိ အဝတ်အစားများကို လဲလှယ်ဝတ်ဆင်ပြီး သေဆုံးသူ၏ လက်ကိုင်ဖုန်း နှစ်လုံး၊ လက်ပ်တော့ တစ်လုံးနှင့် မော်တော်ယာဉ်တို့ကို ယူဆောင်ကာ တိမ်းရှောင်လာခဲ့ပြီး အခင်းဖြစ်စဉ်က ၎င်း၏ယာလက်တွင်ရရှိခဲ့သည့် ဒဏ်ရာကို ဆေးကုသမှုခံယူနေခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် ၎င်းကို ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

# ဖန်းမောက်မြို့နယ်၌ ငွေကျပ် သိန်း ၂၈၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းမိ

**ဖန်းမောက် အောက်တိုဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဖန်းမောက်မြို့နယ် မင်းကုန်းရွာသစ်ကျေးရွာ၌ ငွေကျပ်သိန်း ၂၈၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁၂ ရက် ညနေ ၄ နာရီခန့်က ဖန်းမောက်မြို့နယ်မှူးရုံးမှ ရဲမှူး နေထွန်းနှင့် တပ်ဖွဲ့ဝင်များပါဝင်သော အဖွဲ့သည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းရွှေတို့နှင့် ပူးပေါင်း၍ ဖန်းမောက်မြို့နယ် မင်းကုန်းရွာသစ်နေ ထွန်းရွှေ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူ ၂၈၇ ဒသမ ၅၀ ဂရမ်(ကာလတန်ဖိုး ငွေကျပ် ၂၈၇၅၀၀၀၀) နှင့်အတူ ငွေစက္ကူရောရာ ငွေကျပ်သိန်း ၆၀ ကို တွေ့ရှိရသဖြင့် သိမ်းဆည်းခဲ့သည်။

သို့ဖြစ်၍ မူးယစ်ဆေးဝါးလက်ဝယ်ထားရှိသူ ထွန်းရွှေ(၆၁ နှစ်) မင်းကုန်းရွာသစ် ဖန်းမောက်မြို့နယ်နေသူကို အမှုဖွင့်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

# သကြားတင်ဆောင်လာသော ၁၈ ဘီးတွဲယာဉ် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးထိုးကျ

**ဒိုက်ဦး အောက်တိုဘာ ၁၃**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် အိမ်ခြေလေးဆယ်ကျေးရွာအုပ်စု အောင်သုခကျေးရွာ၌ အောက်တိုဘာ ၁၃ ရက် နံနက် ၁၁ နာရီခန့်က သကြားများတင်ဆောင်လာသော ၁၈ ဘီးတွဲယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးထိုးကျခဲ့ကြောင်း သိရသည်။

ဒိုက်ဦးမြို့မရဲစခန်း၌ ဒုရဲအုပ်မျိုးမင်းဦး တာဝန်မှူး ဆောင်ရွက်နေစဉ် ယာဉ်တစ်စီး ထိုးကျတိမ်းမှောက်နေကြောင်း သတင်းအရ သွားရောက်စစ်ဆေးရာ ဒိုက်ဦးမြို့ ရန်ကုန်-မန္တလေး ကားလမ်းဟောင်း မိုင်တိုင်အမှတ် (၈၃/၃-၄) ကြား၌ ရန်ကုန်မှ မန္တလေးသို့ ယာဉ်မောင်း သီဟ (၂၉ နှစ်)မန္တလေးတိုင်းဒေသကြီးနေသူ မောင်းနှင်လာသော ယာဉ်အမှတ် 5L/---- ၁၈ ဘီးတွဲယာဉ်သည် သကြားများတင်ဆောင်မောင်းနှင်လာစဉ်အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးထိုးကျခဲ့သဖြင့် ယာဉ်မောင်း သီဟနှင့်အတူ ယာဉ်နောက်လိုက် နှင်းမောင်တို့ ဒဏ်ရာ(မစိုးရိမ်ရ)ရရှိခဲ့ပြီး ယာဉ်မောင်းကို ဒိုက်ဦးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**သတင်း-နေလင်း၊ လှလှဝင်း(ညောင်လေးပင်)**



# သာစည်မြို့ သံလမ်းဂိတ်ကြီးအနီး၌ လူတစ်ဦး ရထားကြိတ်မိ

**သာစည် အောက်တိုဘာ ၁၃**

သာစည်မြို့လယ်ရှိ မိတ္ထီလာ-တောင်ကြီး အဝေးပြေးကားလမ်းမကြီး လမ်းဆုံရာ သံလမ်းဂိတ်ကြီး၏ တောင်ဘက် မိုင်တိုင်အမှတ် (၃၀၅/၁၂ နှင့် ၃၀၅/၁၃)ကြား၌ အောက်တိုဘာ ၁၃ ရက် နံနက် ၂ နာရီခွဲက လူတစ်ဦးအမြန်ရထား ကြိတ်ခံရကြောင်း သတင်းအရ မီးရထားရဲတပ်ဖွဲ့စခန်းမှ စခန်းမှူး ရဲအုပ် မင်းနိုင်နှင့် ရဲတပ်ဖွဲ့ဝင်များက အခင်းဖြစ်ပွားရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါရထားကြိတ်ခံရသူမှာ ခြေထောက် နှစ်ဖက်ပြတ်နေကြောင်း တွေ့ရှိသဖြင့် စေတနာရှင်လူမှုကူညီရေးအသင်းပိုင်ယာဉ်ဖြင့် သာစည်ဆေးရုံသို့ တင်ပို့ခဲ့ပြီး ထိုမှတစ်ဆင့် မိတ္ထီလာဆေးရုံကြီးသို့ ဆက်လက်တင်ပို့ရာ မိတ္ထီလာဆေးရုံကြီး၌ သေဆုံးသွားခဲ့သည်။ သေဆုံးသူမှာ နိုင်ထူး (၃၂ နှစ်)အင်းပူမြို့နယ် ကျုံတော ကျေးရွာနေသူဖြစ်ကြောင်း သိရပြီး ၎င်းသည်အရက်မူးလွန်၍ ရန်ကုန်-မန္တလေး သံလမ်းပေါ်၌ အိပ်ပျော်နေစဉ် ရထားကြိတ်ခံရခြင်းဖြစ်ကြောင်း သိရသည်။

**မောင်ကို(သာစည်)**


## "အထူးကျေးဇူးတင်ရှိခြင်း"

၁။ တာမွေမြို့နယ် တာမွေလေးရပ်ကွက် အရှေ့မြင်းပြိုင်ကွင်းလမ်းရှိ Sky Star Hotel ၌ အောက်တိုဘာ (၁၂) ရက် ညနေ ၂ နာရီ ၅၀ မိနစ်တွင် မီးကြိုးအပူလွန်ကဲပြီး မီးခိုးငွေ့ထွက်မှုဖြစ်စဉ်ဖြစ်ပွားခဲ့ပါသည်။

၂။ ၎င်းဖြစ်စဉ်ဖြစ်ပွားရာနေရာသို့ အချိန်မီလာရောက်ပြီး စေတနာထား ဆောင်ရွက်ပေးခဲ့ကြသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ လွှတ်တော်ကိုယ်စားလှယ်များ၊ လုပ်ငန်းတာဝန်များကို အချိန်တိုအတွင်း ပြီးမြောက်အောင် စနစ်တကျကျွမ်းကျင်စွာဖြင့် စေတနာထား ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြသော မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ ညွှန်ကြားရေးမှူးချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်၊ လသာမြို့နယ်တို့မှ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး၊ တာမွေမြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ တာမွေမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ အရှေ့ပိုင်းခရိုင်နှင့် တာမွေမြို့နယ်တို့မှ လျှပ်စစ်မန်နေဂျာ(စီမံ)များနှင့် တာဝန်ရှိသူများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာနခွဲနှင့် လျှပ်စစ်ဌာနခွဲမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ သတင်းမှန်များကို အချိန်မီ ဖော်ပြပေးသောမီဒီယာများနှင့် မိတ်ဆွေသင်္ဂဟအားလုံးတို့အား အထူးကျေးဇူးတင်ရှိပါသည်။

***Sky Star Hotel Management* နှင့် ဝန်ထမ်းများ**

# မြန်မာ့လက်ရွေးစင်အသင်း ဥရောပခရီးစဉ်မှ ပြန်လည်ရောက်ရှိ

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-ဖိုးသော်ဇင်**




မြန်မာ့လက်ရွေးစင်အသင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာစဉ်

**ရန်ကုန် အောက်တိုဘာ ၁၄**

မြန်မာ့လက်ရွေးစင်အသင်းသည် ဥရောပနိုင်ငံများတွင် သွားရောက်လေ့ကျင့်ခဲ့ပြီး ယနေ့နံနက် ၁၁ နာရီ မိနစ် ၄၀ တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာခဲ့သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ဥရောပနိုင်ငံများ၌ တစ်လကျော် သွားရောက်လေ့ကျင့်ခဲ့ပြီး ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် နိုဝင်ဘာလတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာဆီယံဆူဇူကီးဖလားပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်သည့်အနေဖြင့် သွားရောက်လေ့ကျင့်ခြင်းဖြစ်ပြီး ခြေစမ်းပွဲ ရှစ်ပွဲယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ဂျာမနီနိုင်ငံ၌ စက်တင်ဘာ ၁၁ ရက်မှ ၃၀ ရက်အထိ နေထိုင်လေ့ကျင့်ခဲ့ပြီး ဘယ်လ်ဂျီယံနှင့် နယ်သာလန်နိုင်ငံများသို့ သွားရောက်ကာ ခြေစမ်းပွဲ ငါးပွဲ ယှဉ်ပြိုင်ကစားခဲ့သည်။ အောက်တိုဘာလဆန်းပိုင်းတွင် ဆိုက်ပရပ်စ်နိုင်ငံသို့ ပြောင်းရွှေ့လေ့ကျင့်ခဲ့ပြီး ဆိုက်ပရပ်စ် ယူ-၂၁ လက်ရွေးစင်အသင်းအပါအဝင် ခြေစမ်းပွဲ သုံးပွဲ ယှဉ်ပြိုင်ကစားခဲ့သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ယှဉ်ပြိုင်ကစားခဲ့သည့် ခြေစမ်းပွဲ ရှစ်ပွဲတွင် လေးပွဲနိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံးနိမ့်ခဲ့သည်။ မြန်မာ့လက်ရွေးစင်အသင်းအုပ်ချုပ်သူ ဦးသန်းတိုးအောင်က "ဒီခြေစမ်းခရီးစဉ်က အသင်းအတွက် အလွန်ကို အကျိုးရှိပါတယ်။ ခြေစွမ်းကောင်းမွန်တဲ့အသင်းတွေနဲ့ ကစားရတာဖြစ်တာလို အသင်းအနေနဲ့ အများကြီးတိုးတက်မှုရှိလာပါတယ်။ ဒီခြေစွမ်းကို ဆက်ထိန်းနိုင်ဖို့တော့ လိုပါတယ်။ ဆူဇူကီးဖလား ပြိုင်ပွဲစတင်ဖို့ တစ်လကျော်သာ လိုသဖြင့် လက်ကျန်အချိန်တွေမှာ အကောင်းဆုံးပုံစံ ထပ်မံရရှိအောင် ကြိုးပမ်းသွားမှာပါ" ဟု ပြောကြားခဲ့သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ဥရောပခရီးစဉ်တွင် ကျန်ရှိသည့် ကစားသမား ၂၃ ဦး၊ အသစ်ထပ်မံရွေးချယ်ထားသည့် ကောင်းဆက်နိုင်နှင့် ဝင်းမင်းထွန်းတို့ နှစ်ဦးအပါအဝင် စုစုပေါင်း ၂၅ ဦးဖြင့် ယခုရက်ပိုင်းအတွင်း လေ့ကျင့်ပြင်ဆင်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ဆူဇူကီးဖလားပြိုင်ပွဲမတိုင်မီ နိုင်ငံတကာခြေစမ်းပွဲ နှစ်ပွဲ ယှဉ်ပြိုင်ကစားခွင့်ရရန် ကြိုးပမ်းလျက်ရှိပြီး နိုဝင်ဘာ ၄ ရက်တွင် အင်ဒိုနီးရှား လက်ရွေးစင်အသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်ကာ နောက်ထပ် တစ်ပွဲကစားခွင့်ရရန် အာရှအသင်းများကို ဖိတ်ကြားထားသည်။

မြန်မာနိုင်ငံအနေဖြင့် အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ပထမဆုံးအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းဖြစ်ပြီး နိုဝင်ဘာ ၁၉ ရက်မှ ၂၆ ရက်အထိ ကျင်းပမည်ဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ အုပ်စု(က) တွင် ဖိလစ်ပိုင်၊ လက်ရှိချန်ပီယံထိုင်း၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ အုပ်စု(ခ)တွင် မြန်မာ၊ ဗီယက်နမ်၊ မလေးရှား၊ ခြေစစ်ပွဲအောင် အသင်းတို့ ပါဝင်လျက်ရှိ သည်။ မြန်မာအသင်း အုပ်စုတွင် ပါဝင်လာမည့် ဆူဇူကီးဖလား ခြေစစ်ပွဲကို အောက်တိုဘာ ၁၅ ရက်မှ ၂၁ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး အိမ်ရှင် ကမ္ဘောဒီးယား၊ လာအို၊ တီမောနှင့် ဘရူနိုင်းအသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်ကာ တစ်သင်းသာ ခြေစစ်ပွဲအောင်မည်ဖြစ်သည်။

## လယ်ဝေးမြို့နယ် အုပ်ချုပ်ရေးမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ




**လယ်ဝေး အောက်တိုဘာ ၁၃**

ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူးဒိုင်း ရပ်/ကျေးပေါင်းစုံ အသက် ၂၀ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ယမန်နေ့ ညနေ ၃ နာရီက လယ်ဝေးမြို့ အားကစားလေ့ကျင့်ရေး စခန်း(၂)၌ ကျင်းပခဲ့သည်။

ဗိုလ်လုပွဲသို့ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်ဦး၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအေးထွဋ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးကျော်ကျော်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဘောလုံးဝါသနာရှင် ပြည်သူများ ကြည့်ရှုအားပေးခဲ့ကြသည်။ မြို့နယ်အုပ်ချုပ်ရေးမှူးဒိုင်း ဘောလုံး ပြိုင်ပွဲကို စက်တင်ဘာ ၅ ရက်က စတင်ကျင်းပခဲ့ပြီး မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ အသင်းပေါင်း ၁၆ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ယမန်နေ့ ကျင်းပသည့် ဗိုလ်လုပွဲတွင် သာဝတ္တိ(က)အသင်းက လယ်ဝေး(ခ)အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိကာ မြို့နယ်အုပ်ချုပ်ရေးမှူးဒိုင်းဆုကို ဆွတ်ခူးခဲ့သည်။

ပြိုင်ပွဲအပြီးတွင် တာဝန်ရှိသူများက အကောင်းဆုံးဂိုးသမားဆု၊ အကောင်းဆုံးရှေ့တန်း၊ နောက်တန်းနှင့် အကောင်းဆုံး ကစားသမားဆုများ၊ ဒုတိယရရှိသည့် လယ်ဝေး(ခ)အသင်းနှင့် ပထမဆုရရှိသည့် သာဝတ္တိ(က)အသင်းတို့အား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးကျော်ကျော်က တံခွန်စိုက်ဒိုင်းဆုကြီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **မင်းမင်းလတ်(ရှုပဗေဒ)**

## မုတ်သုံလေ အားနည်းနေ

**နေပြည်တော် အောက်တိုဘာ ၁၄**

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းနှင့် အလယ်ပိုင်းတို့၌ တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလား ပင်လယ်အော်တို့၌ မုတ်သုံလေအားနည်းနေသည်။ **(မိုး/ဇလ)**


Thu Maung Luxury Condominium



85% Completed
Unit A (1870)sqft
Unit B (1960)sqft

Facility
-Ground Floor Car Parking
-Elevator
-Pile Founation
-CCTV Security System
-Fire Fighting System

ရောင်းရန် (6) ခန်းသာ ကျန်တော့သည်။

လေးထောင့်ကန်လမ်းမ၊ UAB BANK အနောက်ဘက်၊ Za Wa Na Shopping Center, Orange Supermarket နှင့် သုဝဏ္ဏအားကစားကွင်းအနီး။

Contact
-Dr.D.Singh (Ph-09260747810)
-Dr.ဝသန္တ (Ph-09254271997)
- စိုးမိုးအောင် (Ph-09797628605)

**တေဇ(၂၂)**
**(၂၁)နှစ်မြောက်နှစ်ပတ်လည်နေ့အခမ်းအနားဖိတ်ကြားခြင်း**

အလုပ်သင်ဗိုလ်၊ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၂)၏ (၂၁)နှစ်မြောက် နှစ်ပတ်လည် အခမ်းအနားကို အောက်ဖော်ပြပါနေ့ရက်အစီအစဉ်များအတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် သူငယ်ချင်းများနှင့်မိသားစုများ တက်ရောက်နိုင်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

(က) **အမှတ်တရဂေါက်သီးရိုက်ပြိုင်ပွဲ**
(၁) **နေ့ရက်/အချိန်** - ၁၅-၁၀-၂၀၁၆ရက် ၆း၃၀နာရီ
(၂) **နေရာ** - ဟံသာဝတီဂေါက်ကွင်း၊ ပဲခူးမြို့

(ခ) **လှူဒါန်းမှုများပြုလုပ်ခြင်း**
(၁) **နေပြည်တော်** - ၂၀-၁၀-၂၀၁၆ရက် ၈း၀၀နာရီ ဂရုဏာကမ္ဘာ စစ်မှုဟောင်းဘိုးဘွားရိပ်သာ၌ အလှူငွေ ပေးအပ်ပွဲကျင်းပခြင်း
(၂) **ရန်ကုန်** - ၂၀-၁၀-၂၀၁၆ရက် ၁၀း၀၀ နာရီ ရဲဓမ္မာရုံအနီး ခေမာသီဝံကျောင်းတိုက်၌ သံဃာ(၆၀)ပါးအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းခြင်း

(ဂ) **ပညာရည်ချွန်ဆုပေးပွဲနှင့်ညစာစားပွဲ**
(၁) **နေ့ရက်/အချိန်** - ၂၀-၁၀-၂၀၁၆ရက် ၁၈း၃၀နာရီ
(၂) **နေရာ** - Yangon City Hotel (၈)မိုင်၊ ရန်ကုန်

**နှစ်ပတ်လည်ကျင်းပရေးကော်မတီ**

**CLAIMS DAY NOTICE**
**M.V PAGLIA VOY:NO(1)**

Consignees of cargo carried by M.V PAGLIA VOY: NO(1) are here by notified that the vessel will arrive on about 15-10-16 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

**တိုက်ခန်းရောင်းမည်**

- ယုဇနပလာဇာအနီး၊ စံပယ်လမ်း၊ လေးလွှာ၊
- မင်္ဂလာဈေးအနီး၊ 121 လမ်း၊ မြေညီ၊

**ဆက်သွယ်ရန်ဖုန်း-၀၉-၂၆၂၈၃၆၆၈**

**ဝန်ထမ်းအလိုရှိသည်**

အရောင်းစာရေး(မ) (၁)ဦး
ယာဉ်မောင်း(ကျား) (၁)ဦး
အကူလုပ်သား(ကျား) (၁)ဦး

လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်သည်။
ဆက်သွယ်ရန်-အမှတ် က/18 ကံ့ကော်လမ်းသွယ်(၃)၊ ဘုရင့်နောင်ပွဲရုံတန်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။

**ဖုန်း-၀၉-၇၈၂၉၅၆၄၈၅**


**ငြင်းချက်ထုတ်ရန် သမ္မန်စာ**
**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် တရားရုံး**
**၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ်- ၃၂**

ဦးထွန်းရှန် **နှင့်** ဦးယဉ်မင်းဖြိုး
**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၈) ရပ်ကွက်၊ အေးချမ်းသာယာလမ်း၊ အမှတ် ၂၆၇ နေ ဦးယဉ်မင်းဖြိုး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးထွန်းရှန်က တရားလိုပိုင်ခြံခတ်ထားသည့် မြေကွက်ပေါ်တွင် တရားပြိုင်မှ တရားလို ခြံတိုင်၏ အပြင်ဘက်မှ ထပ်မံပိုး၍ ကျူးကျော်ခြံတိုင်များ စိုက်ထားသဖြင့် ဖယ်ရှားပေးစေလိုမှု စွဲဆိုထားသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၂၅ ရက် (၁၃၇၈ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၉ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်သည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ ခုနှစ် အောက်တိုဘာ ၁၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ယဉ်မွန်စိုး)**
**တွဲဖက်မြို့နယ်တရားသူကြီး (၃)**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် တရားရုံး**

**အမှားပြင်ဆင်ချက်**

၃-၉-၂၀၁၆ရက် မြန်မာ့အလင်း သတင်းစာ (စာ-၂၅) ပါ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာတွင်စစ်တွေမြို့၊ ရဲနွယ် စုရပ်ကွက်၊ အကွက်အမှတ်(၂၂)ပလုတ်တောင်မြောက်အကွက်၊ ဦးပိုင်အမှတ် (၄၁/၉၈)၊ မြေချိန်ဧရိယာ(၀ဒသမ ၀၃၅)ဧကအစား ဦးပိုင်အမှတ်(၄၁/၉၈)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**တစ်ဦးတည်းဖြစ်ပါကြောင်း**

သထုံမြို့နယ်၊ သိမ်ကုန်းရပ်ကွက်၊ ခရိုင်ပြည်သူ့ဆေးရုံဝင်းနေ ဒေါ်စိုးသန္တာဌေး(ခ) ဒေါ်စိုးသန္တာ ၉/ပသက(နိုင်)၁၀၁၄၃၄မှာ တစ်ဦးတည်း ဖြစ်ကြောင်းနှင့် မွေးသက္ကရာဇ်အမှန်မှာ ၉-၁၀-၁၉၉၀ ဖြစ်ပါကြောင်း။ **ဒေါ်စိုးသန္တာဌေး(ခ)ဒေါ်စိုးသန္တာ**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 8F/4573 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် ၆က/၅၇၈၇ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၄ဟ/၃၅၆၇ JIANSHE 250 T/W ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဝင်းနိုင် ၈/မလန(နိုင်)၀၁၀၇၂၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး (မူဆယ်)၊မူဆယ်မြို့**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်ဝေဠုကျော် ၈/မသန(နိုင်)၁၅၉၇၂၀၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၀၀၉၀၉၂၅**

**ဖခင်အမည်မှန်**

အင်းစိန်မြို့နယ် အလက (၁၂) ဒသမတန်းမှ မောင်မျိုးမင်းအောင်၏ ဖခင်အမည်မှန်မှာ ဦးတင်ချို (၁၄/ဟသတ(နိုင်)၂၀၄၉၆၂) ဖြစ်ပါကြောင်း။
ဦးတင်ချို

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၅ယ/၄၀၂၀ Honda C90, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသက်နိုင်ထွန်း ၉/မလန(နိုင်)၀၀၀၅၇၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

ဥပဒေအတွေး ရေးပါရစေ၊ အပိုင်း(၃၈)

# မှတ်မှတ်သားသား ပြင်ဆင်ချက်များ



## ဦးဟန်ညွန့်(ဥပဒေ)

**အနိမ့်ဆုံးတာဝန်**

"ဥပဒေလေ့လာသူတစ်ယောက်အနေနဲ့ အနိမ့်ဆုံးတာဝန်က ဘာလဲ။ ရှေ့နေကောင်းတစ်ယောက်ဖြစ်ချင်တယ် ဆရာ။ **တိုတိုနဲ့ လိုရင်းပြောပြပါ။**"ဟု အလုပ်သင်ရှေ့နေတစ်ဦးက မေးလာပြန်ပါသည်။

**စာဖတ်ပေါ့ကွာ**

"စာဖတ်ပေါ့ကွာ"ဟုကျွန်တော်ပြောလိုက်သည်။ "ဘယ်လိုဖတ်ရမှာလဲ" ဟု ထပ်မေးပြန်သည်။ **စုံအောင်ဖတ်ပါ** ဟု ထပ်ပြောပြသည်။ "ဘယ်လိုစုံအောင်ဖတ်ရမလဲ"ဟု ထပ်ကွန့်သည်။ ဥပဒေပြင်ဆင်ချက်တွေ သိပါစေ။ သိအောင်လုပ်။ သိအောင်ဖတ်ဟု ပြောရပြန်သည်။ ဩော်-မဆုံးနိုင်သော လွှတ်တော်ကလည်း ကြိုးစားပမ်းစား သုတေသနပြုသည်။ ဥပဒေပညာရှင်များ၏ အကူအညီဖြင့် ပညာပေးနေသည်။ လူငယ်တွေ မှတ်ကြပေရော့။ မှတ်စုစာအုပ်တွေ အသင့်ထား။ ကွန်ပျူတာစနစ်အသုံးချ။ ယနေ့ခေတ်က လေ့လာမှတ်သားစရာတွေ စုံသည်။ တွေးမနေနှင့်။ ငေးမနေနှင့်။ လေ့လာလျှင် လေ့လာသလောက် အကျိုးများသည်။ ဥပဒေပြင်ဆင်ချက်တွေ များသည်။ သတိထားပါ။ မှတ်သားပါ။ မှတ်၍ မကုန်နိုင်။ လက်တွေ့ကျင့်။

**စကားရပ်များ အစားထိုးသည့် ဥပဒေများ**

စကားရပ်များ အစားထိုးသည့် ဥပဒေများ ရှာဖွေလေ့လာသင့်သည်။ ဥပဒေအဆက်ဆက် တွက် ချက်ပြုစုပါ။ နှစ်အလိုက် ဥပဒေပေါင်းချုပ်များ စုဆောင်းပါ။ လေ့လာပါ။ ဥပဒေစာကြည့်

**ဥပဒေပညာရှင်များ၏ အကူအညီဖြင့် ပညာပေးနေသည်။ လူငယ်တွေ မှတ်ကြပေရော့။ မှတ်စုစာအုပ်တွေ အသင့်ထား။ ကွန်ပျူတာစနစ်အသုံးချ။ ယနေ့ခေတ်က လေ့လာမှတ်သားစရာတွေ စုံသည်။ တွေးမနေနှင့်။ ငေးမနေနှင့်။ လေ့လာလျှင် လေ့လာသလောက် အကျိုးများသည်။ ဥပဒေပြင်ဆင်ချက်တွေများသည်။ သတိထားပါ။ မှတ်သားပါ။ မှတ်၍ မကုန်နိုင်။ လက်တွေ့ကျင့် . . .**

သူ့မေးခွန်း။ လွယ်လွယ်ကူကူနှင့် ခပ်ချောင်ချောင်၊ ခပ်လွယ်လွယ်၊ ပေ့ါပေ့ါဆဆနှင့် ပညာရှိဖြစ်ချင်သူ ရှေ့နေပေါက်စကလေးပေပဲ။ ဤသို့ မမြင်။ သည်းခံခွင့်လွှတ်လျက် စိတ်ရှည်လက်ရှည် ရှင်းပြဖို့ ရှေ့နေအိုကြီးများ၏ တာဝန်။ အမြင်ကြည်လင်ပါစေ။ တတ်သမျှ မှတ်သမျှ ရှာဖွေသင်ပြ။ အချို့က မသင်ပြချင်။ ပညာမပေးချင်။ မျိုးဆက်သစ်တို့ တိုးတက်ရစ်ဖို့ အမွေပေးခဲ့ကြပါလေ။ လူငယ်တွေကလည်း လေးလေးစားစား၊ ကြိုးစားပမ်းစား။ မှတ်မှတ်သားသား။ အပြန်အလှန် မမေ့ကြရန်။

**ပြင်ဆင်ချက်များ**

ဥပဒေစာရင်းတွေ သတင်းစာမှာပါသည်။ ဝန်ကြီးဌာနအလိုက် ကျင့်သုံးဆဲ ဥပဒေစာရင်းဖြစ်သည်။ ပြည်သူ့တိုက်များသို့ မပျက်မကွက်သွားပါ။ တည်ဆဲဥပဒေပေါင်းချုပ် ပြုစုထားသောသုတေသီများ၏ မှတ်စုရယူပါ။ ခေတ်ပြား၊ တိပ်ခွေတွေနှင့်ပင် အသင့်ပြုစုထားပြီးသားတွေ ရှိနေပြီ။ လေ့လာချင်စိတ်၊ ဆည်းပူးချင်စိတ်၊ အပင်ပန်းခံချင်သည့်စိတ် ရှိဖို့သာအရေးကြီးသည်။ ရှေ့နေကောင်းတစ်ယောက်ဖြစ်ဖို့၊ ပေါက်ရောက်အောင်မြင်ဖို့ ရောင်ခြည်သစ်ဖွင့်လှစ်ပေရော့...။ ဘေးထိုင်မနေနှင့်။ ဘုမပြောနှင့်။ ယဉ်ကျေးစေ။

**ကိုယ့်နိုင်ငံအကြောင်း**

ကိုယ့်နိုင်ငံအကြောင်းလောက်တော့ အနည်းဆုံး သိထားသင့်သည်။ **ဥပမာ၊** ရာဇသတ်ကြီးဥပဒေပုဒ်မ ၂ အကြောင်းဆိုပါစို့။ ခဏနားထောင်ပါ။

ဤပုဒ်မတွင် မူလက " the said territories " ဆိုသည့် စကားရပ်ကို " British Burma" ဆိုသည့်စကားရပ်ဖြင့် အစားထိုးခဲ့သည်။

**[The Government of (Adaptation of Laws) order, 1937]**

ပြည်ထောင်စုမြန်မာနိုင်ငံကို The Union of Burma ဟုအင်္ဂလိပ်ဘာသာဖြင့်ရေးသည်။ ၁၉၇၄ ခုနှစ်တွင် "ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်"ဟု ပြောင်းလဲခေါ်သည်။ ထို့နောက်"ပြည်ထောင်စုမြန်မာနိုင်ငံ" ဟု ပြင်ဆင်သည်။

**(စကားရပ်များ အစားထိုးသည့်ဥပဒေအမှတ် ၈/၈၈ တွင် အကျယ်လေ့လာရန်)**

Union of Burma နှင့် Burma ဟု ကွဲပြားရေးသေးသည်။ ထို့နောက် Union of Myanmar ထို့နောက် Myanmar ဟု အတိုခေါ် ပြန်သည်။ ရေးပြန်သည်။

**(စကားရပ်များပြောင်းလဲသတ်မှတ်သည့်ဥပဒေအမှတ် ၁၅/၈၉ ကိုအကျယ့်လေ့လာရန်)**

"ပြည်ထောင်စုမြန်မာနိုင်ငံတော်" ကို "ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်" ဟု ပြင်သည်။

**(၂၀၁၁ ခုနှစ်စကားရပ်များ အစားထိုးခြင်းဆိုင်ရာ ဥပဒေအမှတ် ၁၁/၂၀၁၁ တွင် အကျယ်လေ့လာရန်)**

**အခြေခံဥပဒေ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ပုဒ်မ ၂တွင်-

**"နိုင်ငံတော်ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဟု ခေါ်တွင်ရမည်"**

**[The State Shall be Known as the Republic of the Union of Myanmar]** ဟုဖော်ပြပြဋ္ဌာန်းသည်။

**ရာဇသတ်ကြီး**

ဥပဒေပြင်ဆင်ချက်များ အများအပြားရှိသည်။ အားလုံးအနက် **ရာဇသတ်ကြီးကို ပြင်ဆင်သည့် ဥပဒေအမှတ် ၆/၂၀၁၆** ကိုဖြင့် အနည်းဆုံးသိမှဖြစ်မည်။ လူငယ်တွေကသိပြီးသားဖြစ်မှာပါ။ ဤမျှမည့့်ပါ။ ပြင်ဆင်ချက်ဖတ်ပြီးလျှင် ဘာလုပ်မည်လဲ။ ပြင်ဆင်ချက်ဆိုသည့်အတိုင်း ဆိုင်ရာဥပဒေအဟောင်းကို အသစ်ပြင်ဆင်ချက်ဖြင့် ပြင်ထားပါ။ ပြင်ဆင်မှတ်သားပါ။ ပြင်ဆင်ပြီးကြောင်း မင်နီဖြင့် မှတ်သားလက်မှတ်ရေးထိုးပါ။ ဤမျှအသေးစိတ်ရေးပြနေသည်မှာ ပိုလွန်းလှသည်ဟု ထင်ပါသလား။

**ရက်စွဲနှင့်ဥပဒေအမှတ်**

ဘယ်နေ့ကပြင်လိုက်တာလဲ။ ရက်စွဲရေးမှတ်ဖို့လိုမည်။ ၂၀၁၆ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၆ ဖြင့် ပြင်သည်။ ၇-၁-၂၀၁၆ ရက်စွဲနှင့်ပါ။ မှတ်သားစရာပါ။ ပြင်ဆင်သည့်ဥပဒေတွင် ပုဒ်မ ၃၁ ခုပါသည်။ နိုင်ငံတော်သမ္မတဦးသိန်းစိန် လက်မှတ်ရေးထိုးသည်။ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေဖြစ်သည်။ လိုတိုရှင်းမှတ်စရာပါ။

**အစားထိုးသည့်စကားလုံး**

ရာဇသတ်ကြီးပုဒ်မ ၂၁ တွင် အစားထိုးသည့် စကားလုံးများရှိသေးသည်။ အရေးကြီးသည်။ ရှာ၍ဖတ်ကြပေရော့။ မှတ်သားကြပေရော့။ လေ့လာကြပေရော့။

**တရားသူကြီးနှင့်လွှတ်တော်**

"ရာဇဝတ်တရားသူကြီး" (Magistrate) ကို တရားသူကြီး (Judge)ဟုလည်းကောင်း၊ "Union Parliament" ကို "Respective Hluttaw" (သက်ဆိုင်ရာ လွှတ်တော်) ဟု လည်းကောင်း အစားထိုးသည်။ **(ရာဇသတ်ကြီးကို ပြင်ဆင်သည့်ဥပဒေအမှတ် ၆/၂၀၁၆)**

**ဥပဒေကြမ်းကော်မတီ**

နိုင်ငံတော်နှင့်ပြည်သူတို့အား အကျိုးဖြစ်ထွန်းစေမည့် အကြံပြုချက်များကို လွှတ်တော်သို့တင်ပြနေသော ဥပဒေကြမ်းကော်မတီဖြစ်သည်။ ဥပဒေကြမ်းကော်မတီ ဘာတွေလုပ်နေသလဲ။ ဘာတွေလေ့လာတင်ပြနေသလဲ။ ဘယ်လိုသုတေသနပြုသလဲ။ ဘယ်လိုထောက်ပြဝေဖန်သလဲ။ မှတ်သားလေ့လာထိုက်သည်။ ကျွမ်းကျင်သူပညာရှင်များ၏ အကြံဉာဏ်ကို မည်သို့ဖိတ်ကြားတောင်းခံသလဲ။ ဘယ်လိုဆွေးနွေးသလဲ။ **ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်**၏ ရပ်တည်ချက်၊ အကြံပြုချက်၊ ဆွေးနွေးတင်ပြချက်တွေကိုလည်း လေးစားစွာမှတ်သားသင့်သည်။ နမူနာယူသင့်သည်။ လူငယ်တွေအဖို့ လေ့လာမှတ်သားစရာတွေက များလှသည်။ သင်ပြပေးမည့်သူ ရှားပါးသည်ဟု ညည်းတွားနေကြဦးမည်လား။ သင်ဆရာ၊ ကြားဆရာ၊ မြင်ဆရာများဟု မှတ်သားစေချင်လှသည်။ လမ်းမှန်လိုက်ကြစေချင်သည်။

**ဒွိဟသံသယအကျိုး**

**"ဒွိဟသံသယအကျိုး တရားခံ ခံစားခွင့်ရှိသည်"** ဟူသော တရားစကားလက်သုံးထားကြသော ရှေ့နေများစွာရှိသည်။ ဘာကြောင့်လဲ။ တရားခံ၏လွတ်ရာလွတ်ကြောင်းမှာ ဒွိဟသံသယကြောင့် သက်သာခွင့်ရစမြဲ။ ရေလဲသုံးသည့်ခံစားခွင့်။ လူငယ်ရှေ့နေများက ဤစကားလုံးကို သေသေချာချာဖွေရှာကြသည်။ အကျယ်ရေးဦးမည်။

**လူငယ်တရားသူကြီးများပါဘဝင်မမြင့်နှင့်**

လူငယ်ရှေ့နေများသာမက လူငယ်တရားသူကြီးများသို့လည်း အမှာစကားပြောကြားပါရစေ။ စာရေးသူ၏အသက် ၆၀ ကျော်မှာဥပဒေအတွေ့အကြုံရှိသမျှ (စွမ်းအားနည်းသော်ငြားစေတနာကြီးမားစွာဖြင့်)မျှဝေပေးခြင်းပါ။ တရားခွင်စင်မြင့်ထက်မှာ ပညာမကြွယ်သေးခင် ဘဝင်မြင့်တတ်သောလူငယ်တရားသူကြီး(အချို့)ကို လက်တို့၍ ပြောမည်။ ဘဝင်မမြင့်နှင့်ဦး။ ဥပဒေတွေဖတ်မှတ်လေ့လာဦး။ ပြင်ဆင်ချက် ဥပဒေတွေ မမေ့စေနှင့်။ တရားရေးဂုဏ်သိက္ခာမကျစေနှင့်။

**တင်ပြချက်**

(၁) ဆရာလုပ်သည့် သဘော"မနော"မရှိပါ။

(၂) မျိုးဆက်သစ်တွေ တရားဥပဒေဗဟုသုတကြွယ်ဝစေချင်သည့် ကျွန်တော့် ဥပဒေအတွေးမျှသာပါ...။

## ဥရောပ၏ အဆင့်မြင့်ပညာရေးကို သင်ယူရရှိနိုင်မည့် အခွင့်အလမ်းများအကြောင်း ဆွေးနွေး

**မန္တလေး အောက်တိုဘာ ၁၃**

ဥရောပသမဂ္ဂအဖွဲ့အစည်းက ဆောင်ရွက်လျက်ရှိသော ပညာရေး၊ လေ့ကျင့်ရေး၊ လူငယ်များနှင့် အားကစားဆိုင်ရာကဏ္ဍများ တိုးတက်စေရန် ရည်ရွယ်၍ သင်ထောက်ကူဆိုင်ရာများ ဟောပြောဆွေးနွေးပွဲကို အောက်တိုဘာ ၁၁ ရက်က ရတနာပုံတက္ကသိုလ် အမရပူရခန်းမ၌ ကျင်းပရာ ရတနာပုံတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာအေးကျော်က အမှာစကားပြောကြားသည်။

ထို့နောက် ဥရောပသမဂ္ဂမှ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့ ဒုတိယခေါင်းဆောင် Mr.George Dura က ဥရောပသမဂ္ဂအဖွဲ့အစည်း၏ ရည်ရွယ်ချက်များအကြောင်းကို မိတ်ဆက်ပြောကြားပြီး စီမံကိန်းတာဝန်ခံဦးသြဂုတ်စတင်းထီစံက ဥရောပတွင် ထူးခြားသည့် ပညာသင်ကြားခွင့်အတွေ့အကြုံများ၊ ဥရောပ၏ အဆင့်မြင့်ပညာရေးကို သင်ယူရရှိနိုင်မည့် အခွင့်အလမ်းများ၊ ဘာသာစကားစွမ်းရည်နှင့် ယဉ်ကျေးမှုဆိုင်ရာ အတွေ့အကြုံများ၊ ပညာသင်ထောက်ပံ့ဆုပေး အပ်ခြင်းများအကြောင်းနှင့် ဘွဲ့ကြို၊ မဟာဘွဲ့၊ ပါရဂူဘွဲ့၊ ပါရဂူဘွဲ့လွန်တန်းများတွင် တက်ရောက်နေသည့် ကျောင်းသား ကျောင်းသူများနှင့် ဝန်ထမ်းများအတွက် တက္ကသိုလ်တစ်ခုမှ တစ်ခုသို့ ပြောင်းရွှေ့နိုင်သည့် ရမှတ်များအကြောင်းကို ရှင်းလင်းပြောခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## ဒက္ခိဏခရိုင်ကျေးလက်ရုံးတွင် အခြေခံစက်ချုပ်သင်တန်းဖွင့်

**လယ်ဝေး အောက်တိုဘာ ၁၃**



ကျေးလက်ဒေသများတွင် နေထိုင်ကြသည့် ပြည်သူများ လယ်ယာလုပ်ငန်းအပြင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ခုအဖြစ် လုပ်ကိုင်နိုင်စေရန်ရည်ရွယ်၍ ဒက္ခိဏခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် အခြေခံအပ်ချုပ်စက်သင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၁၁ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် နေပြည်တော် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးဌေးဝင်းက အမှာစကားပြောကြားပြီး သင်တန်းဆရာများက သင်ကြားမည့် ဘာသာရပ်များအကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါ စက်ချုပ်သင်တန်းသို့ ဒက္ခိဏခရိုင်အတွင်းရှိ မြို့နယ်လေးမြို့နယ်မှ သင်တန်းသူ ၂၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်လကြာ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။


**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

## ပြင်သစ်နိုင်ငံမှ အဆင့်မြင့်နည်းပညာဖြင့် ကားဝပ်ရှော့များ ထိန်းသိမ်းနည်းဆွေးနွေး

**မန္တလေး အောက်တိုဘာ ၁၃**

ပြင်သစ်နိုင်ငံမှ အဆင့်မြင့်နည်းပညာ ကားဝပ်ရှော့ အလုပ်ရုံတစ်ခုထိန်းသိမ်းခြင်း ပညာရပ်များ ဆွေးနွေးခြင်းကို အောက်တိုဘာ ၁၁ ရက်က မန္တလေး အောင်မြေသာစံမြို့နယ် ၁၆×၁၇ လမ်းကြား ၈၆ လမ်းပေါ်ရှိ ရွှေမင်္ဂလာခန်းမ၌ ကျင်းပခဲ့သည်။ ဆွေးနွေးပွဲသို့ ဝပ်ရှော့လုပ်ငန်းလုပ်ကိုင်နေသူများ၊ ဝပ်ရှော့လုပ်ငန်းထူထောင်ချင်သူများ၊ အင်ဂျင်နီယာကျောင်းပြီးသူများနှင့် အထူးဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများ၊ ကားပစ္စည်းများ တင်သွင်းသော ကုမ္ပဏီများ တက်ရောက်ခဲ့သည်။ အဆိုပါဆွေးနွေးပွဲတွင် ပြင်သစ်နိုင်ငံ ROBERT BOSH SEA Pteltd IAN SALES & SERVICE ASST MANAGER Mr. Joe Tan က Customer အသစ်ရှိအောင်ပြုလုပ်နည်း၊ ရှိပြီးသော Customer ကို မလျော့စေရန်ပြုလုပ်နည်း၊ ဝင်ငွေတိုးရန်စီမံခန့်ခွဲနည်း၊ လုပ်ငန်းချဲ့ထွင်လုပ်ကိုင်နည်း၊ စတင်လုပ်ကိုင်လိုချင်သူများအတွက် လိုအပ်ချက်များ ကြိုတင်ပြုလုပ်နည်းများကို ဆွေးနွေးတင်ပြခဲ့ကြောင်း သိရသည်။ **ကျော်ထူး (မန္တလေး)**

# ဂျာဂျင်ကလော့ရဲ့ လက်အောက်မှာ အကောင်းဆုံး တောက်ပလာခဲ့တဲ့ လယ်လာနာ



လီဗာပူးကွင်းလယ်ကစားသမား လယ်လာနာအတွက်ကတော့ ပြီးခဲ့တဲ့ တစ်နှစ်ကျော်ကာလကစပြီး အပြောင်းအလဲသစ်တွေနဲ့ အတူ ကြီးမားတဲ့အချိုးအကွေ့တစ်ခုကြုံတွေ့ခဲ့ရပါတယ်။ အဲ့ဒါကတော့ သူ့အတွက် ကောင်းမွန်တဲ့ အချိုးအကွေ့တစ်ခုဖြစ်ခဲ့ပြီး လီဗာပူးပရိသတ်တွေရဲ့အားပေးမှုကလည်း သူ့အပေါ်မှာ သိသာထင်ရှားစွာဖြစ်ပေါ်လာခဲ့ပါတယ်။ အဲ့ဒါကတော့ အသင်းကို မန်နေဂျာဂျာဂျင်ကလော့ ရောက်ရှိခဲ့ပြီး နောက်ပိုင်းလို့ဆိုရမှာလည်းဖြစ်ပါတယ်။ ဒါကြောင့်လည်း လယ်လာနာရဲ့ အချိုးအကွေ့တွေကို ယူဆောင်လာပေးသူဟာ မန်နေဂျာ ဂျာဂျင်ကလော့ ဆိုရင်တော့ မမှားဘူးလို့ဆိုရမှာပါ။

ပြီးခဲ့တဲ့ အောက်တိုဘာ ၈ ရက်ဟာ လီဗာပူး မန်နေဂျာ ဂျာဂျင်ကလော့ရဲ့ လီဗာပူးအသင်းကို ရောက်ရှိတာဟာ တစ်နှစ်ပြည့်ခဲ့ပြီလို့ပြောရမှာဖြစ်ပါတယ်။ ထို့အတူ လယ်လာနာရဲ့ လီဗာပူးအသင်းနဲ့အတူ တိုးတက်မှုတွေ ရရှိလာခဲ့တာလည်း တစ်နှစ်ပြည့်ခဲ့ပြီဖြစ်ပြီး အသားမကျမှု၊ ခြေစွမ်းမပြနိုင်မှု၊ အသင်းအပေါ် အကျိုးမပြုနိုင်မှုတွေဟာ မန်နေဂျာဟောင်း ရော်ဂျာနဲ့ အတူပါသွားပြီလို့ ဆိုရမှာ ဖြစ်ပါတယ်။ အခုအချိန်မှာတော့ လယ်လာနာဟာ ဂျာဂျင်ကလော့ရဲ့စိတ်တိုင်းကျ ကစားသမားတစ်ဦးအဖြစ်ရှိနေပြီး ဒီနှစ်ရာသီအတွက် ပရီမီယာလိဂ်ဆုဖလား ရယူနိုင်ဖို့အတွက်လည်း အရေးကြီးတဲ့အခန်းကဏ္ဍမှာ ပါဝင်နေတဲ့သူလို့တောင် ပြောရမှာ ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ နှစ်ဒီအချိန်ကဆိုရင် လီဗာပူးအသင်းဟာ ပရီမီယာလိဂ်ခုနစ်ပွဲ ကစားပြီးချိန်မှာတော့ ၁၁ မှတ်သာရရှိထားခဲ့ပြီး လယ်လာနာဆိုရင်လည်း လေးပွဲအထိ ဂိုးရရှိဖို့အတွက် ဂိုးမသွင်းယူနိုင်သလို ဂိုးရရှိအောင်လည်း မပံ့ပိုးနိုင်ခဲ့ပါဘူး။ နာမည်ကြီး အားကစားဝက်ဘ်ဆိုက်ဖြစ်တဲ့ WhoScored ရဲ့ စာရင်းဇယားမှာတော့ သူ့ရဲ့ကစားနိုင်မှုဟာ အဲ့ ဒီအချိန်တုန်းက ၆.၇၆ သာရှိတယ် လို့ဆိုထားပြီး လီဗာပူးအသင်းပေါ် အကျိုးပြုနိုင်မှုအနည်းဆုံးကစားသမားအဖြစ်လည်း ရှိနေခဲ့ပါတယ်။

အခုတော့ သူ့ရဲ့အခြေအနေတွေဟာ အရင်နဲ့မတူညီလောက်အောင်ပြောင်းလဲမှုတွေ ရှိနေခဲ့ပါပြီ။ လီဗာပူးအသင်းဟာ လက်ရှိ ခုနစ်ပွဲကစားပြီးချိန်မှာတော့ ရဂိုးအနေနဲ့ ၁၈ ဂိုးအထိ ရှိခဲ့ပြီး လက်ရှိပရီမီယာလိဂ်မှာတော့ ထိပ်ဆုံးမှာရပ်တည်နေတဲ့ မန်စီးတီးအသင်းနဲ့ရဂိုး တူညီမှုရှိပြီး အခြားအသင်းတွေထက် ရဂိုးပိုများနေတဲ့အသင်းလည်း ဖြစ်ပါတယ်။ လယ်လာနာဟာ အသင်းရဲ့ ပရီမီယာလိဂ်ခုနစ်ပွဲလုံးမှာ ပါဝင်ကစားခဲ့တာဖြစ်ပြီး သုံးဂိုးသွင်းယူကာ သုံးဂိုးရရှိအောင်စွမ်းဆောင်ပေးထားနိုင်ပြီး အသင်းအတွက် ဂိုးရရှိဖို့ ခြောက်ကြိမ်တိုင် ပါဝင်ကူညီ ပေးထားတဲ့သူလို့ပြောရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ဒီနှစ်ရာသီမှာတော့ လီဗာပူးအသင်းရဲ့ ခြေစွမ်းကတော့ အကောင်းဆုံးရှိနေခဲ့တယ်လို့လည်း ပြောရမှာဖြစ်ပါတယ်။ လက်ရှိအချိန်မှာ လီဗာပူးအသင်းဟာ အာဆင်နယ်၊ စပါး၊ ချယ်လ်ဆီးအသင်းတို့နဲ့ ယှဉ်ပြိုင်ကစားခဲ့ရပြီးဖြစ်တာတောင် လက်ရှိပရီမီယာလိဂ်အမှတ်ပေးဇယားရဲ့ ထိပ်ဆုံးမှာရှိနေတဲ့ မန်စီးတီးအသင်းနဲ့ နှစ်မှတ်အကွာမှာသာ ရှိနေတယ်လို့ ပြောရမှာဖြစ်ပါတယ်။

ဒါပေမယ့် လယ်လာနာဟာ နိုင်ငံတကာပွဲတွေ မကစားခင် ဆွမ်ဆီးအသင်းကို ၂-၁ နဲ့ နိုင်ခဲ့တဲ့ပွဲမှာတော့ ပေါင်ခြံဒဏ်ရာ ရရှိခဲ့ပါတယ်။ ဒါကြောင့်လည်း မန်ယူအသင်းနှင့် ကစားရမယ့်ပွဲမှာတော့ လယ်လာနာဟာ အချိန်မီ ပြန်လည်ကစားလာနိုင်မလားဆိုတာကတော့ စောင့်ကြည့်ရဦးမှာဖြစ်ပါတယ်။ တကယ်လို့သာ မကစားနိုင်ခဲ့ဘူး ဆိုရင်တော့ ဂျာဂျင်ကလော့အတွက်တော့ တစ်အားလျော့သွားတယ်လို့ ဆိုရမှာဖြစ်ပါတယ်။ ဂျာဂျင်ကလော့ လက်အောက်မှာ လယ်လာနာ ခြေစွမ်းပြကစားနိုင်ခြင်းတွေကတော့ ဗဟိုကွင်းလယ်ကနေ ပေးပို့မှုအားကောင်းကောင်းနဲ့ ကစားစေခဲ့တာကြောင့်လည်း ဖြစ်ပါတယ်။ အဲ့ဒီအကျိုးဆက်ကတော့ လီဗာပူးအတွက် ရလဒ်ကောင်းတွေ ရရှိစေခဲ့တာကတော့ မျက်မြင်သက်သေလို့ ပြောရမှာပါ။

လယ်လာနာရဲ့ မန်နေဂျာဟောင်း ရော်ဂျာလက်အောက်မှာ ကစားခဲ့စဉ်နဲ့ လက်ရှိအသင်းမန်နေဂျာ ဂျာဂျင်ကလော့ရဲ့လက်အောက်မှာကစားနေစဉ်အတွင်း ဘယ်အရာက ပိုကောင်းတယ်ဆိုတာကလည်း သူ့ရဲ့ခြေစွမ်းကို ကြည့်တာနဲ့ ထင်သာမြင်သာရှိလှပါတယ်။ ရော်ဂျာရဲ့ လက်အောက်မှာ လယ်လာနာရဲ့ဘောလုံးပိုင်ဆိုင်မှုဟာ တစ်ပွဲမှာ ၀.၄ သာ ရှိခဲ့ပေမယ့် ဂျာဂျင်ကလော့ရဲ့လက်အောက်မှာတော့ ၀.၇ အထိရှိခဲ့ပါတယ်။ ဒါ့အပြင် အဓိကပေးပို့မှုမှာဆိုရင်လည်း ရော်ဂျာလက်အောက်မှာ ရှိစဉ်က ၁.၄ သာ ရှိခဲ့ပေမယ့် ဂျာဂျင်ကလော့လက်အောက်မှာတော့ ၁.၇ အထိရှိခဲ့ပါတယ်။ ဒါ့အပြင်အခြားအရာတွေကို ကြည့်မယ်ဆိုရင်လည်း လယ်လာနာရဲ့ စွမ်းဆောင်မှုတွေဟာ ဂျာဂျင်ကလော့ရဲ့လက်အောက်မှာတော့ သိသိသာသာ ကောင်းမွန်မှုရှိခဲ့တာကတော့ အမှန်ပါပဲ။

လွန်ခဲ့တဲ့ နှစ်နှစ်ကျော်က ဆောက်သမ်တန်အသင်းကနေ လီဗာပူးအသင်းကို ပြောင်းရွှေ့လာခဲ့တဲ့ လယ်လာနာ ကြီးမားတဲ့ အချိုးအကွေ့နဲ့အတူ အောင်မြင်မှုတွေ ရရှိတာကတော့ တစ်နှစ်လောက်သာရှိတာကို တွေ့ရမှာလည်း ဖြစ်ပါတယ်။ ဒါကြောင့် မန်နေဂျာဂျာဂျင်ကလော့ရဲ့လက်အောက်မှ ခြေစွမ်းပြလာခဲ့တဲ့ လယ်လာနာအနေနဲ့ ကြိုးကြာနီရဲ့ရင်ခွင်ထက်မှာ ဘယ်လောက်အထိ အတောက်ပမလဲဆိုတာကို ဆက်လက်စောင့်ကြည့်ရဦးမှာဖြစ်ပါတယ်။

## မန်ယူတွင် ကစားခွင့်မရခဲ့ခြင်းကို နောင်တရမိကြောင်း နက်ဗက်ပြောဆို




ချက်ကွင်းလယ်ကစားသမားဟောင်း ပေဗယ်နက်ဗက်က သူ၏ ကစားသမားသက်တမ်းအတွင်း အကြီးမားဆုံး နောင်တရစရာမှာ ပရီမီယာလိဂ်ကလပ် မန်ယူအသင်းတွင် ကစားခဲ့ရမှုမရှိခြင်းဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။

လာဇီယို၊ ဂျူဗင်တပ်စသည့် စီးရီးအေကလပ်များတွင် ခြေစွမ်းပြကစားနိုင်ခဲ့ကာ ဆုဖလားများ ဆွတ်ခူးနိုင်ခဲ့ပြီး ၂၀၀၃ ခုနှစ်အတွက် ဥရောပ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ရရှိခဲ့သူ နက်ဗက်(၄၄နှစ်)သည် ၂၀၀၉ ခုနှစ်တွင် ဘောလုံးကစားခြင်းမှ အနားယူခဲ့သူဖြစ်သည်။ နက်ဗက်သည် ပရီမီယာလိဂ် ကလပ်အသင်းတစ်သင်းဖြစ်သည့် ချယ်လ်ဆီးအသင်း၏ ကမ်းလှမ်းမှု ရရှိခဲ့သော်လည်း အဆိုပါကမ်းလှမ်းမှုကို ပယ်ချခဲ့သည်။

ချက်ရုပ်သံတစ်ခုနှင့် ပြုလုပ်ခဲ့သည့် တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် နက်ဗက်က "ကစားသမားဘဝ သက်တမ်းအတွင်း နောင်တရစရာ အကောင်းဆုံးဖြစ်ရပ်ကတော့ မန်ယူအသင်းမှာ ကစားခွင့်မရခဲ့တာပါ။ ကျွန်တော်ဟာ မန်ယူမှာ ကစားချင်ခဲ့သူပါ။ ဒါပေမယ့် မန်ယူအသင်းဆီက ကျွန်တော့်ကို ခေါ်ယူဖို့ ကမ်းလှမ်းမှု တစ်ကြိမ်တစ်ခါမှ မရှိခဲ့ပါဘူး။ ချဲလ်ဆီးဆီကသာ ကမ်းလှမ်းမှု တစ်ကြိမ် ရရှိခဲ့ဖူးပါတယ်။ ပေါလ်စခိုး၊ ရိုင်ယန်ဂစ်တို့ရဲ့ မန်ယူမျိုးဆက်ကာလကို ကျွန်တော် နှစ်သက်မိတယ်။ ဒီကစားသမားတွေက ကျွန်တော် လေးစားရတဲ့ ကစားသမားတွေပါ။ ကျွန်တော့်ရဲ့ တစ်နိုင်ငံတည်းသားဖြစ်တဲ့ ပိုဘော့စကီးအပေါ် ကျွန်တော် အနည်းငယ် မနာလိုဖြစ်မိတယ်။ ဘာကြောင့်လည်းဆိုတော့ ပိုဘော့စကီးဟာ မန်ယူအသင်းမှာ ပါဝင်ကစားခွင့်ရခဲ့သလို ပွဲကြီးပွဲကောင်းတွေမှာ အတွေ့အကြုံ ရရှိခဲ့တာကြောင့်ပါ။ ပိုဘော့စကီး အနေနဲ့လည်း မန်ယူအသင်းမှာ ကစားခဲ့ရတဲ့အချိန်တွေကို နှစ်သက်နေဆဲဖြစ်လိမ့်မယ်လို့ ကျွန်တော် ထင်ပါတယ်" ဟု ပြောဆို ခဲ့သည်။

ချက်တောင်ပံကစားသမားဟောင်း ပိုဘော့စကီး(၄၄နှစ်)သည် ၁၉၉၆ ခုနှစ်မှ ၁၉၉၈ ခုနှစ်အထိ မန်ယူအသင်းတွင် ပါဝင်ကစားခဲ့ကာ မန်ယူအတွက် စုစုပေါင်း ၄၇ ပွဲ ပါဝင်ကစားခဲ့ပြီး ၆ ဂိုး သွင်းယူနိုင်ခဲ့သူဖြစ်သည်။ ပိုဘော့စကီးသည် မန်ယူနှင့်အတူ ၁၉၉၆-၉၇ ခုနှစ် ပရီမီယားလိဂ်ချန်ပီယံဆုဖလားနှင့် ၁၉၉၆၊ ၁၉၉၇ ခုနှစ် ကွန်မြူနတီဒိုင်းများကို ရရှိခဲ့သည်။




### ချန်ပီယံလိဂ် ပွဲစဉ်များ

**အင်္ဂါနေ့ (၁၈-၁၀-၁၆)**

| | |
|---|---|
| နံနက် ၁း၁၅ (ဗုဒ္ဓဟူးနံနက်) | စီအက်စ်ကေအေ - မိုနာကို |
| နံနက် ၁း၁၅ (ဗုဒ္ဓဟူးနံနက်) | လေဗာကူဆင် - စပါးစ် |
| နံနက် ၁း၁၅ (ဗုဒ္ဓဟူးနံနက်) | စပို့တင်း - ဒေါ့မွန် |
| နံနက် ၁း၁၅ (ဗုဒ္ဓဟူးနံနက်) | ရီးရဲ - လီဂါဝါဆော |
| နံနက် ၁း၁၅ (ဗုဒ္ဓဟူးနံနက်) | လက်စတာ - ကိုပင်ဟေဂင် |
| နံနက် ၁း၁၅ (ဗုဒ္ဓဟူးနံနက်) | ဘရူဂျက် - ပေါ်တို |
| နံနက် ၁း၁၅ (ဗုဒ္ဓဟူးနံနက်) | ဒီနမိုဇာဂရက် - ဆီဗီးလ် |
| နံနက် ၁း၁၅ (ဗုဒ္ဓဟူးနံနက်) | လိုင်ယွန် - ဂျူဗင်တပ် |

**ဗုဒ္ဓဟူးနေ့ (၁၉-၁၀-၁၆)**

| | |
|---|---|
| နံနက် ၁း၁၅(ကြာသပတေးနံနက်) | အာဆင်နယ် - လူဒိုဂိုရက်စ် |
| နံနက် ၁း၁၅(ကြာသပတေးနံနက်) | ပီအက်စ်ဂျီ - ဘေဆယ် |
| နံနက် ၁း၁၅(ကြာသပတေးနံနက်) | နာပိုလီ - ဘက်ရှီးတပ် |
| နံနက် ၁း၁၅(ကြာသပတေးနံနက်) | ဆဲလ်တစ် - ဂလာဘတ်ချ် |
| နံနက် ၁း၁၅(ကြာသပတေးနံနက်) | ဘာစီလိုနာ - မန်စီးတီး |
| နံနက် ၁း၁၅(ကြာသပတေးနံနက်) | ရော့စတော့ဗ် - အက်သလက် |
| နံနက် ၁း၁၅(ကြာသပတေးနံနက်) | ဘိုင်ယန် - အိုင့်ဟိုဗင် |
| နံနက် ၁း၁၅(ကြာသပတေးနံနက်) | ဒီနမိုကိဗ် - ဘင်ဖီကာ |

### ပရီမီယာလိဂ်ပွဲစဉ် (၈)

**စနေနေ့ (၁၅-၁၀-၁၆)**

| | |
|---|---|
| ည ၆း၀၀ | ချဲလ်ဆီး - လက်စတာ |
| ည ၈း၃၀ | ဘုန်းမောက် - ဟားလ်စီးတီး |
| ည ၈း၃၀ | အာဆင်နယ် - ဆွမ်ဆီး |
| ည ၈း၃၀ | မန်စီးတီး - အဲဗာတန် |
| ည ၈း၃၀ | စတုတ်စီးတီး - ဆန်းဒါးလန်း |
| ည ၈း၃၀ | ဝက်စ်ဘရွမ်း - စပါးစ် |
| ည ၁၁း၀၀ | ခရစ္စတဲလ်ပဲလေ့စ် - ဝက်စ်ဟမ်း |

**တနင်္ဂနွေနေ့ (၁၆-၁၀-၁၆)**

| | |
|---|---|
| ည ၇း၀၀ | မစ်ဒယ်ဘရော့ - ဝတ်ဖို့ဒ် |
| ည ၉း၃၀ | ဆောက်သမ်တန် - ဘန်လေ |

**တနင်္လာနေ့ (၁၇-၁၀-၁၆)**

| | |
|---|---|
| နံနက် ၁း၃၀ (အင်္ဂါနံနက်) | လီဗာပူး - မန်ယူ |

### စပိန်လီဂါပွဲစဉ်(၈)

**သောကြာနေ့ (၁၄-၁၀-၁၆)**

| | |
|---|---|
| နံနက် ၁း၁၅ (စနေနံနက်) | လက်စ်ပဲလ်မက်စ် - အက်စ်ပန်ညော |

**စနေနေ့ (၁၅-၁၀-၁၆)**

| | |
|---|---|
| ညနေ ၅း၃၀ | လီဂါနက်စ် - ဆီဗီးလ် |
| ည ၈း၄၅ | ဘာစီလိုနာ - ဒီပို့တီဗို |
| ည ၁၁း၀၀ | အက်သလက် - ဂရန်နာဒါ |
| နံနက် ၁း၁၅ (တနင်္ဂနွေနံနက်) | ဘက်တစ် - ရီးရဲ |

**တနင်္ဂနွေနေ့ (၁၆-၁၀-၁၆)**

| | |
|---|---|
| ညနေ ၄း၃၀ | အလာဗက်စ် - မာလာဂါ |
| ည ၈း၄၅ | ဘီလ်ဘို - ဆိုစီဒက် |
| ည ၁၁း၀၀ | ဂီဂျွန် - ဗလန်စီယာ |
| နံနက် ၁း၁၅ (တနင်္လာနံနက်) | ဗီလာရီးရဲ - ဆယ်တာဗီဂို |

**တနင်္လာနေ့ (၁၇-၁၀-၁၆)**

| | |
|---|---|
| နံနက် ၁း၁၅ (အင်္ဂါနံနက်) | အီဘား - အိုဆာစူနာ |

### စီးရီးအေပွဲစဉ်(၈)

**စနေနေ့ (၁၅-၁၀-၁၆)**

| | |
|---|---|
| ည ၇း၃၀ | နာပိုလီ - ရိုမာ |
| ည ၁၀း၃၀ | ပက်စ်ကာရာ - ဆမ့်ဒိုးရီးယား |
| နံနက် ၁း၁၅ (တနင်္ဂနွေနံနက်) | ဂျူဗင်တပ် - အူဒီးနီးစ် |

**တနင်္ဂနွေနေ့ (၁၆-၁၀-၁၆)**

| | |
|---|---|
| ညနေ ၅း၀၀ | ဖီယိုရင်တီနာ - အတ္တလန္တာ |
| ည ၇း၃၀ | ဂျီနိုအာ - အမ်ပိုလီ |
| ည ၇း၃၀ | အင်တာမီလန် - ကယ်ဂလီယာရီ |
| ည ၇း၃၀ | လာဇီယို - ဘလော့ညာ |
| ည ၇း၃၀ | ဆာစူအိုလို - ခရိုတိုနီ |
| နံနက် ၁း၁၅ (တနင်္လာနံနက်) | ခီယေဗို - အေစီမီလန် |

**တနင်္လာနေ့ (၁၇-၁၀-၁၆)**

| | |
|---|---|
| နံနက် ၁း၁၅ (အင်္ဂါနံနက်) | ပါလာမို - တိုရီနို |

## ကမ္ဘာ့ဖလားခြေစစ်ပွဲများ၌ ပါဝင်ခွင့်မရပါက အံ့အားသင့်မိမည် မဟုတ်ဟု အဂူရို ဖွင့်ဟ

လာမည့် နိုဝင်ဘာလအတွင်း အာဂျင်တီးနားအသင်း ကစားမည့် ၂၀၁၈ ခုနှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲ ခြေစစ်ပွဲများအတွက် နိုင်ငံအသင်း၏ ခေါ်ယူခြင်းမခံရပါကလည်း ထိုသို့ ခေါ်ယူမှု မခံရခြင်းအပေါ် နားလည်ပေးနိုင်မည်ဖြစ်ကြောင်း တိုက်စစ်မှူး ဆာဂျီယိုအဂူရိုက ထုတ်ဖော်ပြောဆိုလိုက်သည်။

၂၀၁၈ ခုနှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲ တောင်အမေရိက ဇုန်ခြေစစ်ပွဲ ၁၀ ပွဲကစားပြီးချိန်၌ မန်စီးတီးတိုက်စစ်မှူး အဂူရိုသည် အာဂျင်တီးနားအသင်းအတွက် ငါးပွဲပါဝင်ကစားခွင့်ရရှိခဲ့သော်လည်း ဂိုးသွင်းယူနိုင်ခြင်း မရှိသေးပေ။

ထို့အပြင် တိုက်စစ်မှူး အဂူရိုသည် ပြီးခဲ့သည့် ၂၀၁၆ ခုနှစ် ရာပြည့် ကိုပါအမေရိကဖလားပြိုင်ပွဲတွင်လည်း အာဂျင်တီးနားအသင်းအတွက် တစ်ဂိုးသာ သွင်းယူပေးနိုင်ခဲ့သူဖြစ်သည်။

လာမည့် နိုဝင်ဘာလအတွင်း အာဂျင်တီးနားအသင်း ကစားမည့် ကမ္ဘာ့ဖလားခြေစစ်ပွဲများအတွက် နိုင်ငံအသင်း၏ ခေါ်ယူခြင်းမခံရပါက အံ့အားသင့်မိမည်လားဟုမေးမြန်းမှုကို တိုက်စစ်မှူး အဂူရိုက "ကျွန်တော် အံ့အားသင့်မိမှာ မဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်ဟာ နိုင်ငံအသင်းအတွက် အကောင်းဆုံး စွမ်းဆောင်ပေးနိုင်ခြင်း မရှိတာကြောင့်ပါ။ တကယ်လို့ နိုဝင်ဘာလအတွင်း ကမ္ဘာ့ဖလားခြေစစ်ပွဲတွေ ကစားမယ့် အာဂျင်တီးနားအသင်းမှာ ကျွန်တော်မပါဝင်ခဲ့ဘူးဆိုရင် ဒါဟာ ကောင်းမွန်တဲ့ လုပ်ဆောင်မှုလို့ပဲ ယူဆမှာပါ"ဟု ဖြေဆိုခဲ့သည်။

အာဂျင်တီးနားအသင်းသည်လာမည့် နိုဝင်ဘာ ၁၁ ရက်တွင် ဘရာဇီး၊ နိုဝင်ဘာ ၁၆ ရက်တွင် ကိုလံဘီယာ အသင်းတို့နှင့် ကမ္ဘာ့ဖလားခြေစစ်ပွဲများ ကစားရမည်ဖြစ်သည်။

## အီဘရာဟီမိုဗစ်နှင့် ပေါ့ဂ်ဘာတို့ကြောင့် မန်ယူအသင်းအတွင်း စည်းလုံးမှုမရှိဟု ပေါလ်မာဆန်မှတ်ချက်ပြု



Paul Merson

မန်ယူအသင်း တိုက်စစ်မှူး အီဘရာဟီမိုဗစ်နှင့် ကွင်းလယ် ကစားသမား ပေါလ်ပေါ့ဂ်ဘာတို့၏ အပြုအမူများကြောင့် မန်ယူအသင်းသည် စုစည်းမှုရှိသည့် အသင်းတစ်သင်းဖြစ် မလာဘဲ ယခုနှစ် ဘောလုံးရာသီကုန်ဆုံးချိန်၌ ပရီမီယား လိဂ်ပြိုင်ပွဲ၏ အမှတ်ပေးဇယားတွင် ထိပ်ဆုံးလေးသင်း ဝင်ရန် ခက်ခဲနိုင်ကြောင်း အင်္ဂလန်တောင်ပံကစား သမားဟောင်း ပေါလ်မာဆန်က ထုတ်ဖော်ပြောဆို လိုက်သည်။

မန်ယူအသင်းသည် ပြီးခဲ့သည့် နွေရာသီအတွင်း ကစား သမားသစ်များ ခေါ်ယူအားဖြည့် ထားခဲ့သော်လည်း ယခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲ၌ ခုနစ်ပွဲ ကစားပြီးချိန်တွင် ရမှတ် ၁၃ မှတ်သာ ရယူထားနိုင်သေးသည်။ မန်ယူအသင်း သည် ၂၀၁၅-၁၆ ခုနှစ် ပရီမီယာလိဂ် ရာသီ၌ မန်နေဂျာ ဗန်ဟားလ်၏ လက်အောက်တွင် ပရီမီယာလိဂ်ရာသီအဖွင့် ခုနစ်ပွဲ ကစားပြီးချိန်တွင် ရမှတ် ၁၆ မှတ် ရယူနိုင်ခဲ့သည်။

အာဆင်နယ်၊ မစ်ဒယ်ဘရော့နှင့် ဗီလာစသည့်အသင်းများတွင် ပါဝင် ကစားခဲ့ဖူးသူ ပေါလ်မာဆန် ၄၈ နှစ်က "မန်ယူအသင်းအနေနဲ့ အခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲမှာ ထိပ်ဆုံးလေးသင်း စာရင်းဝင်ဖြစ်ဖို့ ရုန်းကန်ရနိုင်ပါတယ်။ အီဘရာဟီမိုဗစ်နဲ့ ပေါ့ဂ်ဘာ တို့ဟာ အခြားအသင်း ဖော်တွေကို မေ့လျော့ထားပြီး တစ်ချိန်လုံး သူတို့အချင်းချင်းသာ ကြည့်ရှုရှာ ဖွေသလို ဖြစ်နေတယ်။



မန်ယူအနေနဲ့ ချန်ပီယံလိဂ်ပြိုင်ပွဲ ဝင်ခွင့်ရမလားဆိုတာကို ကျွန်တော် သေချာမပြောနိုင်ဘူး။ စတုတ်နဲ့ ကစားခဲ့တဲ့ပွဲမှာ မန်ယူဟာ ပထမပိုင်းမိနစ် ၂၀ လောက်ကတည်းက အနိုင်ရအောင် လုပ်ဆောင်ထားနိုင်ခဲ့သင့်တယ်။ မန်ယူကစားသမားတွေဟာ ဂိုးသွင်းယူဖို့ နှစ်သက်မှုရှိရဲ့လားဆိုတာကို ကျွန်တော် မပြောပြနိုင်အောင်ပါပဲ။ မန်နေဂျာ မော်ရင်ညိုက အခုဆိုရင် မန်ယူ ကစားသမားတွေကို လူသိရှင်ကြား ဝေဖန်မှုတွေပြုလုပ်နေပါပြီ။ မော်ရင်ညိုက ယူရိုပါလိဂ်ပြိုင်ပွဲကို လာမယ့်ဘောလုံးရာသီမှာ ချန်ပီယံလိဂ်ဝင်ခွင့် ရရှိရေးအတွက် နောက်ဆုံးအားထားစရာ အဖြစ် ရည်ရွယ်လုပ်ဆောင်သွားဖို့လိုတယ်ဆိုတာ သိရှိထားတယ်လို့ ကျွန်တော့်ကို ပြောဆိုခဲ့ပါတယ်။ မော်ရင်ညိုက အရင်က ဒီလိုစကားမျိုးကို လေးလေးနက်နက် ပြောဆိုခဲ့ဖူးသူမဟုတ်ဘူး။ ယူရိုပါလိဂ်ပြိုင်ပွဲမှာ ချန်ပီယံဖြစ်ရင် ချန်ပီယံဝင်ခွင့် တစ်နေရာ ရရှိမှာပါ။ အခုနှစ် ပရီမီယာလိဂ်မှာ မန်ယူရဲ့ ပုံစံက အကောင်းဆုံးအနေအထားမှာမရှိတာကြောင့် မန်ယူအနေနဲ့ ယူရိုပါလိဂ်ပြိုင်ပွဲအပေါ် အလေးအနက်ထားသင့်တယ်"ဟု ပြောဆိုခဲ့သည်။

## လီဗာပူးကို မန်ယူအနိုင်ရယူနိုင်ဖို့ ခက်တယ်

## 2016-17 PREMIER LEAGUE WEEK 8

နိုင်ငံတကာပွဲစဉ်တွေကြောင့် တစ်ပတ်ကြာရပ်နားခဲ့တဲ့ ပရီမီယာလိဂ်ပြိုင်ပွဲကို လာမယ့်အောက်တိုဘာ ၁၅၊ ၁၆၊ ၁၈ နေ့တွေမှာ ပြန်လည်ကျင်းပသွားဖို့ရှိနေပါတယ်။ အဆိုပါ ပြန်လည်ကျင်းပမယ့်ပ ရီးမီးယားလိဂ်ပွဲစဉ် ၈ မှာတော့ လီဗာပူးနဲ့ မန်ယူတို့ ဆုံတွေ့တဲ့ပွဲစဉ်ပါဝင်နေတာကြောင့် စိတ်ဝင်စားဖို့ကောင်းနေပါတယ်။ ဒ့ါအပြင်အဆိုပါပွဲစဉ်မှာ ပွဲစဉ် ၇ တုန်းက နိုင်ပွဲမရခဲ့တဲ့ မန်စီးတီးအနေနဲ့လည်း နိုင်ပွဲရယူနိုင်ပ့ါမလားဆိုတာကို စောင့်ကြည့်ရဖို့ရှိနေပါတယ်။ အဆိုပါ ပွဲစဉ်တွေအပြီးမှာလည်း ချန်ပီယံလိဂ်နဲ့ ယူရိုပါလိဂ်ပွဲတွေရှိနေတာကို သတိပြုရမှာဖြစ်ပါတယ်။

### စတုတ် V ဆန်းဒါးလန်း

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | စတုတ် | ၁ | ၁ | ဆန်းဒါးလန်း |

မန်ယူကို သရေကစားနိုင်ခဲ့တယ် ဆိုပေမယ့်လည်း စတုတ်ရဲ့ခြေစွမ်းပိုင်းက ကောင်းမွန်ခဲ့တယ်လို့ မဆိုနိုင်ပါဘူး။ အဆိုပါပွဲမှာမန်ယူတို့ ရတဲ့အခွင့်အရေးတွေကိုသာ အကောင်းဆုံးအသုံးချနိုင်ခဲ့မယ်ဆိုရင် စတုတ်တို့ဂိုးပြတ်တောင် ရှုံးသွားနိုင်ပါတယ်။ ဒါပေမယ့် အဆိုပါရလဒ်ကြောင့် စတုတ်ရဲ့စိတ်ဓါတ်ပိုင်းက ပိုမိုကောင်းမွန်လာနိုင်သလို အိမ်ကွင်းဖြစ်ပါတယ်။ ဒ့ါအပြင် ဆန်းဒါးလန်းကလည်း ခြေစွမ်းပိုင်းပျက်ယွင်းနေတာကြောင့် စတုတ်ကပ်နိုင်မယ်။

### မစ်ဒယ်ဘရော့ V ဝက်ဖို့ဒ်

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | - | - | - | - |

မစ်ဒယ်ဘရော့က အခုနောက်ပိုင်း ခြေစွမ်းပိုင်းအားနည်းလာတယ်။ အထူးသဖြင့် ပွဲတိုင်းနီးပါးဂိုးတွေပေးနေရတဲ့ ခံစစ်ပိုင်းကတည်ငြိမ်မှုမရှိတာကို တွေ့ရပါတယ်။ ဒါပေမယ့်လည်း ဒီပွဲက အိမ်ကွင်းဖြစ်တာကြောင့် မစ်ဒယ်ဘရော့တို့ နိုင်ပွဲပြန်လည်ရယူနိုင်ဖို့ အားစိုက်လာမှာသေချာနေပါတယ်။ ဝက်ဖို့ဒ်ကလည်း အဝေးကွင်းပွဲတွေမှာ ခြေစွမ်းပိုင်း အနည်းငယ်ကျဆင်းတတ်ပါတယ်။ ဒါကြောင့်လည်း မစ်ဒယ်ဘရော့တို့အခွင့်အရေးရနိုင်သလို ကပ်နိုင်ခြေရှိတယ်။

### ချယ်လ်ဆီး V လက်စတာ

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | ချယ်လ်ဆီး | ၁ | ၁ | လက်စတာ |

ချယ်လ်ဆီးဟာ ပွဲစဉ် (၇)တုန်းက ဟားလ်ကိုအနိုင်ရယူ နိုင်ခဲ့မှုနဲ့အတူ နိုင်ပွဲပျောက်ဆုံးမှုတွေကို ရပ်တန့်နိုင်ခဲ့ပေမယ့် ခြေစွမ်းပိုင်းကတော့ သာမန်သာရှိပါတယ်။ ဒါပေမယ့်လည်း အိမ်ကွင်းဖြစ်တာကြောင့် ချယ်လ်ဆီးတို့ ဒီပွဲမှာလည်း နိုင်ပွဲ ရယူနိုင်ဖို့အားစိုက်လာမှာ သေချာနေပါတယ်။ ဒ့ါအပြင် လက်စတာခြေကလည်း အားနည်းမှုတွေရှိနေကာ လက်စတာဟာ ဒီပွဲအပြီးမှာလည်း ချန်ပီယံလိဂ်ကစားရမှာဖြစ်လို့ ခြေကုန်ထုတ်ဖို့ ခက်ပါလိမ့်မယ်။ ချယ်လ်ဆီးပဲ နိုင်မယ်။

### အာဆင်နယ် V ဆွမ်ဆီး

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | အာဆင်နယ် | ၁ | ၂ | ဆွမ်ဆီး |

နောက်ဆုံးကစားခဲ့တဲ့ ပွဲစဉ် ၇ မှာ အာဆင်နယ်တို့ နိုင်ပွဲရယူနိုင်ခဲ့တယ်ဆိုပေမယ့် ခြေစွမ်းပိုင်းက အားနည်းမှုတွေရှိနေကာ ဘန်လေကို ခက်ခက်ခဲခဲကစားခဲ့ရတာကို တွေ့ရပါတယ်။ ဒီပွဲစဉ်မှာလည်း အိမ်ကွင်းဖြစ်ပေမယ့် ချန်ပီယံလိဂ်ကစားရဖို့ရှိနေတာကြောင့် အာဆင်နယ်တို့ ခြေကုန်ထုတ်နိုင်ဖို့ ခက်ခဲနိုင်ပါတယ်။ ဒ့ါအပြင် ဒီနောက်ပိုင်းမှာ ဆွမ်ဆီးရဲ့ကစားပုံကလည်း ပိုမိုကောင်းမွန်လာတာကြောင့် အာဆင်နယ် ကပ်ပြီးသာနိုင်ခြေရှိတယ်။

### ဝက်စ်ဘရွန်း V စပါး

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | ဝက်စ်ဘရွန်း | ၁ | ၁ | စပါး |

မန်စီးတီးကို အနိုင်ရယူနိုင်ခဲ့တဲ့ပွဲမှာ စပါးရဲ့ကစားပုံက ကောင်းမွန်ခဲ့ပါတယ်။ ကွင်းလယ်နဲ့ တိုက်စစ်ပိုင်းက တည်ငြိမ်မှုရှိခဲ့သလို ဒီပွဲစဉ်မှာလည်း နိုင်ပွဲဆက်နိုင်အောင် အားစိုက်လာမှာ သေချာနေပါတယ်။ ဒါပေမယ့် အဝေးကွင်းဖြစ်တဲ့အပြင် စပါးဟာ ဒီပွဲစဉ်အပြီးမှာချန်ပီယံလိဂ် ကစားရမှာဖြစ်တာကြောင့် ခြေကုန်ထုတ်နိုင်ဖို့ခက်ခဲနိုင်ပါတယ်။ ဝက်စ်ဘရွန်းကလည်း အိမ်ကွင်းအားနဲ့ ထိန်းချုပ်ကစားမှာဖြစ်လို့ စပါး ကပ်ပြီးသာအနိုင်ရမယ်။

### ဆောက်သမ်တန် V ဘန်လေ

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | - | - | - | - |

အခုနောက်ပိုင်းမှာ ဆောက်သမ်တန်ရဲ့ ကစားပုံ ကောင်းမွန်လာတာကို တွေ့ရပါတယ်။ နောက်ဆုံးပွဲမှာ လက်စတာနဲ့သရေကျခဲ့တာကြောင့်လည်း အခုအိမ်ကွင်း ပွဲမှာနိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာသေချာနေပါတယ်။ ဒါပေမယ့် ဆောက်သမ်တန်ဟာ ဒီပွဲအပြီးမှာယူရိုပါလိဂ် ကစားရမှာဖြစ်တာကြောင့်ခြေကုန်ထုတ် နိုင်ဖို့တော့ခက်မယ်။ ဒ့ါအပြင် ဘန်လေရဲ့ခံ ကစားအားကလည်းကောင်းမွန်တာကြောင့် အိမ်ကွင်းမှာ ဆောက်သမ်တန် သရေပဲရမယ်။

### ဘုန်းမောက် V ဟားလ်

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | - | - | - | - |

ဟားလ်က အခုနောက်ပိုင်းမှာ ရလဒ်တွေ ဆက်တိုက်ဆိုးနေပါတယ်။ အသင်းလိုက် ခြေစွမ်းပိုင်းကကောင်းမွန်ပေမယ့်လည်း ခံစစ်ပိုင်း ကစားပုံက အားနည်းမှုတွေများနေတာကြောင့် နိုင်ပွဲတွေ ပျောက်ဆုံးနေခဲ့ရတာဖြစ်ပါတယ်။ ဘုန်းမောက်ကတော့ လက်ရှိအချိန်မှာကစားပုံကောင်းမွန်မှုရှိတယ်လို့ ဆိုနိုင်ပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ မန်စီးတီးတစ်သင်းတည်းကိုသာ ရှုံးနိမ့်ခဲ့ရပါတယ်။ အိမ်ကွင်းလည်းဖြစ်နေတာကြောင့် ဘုန်းမောက်ပဲ ကပ်နိုင်မယ်။

### မန်စီးတီး V အဲဗာတန်

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | မန်စီးတီး | ၀ | ၀ | အဲဗာတန် |

စပါးကို ရှုံးနိမ့်ခဲ့ရတဲ့ မန်စီးတီးဟာ ဒီပွဲစဉ်မှာနိုင်ပွဲ ပြန်လည်ရယူနိုင်ဖို့အတွက် အားစိုက်လာမှာသေချာနေပါတယ်။ မန်စီးတီးအနေနဲ့ ဒီပွဲစဉ်အပြီးမှာ ချန်ပီယံလိဂ် ကစားရဖို့ရှိနေတာကြောင့်လည်း ခြေကုန်ထုတ်နိုင်ဖို့ခက်ခဲနေတာကိုတော့သတိပြုရမှာပါ။ ဒ့ါအပြင် ဒီရာသီမှာ အဲဗာတန်ရဲ့အသင်းလိုက်ခြေစွမ်းပိုင်းကလည်း ကောင်းမွန်နေတာကြောင့် မန်စီးတီးတို့ မထင်မှတ်ဘဲအခက်တွေ့နိုင်ပါတယ်။ မန်စီးတီး ကပ်ပြီးသာနိုင်ခြေရှိပါတယ်။

### ပဲလေ့စ် V ဝက်စ်ဟမ်း

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | ပဲလေ့စ် | ၁ | ၃ | ဝက်စ်ဟမ်း |

ဝက်စ်ဟမ်းက ခြေချော်နေတာမျိုးမဟုတ်ဘဲ ခြေပျက်နေတာ ထင်ရှားနေပါတယ်။ ပါယက်ကအစ ပုံမှန်ခြေပျောက်ဆုံးနေကာ အသင်းလိုက်ကစားဟန်လည်း ပျက်ယွင်းနေပါတယ်။ ဒီပွဲစဉ်မှာလည်း ဝက်စ်ဟမ်းတို့နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာဖြစ်ပေမယ့် ပဲလေ့စ်အိမ်ကွင်း အားကို အသာရယူနိုင်ဖို့ခက်ခဲနိုင်ပါတယ်။ ပဲလေ့စ်က အခုနောက်ပိုင်းခြေစွမ်းတိုးတက်လာသလို တိုက်စစ်ပိုင်းလည်း ကောင်းမွန်လာတယ်။ ဝက်စ်ဟမ်းအတွက်သရေအမြင့်ဆုံးပါ။

### လီဗာပူး V မန်ယူ

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | လီဗာပူး | ၀ | ၁ | မန်ယူ |

လီဗာပူးက ရလဒ်တွေဆက်တိုက်ကောင်းမွန်နေသလို အသင်းလိုက်ခြေစွမ်းပိုင်းနဲ့ထိုးစစ်က ထက်မြက်မှုအပြည့်ရှိပါတယ်။ ဒီပွဲအပြီးမှာလည်း ဥရောပပွဲကစားရဖို့မရှိပါဘူး။ မန်ယူကတော့ ခြေမငြိမ်သလို ယူရိုပါလိဂ်ကစားရဖို့ရှိပါတယ်။ ဒါပေမယ့် သတိပြုရမှာက မန်ယူထိုးစစ်ကလည်း ဂိုးသွင်းခြေရှိကာ လီဗာပူးခံစစ်ကလည်း ပွဲတိုင်းနီးပါး ဂိုးတွေ ပေးနေရတယ်ဆိုတဲ့ အချက်ပဲဖြစ်ပါတယ်။ မရှုံးအောင်တင်ကစား မယ့်မန်ယူ သရေလောက်ရမယ်။



အထူးဂုဏ်ယူဝမ်းမြောက်ခြင်း
ICON Shopping Center
ပဲခူးမြို့၊ နာရီစင်အနီး 11.10.2016 ရက်နေ့တွင်
အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက် အထူးပင်
ဂုဏ်ယူ ဝမ်းမြောက်ပါကြောင်း နှင့်
နောင်နှစ်ပေါင်းများစွာ တိုင်အောင်
အောင်မြင်တိုးတက်မှုများကို ပိုင်ဆိုင်နိုင်ပါစေကြောင်း
ဆုမွန်ကောင်းတောင်းအပ်ပါသည်။
KING CAMEL Trading Com.Ltd.




WORLD-WIDE 2 YEARS GUARANTEE For All Domestic Appliances
Iron Trade In Campaign
Oct 15-16
ည 7 နာရီမှ -9 နာရီ
ရေကျော် သီတင်းကျွတ်မီးထွန်းပွဲတော်၊ PHILIPS Truck၊
(၄၈) လမ်းထိပ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပုဇွန်တောင်၊ ရန်ကုန်မြို့။
Hot Line - 09 777 90 8789
နံနက် 11 နာရီမှ - နေ့လည် 2 နာရီ
အမှတ်(၁၂၀)၊ ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
Hot Line - 09 4540 18530, 01-245264
နံနက် 9 နာရီမှ - နေ့လည် 12 နာရီ
(ဂုဈ)လမ်း၊ ရန်ကုန်-မန္တလေးလမ်း၊ ခင်စောမူကွေ့အနီး၊ မန္တလေးမြို့။
Hot Line - 09 4423 11169
မီးပူဟောင်း(၁)လုံးယူဆောင်လာပြီး
Philips ရေနွေးငွေ့သုံး
GC1418 မီးပူအသစ်(၁)လုံးကို
10,900 Ks ဖြင့်
လဲလှယ်နိုင်ပါသည်။
PHILIPS

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ICON Shopping Center

ပဲခူးမြို့၊ နာရီစင်အနီး 11.10.2016 ရက်နေ့တွင်
အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက်
အထူးပင် ဂုဏ်ယူ ဝမ်းမြောက်ပါကြောင်း နှင့်
နှောင်နှစ်ပေါင်းများစွာ တိုင်အောင်
အောင်မြင်တိုးတက်မှုများကို
ပိုင်ဆိုင်နိုင်ပါစေကြောင်း
ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးတင်ဝင်း + ဒေါ်ခင်မာမြင့်
(နီလာဒန်သတ္တု)

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ICON Shopping Center

ပဲခူးမြို့၊ နာရီစင်အနီး 11.10.2016 ရက်နေ့တွင်
အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက်
အထူးပင် ဂုဏ်ယူ ဝမ်းမြောက်ပါကြောင်း နှင့်
နှောင်နှစ်ပေါင်းများစွာ တိုင်အောင်
အောင်မြင်တိုးတက်မှုများကို
ပိုင်ဆိုင်နိုင်ပါစေကြောင်း
ဆုမွန်ကောင်းတောင်းအပ်ပါသည်။

(ဆင်ဖြူတော်ဒန်သတ္တု)

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ICON Shopping Center

ပဲခူးမြို့၊ နာရီစင်အနီး 11.10.2016 ရက်နေ့တွင်
အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက်
အထူးပင် ဂုဏ်ယူ ဝမ်းမြောက်ပါကြောင်း နှင့်
နှောင်နှစ်ပေါင်းများစွာ တိုင်အောင်
အောင်မြင်တိုးတက်မှုများကို
ပိုင်ဆိုင်နိုင်ပါစေကြောင်း
ဆုမွန်ကောင်းတောင်းအပ်ပါသည်။

(RAINBOW MELAMINE Company Limited.)

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ICON Shopping Center

ပဲခူးမြို့၊ နာရီစင်အနီး 11.10.2016 ရက်နေ့တွင်
အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက်
အထူးပင် ဂုဏ်ယူ ဝမ်းမြောက်ပါကြောင်း နှင့်
နှောင်နှစ်ပေါင်းများစွာ တိုင်အောင်
အောင်မြင်တိုးတက်မှုများကို
ပိုင်ဆိုင်နိုင်ပါစေကြောင်း
ဆုမွန်ကောင်းတောင်းအပ်ပါသည်။

(Kyaw Kyaw Lwin ခြင်ဆေး)

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ICON Shopping Center

ပဲခူးမြို့၊ နာရီစင်အနီး 11.10.2016 ရက်နေ့တွင်
အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက်
အထူးပင် ဂုဏ်ယူ ဝမ်းမြောက်ပါကြောင်း နှင့်
နှောင်နှစ်ပေါင်းများစွာ တိုင်အောင်
အောင်မြင်တိုးတက်မှုများကို
ပိုင်ဆိုင်နိုင်ပါစေကြောင်း
ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဒေါ်မေသက်ခိုင် ချမ်းသာ

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ICON Shopping Center

ပဲခူးမြို့၊ နာရီစင်အနီး 11.10.2016 ရက်နေ့တွင်
အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက်
အထူးပင် ဂုဏ်ယူ ဝမ်းမြောက်ပါကြောင်း နှင့်
နှောင်နှစ်ပေါင်းများစွာ တိုင်အောင်
အောင်မြင်တိုးတက်မှုများကို
ပိုင်ဆိုင်နိုင်ပါစေကြောင်း
ဆုမွန်ကောင်းတောင်းအပ်ပါသည်။


ဦးထိန်းလင်း + ဒေါ်စန္ဒာထွေး
ချစ်သစ္စာ(ခြေသုတ်ကော်ဇော)

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ICON Shopping Center

ပဲခူးမြို့၊ နာရီစင်အနီး 11.10.2016 ရက်နေ့တွင်
အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက်
အထူးပင် ဂုဏ်ယူ ဝမ်းမြောက်ပါကြောင်း နှင့်
နှောင်နှစ်ပေါင်းများစွာ တိုင်အောင်
အောင်မြင်တိုးတက်မှုများကို
ပိုင်ဆိုင်နိုင်ပါစေကြောင်း
ဆုမွန်ကောင်းတောင်းအပ်ပါသည်။

(Htun Lin Kyaw ခြင်ဆေး)


SPRING LINE
★ Hlaing River Landmark ★
MODERN COMPLEX BUSINESS CENTER
Have been built
7F
BEYOND
YANGON
★ Permanent Property ★
A new business center, next to the Aung Zay Ya bridge.
ပျော်ရွှင်သော ဘဝနှင့် စီးပွားရေးကို တစ်နေရာထဲတွင် ခံစားနိုင်သည့် ဘိုးဘွားပိုင်မြေ 800000 Sqft ရှိသော လှိုင်မြစ်လမ်း အောင်ဇေယျတံတားအနီးတွင်တည်ရှိပြီး လှပသော
အင်တာနေရှင်နယ်စတိုင်လ် အဆောက်အဦးတစ်ခု ဖြစ်လာတော့မည့် Spring Line သည် ရန်ကုန်မြို့၏ စီးပွားရေးစင်တာနှင့် နေအိမ်အဆောက်အဦးတစ်ခု ဖြစ်လာတော့မည်။
800000 square feet innovative RBD,
enjoy one-stop business and life.
International style buildings occupy the most beautiful
landscape of Hlaing River and Aung Zaya Bridge.
Spring Line is the iconic Business and
residential center at Hlaing River of Yangon.
Beyond Yangon today,
for tomorrow Yangon.
SHOPPING ARCADE
BOUTIQUE BUSINESS HOTEL
SMART STAR OFFICE
VOHO& SOHO
ELITE CLUB
Hlaing River
Aung Zay Ya Bridge
Hlaing River Rd
Hlaing River
Ba Yint Naung Rd
Insein Rd
TEL: 09 7930 66666
Shwe Oak Khai Construction Co.,Ltd
Add: No 461 Kanar Middle Qtr,Hlaing River Road,
Near Aung Zay Ya Bridge,Insein Township,Yangon

TAW WIN CENTRE

# တော်ဝင်မိသားစုကုမ္ပဏီ စတုဒီသာအလှူ

TAW WIN FAMILY CO.,LTD


## မြန်မာသက္ကရာဇ် ၁၃၇၈ ခုနှစ် ၊သီတင်းကျွတ်လပြည့် ( ၁၆ ၊ ၁၀ ၊ ၂၀၁၆ ) တနင်္ဂနွေနေ့တွင်

နံနက်( ၇း၀၀ )တွင်ငါးထပ်ကြီးဘုရား၌ စတုဒီသာ ကြာဇံချက် နှင့် အအေးတိုက်ကျွေးခြင်း၊ တရားခွေများ လှူဒါန်းခြင်း၊
နံနက်( ၁၀း၀၀ )တွင်တော်ဝင်စင်တာ၌စတုဒီသာ ကြာဇံချက် နှင့် အအေးတိုက်ကျွေးခြင်း၊ တရားခွေများ လှူဒါန်းခြင်း၊
ညနေ ( ၆း၀၀ ) တွင်ရွှေတိဂုံဘုရား မြောက်ဘက်မုခ်၌ တရားခွေများ လှူဒါန်းခြင်း၊ အအေးနှင့်မုန့်များ ကုသိုလ်ယူတိုက်ကျွေးခြင်း၊
ညနေ (၆း၀၀) တွင်ရွှေပြည်သာမြို့နယ် ဝါးတရာစက်မှုဇုံရှိ မင်းဗန္ဓုဘုရားတွင် တရားခွေများ လှူဒါန်းခြင်း၊ အအေးနှင့်မုန့်များ
ကုသိုလ်ယူတိုက်ကျွေးခြင်း လှူဒါန်းမည်ဖြစ်ပါသဖြင့် မည်သူမဆိုကြွရောက်ကုသိုလ်ယူ သုံးဆောင်နိုင်ပါကြောင်း
ဖိတ်ကြားအပ်ပါသည်။

**တော်ဝင်မိသားစုကုမ္ပဏီ၊တော်ဝင်စင်တာမိသားစု၊ တော်ဝင်ဂါးဒင်းဟိုတယ်မိသားစု**











## အမည်ပြောင်း

ဦးတင်စိုး၏သမီး နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ ရေဆင်းနယ်မြေ (၄)မှ မခင်မာလာအား မချယ်ရီစိုးဟု ပြောင်းလဲခေါ်ပါရန်။

**ချယ်ရီစိုး**

## မွေးသက္ကရာဇ်အမှန်

ရသေ့တောင်မြို့နယ်၊ ခွဆုံကျေးရွာနေ ဦးသိန်းထွန်းလှိုင်၏ သား မောင်အောင်ဝင်းလှိုင် ၁၁/ရသတ(နိုင်)၀၈၂၃၃၃၏ မွေးသက္ကရာဇ်အမှန်မှာ ၂၀-၅-၁၉၉၆ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7H/2357 Mazda Bongo SKF, 2T P/U(4×2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝေလွင်ခိုင် ၁၂/လသယ(နိုင်)၀၅၈၉၈၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**


B.Ed ဝင်ခွင့်ရ ဆုကြေးရှိမြစ်သူများ ရေးမြေချင်အတင်း ဓာ သုံးမည်မဟုတ်

မြင့်သူထက်

ပါမောက္ခ(ငြိမ်း)
ပါရင့်ဆရာ/မကြီးများ သင်သည်
သတင်း၊နည်းပညာ တက္ကသိုလ် (MIIT) ဝင်ခွင့်ရ သင်တန်းကြီး

B.Ed
(၂) နှစ်သင်တန်း
"ပိုင်း(၁၀)ဦး" သိန်းခွဲ
"sec;"(၅၀)ဦး ၅၀၀၀၀ဝိ/-

UFL
ဒီပလိုမာ ဝင်ခွင့်ရ
သမ္မတရုံး
(စာရေး)ဝင်ခွင့်ရ
တပ်မတော်သူနာပြုများ/မ

တိုက် (၃၅) ၃ လွှာ၊ ၄၀ (၅၀)လမ်း (လှည်းတန်းဈေးနောက်လမ်း)၊ ရန်ကုန်။ ဖုန်း - ၀၉၇၃၀၀၈၇၃၉၊ ၀၉၇၃၃၀၉၄၃၃၊ ၀၉၂၆၃၇၀၄၀၀၅။

## အောင်သရဖူ

အိမ်ပြောင်း၊ အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း

လူကြီးမင်းတို့၏ အိမ်ပစ္စည်းများ ပြောင်းရွှေ့ခြင်းအတွက် အလုပ်သမား နှင့် ကားစီစဉ်ပေးသည်။

အမှတ်-၁၈၃၊ မြေယံမုံအိမ်ရာ၊ လေးထောင့်ကန်လမ်း၊

Ph: 09254009334, 09254009335, 09254009336

## ဒဂုံမြို့သစ်

အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ် တောင်ပိုင်း၊ မြောက်ပိုင်းများရှိ မြေကွက်များကို ဈေးကောင်းပေးဝယ်သည်။


ဖုန်း-၀၉-၈၆၂၃၁၈၈

ဖုန်း-၀၉-၅၀၈၄၁၂၉







## နှစ်ပတ်လည်အစည်းအဝေး ဖိတ်ကြားခြင်း

မြန်မာနိုင်ငံရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း (MPEA)၏ နှစ်ပတ်လည်အစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းဝင်များအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်နေ့ရက်** - ၂၉-၁၀-၂၀၁၆ ရက်(စနေနေ့)
**ကျင်းပမည့်အချိန်** - ၁၇း၃၀ နာရီ
**ကျင်းပမည့်နေရာ** - INYA LAKE HOTEL 37, Kaba Aye Pagoda Road, Yangon

**အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့်**
**ပို့ကုန်လုပ်ငန်းရှင်များအသင်း**

## ရန်ကုန်တက္ကသိုလ် မန္တလေးဆောင် ကျောင်းသားဟောင်းများ

(၂၁)ကြိမ်မြောက် အနန္တဂိုဏ်းဝင်ဆရာကြီး ဒေါက်တာသိန်းအောင်အား ပူဇော်ကန်တော့ပွဲကို အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်မည်ဖြစ်ပါ၍ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မိသားစုနှင့်တကွ ကြွရောက်ချီးမြှင့်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ပြုလုပ်မည့်နေ့ရက်** - ၂၂-၁၀-၂၀၁၆ ရက် (စနေနေ့)
**ပြုလုပ်မည့်အချိန်** - နံနက် ၉း၀၀ နာရီ
**ပြုလုပ်မည့်နေရာ** - အလှူတော်မင်္ဂလာခန်းမ၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး၊ အမှတ် ၂၁၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်

**မန္တလေးဆောင်ကျောင်းသားဟောင်းများ**

### ဖခင်အမည်မှန်

မိုးကောင်းမြို့၊ အထက (၁)၊ တက္ကသိုလ်ဝင်တန်း($A_1$)မှ မမိုးခက်၏ ဖခင်အမည်မှန်မှာ ဦးအောင်နိုင်ဝင်း ၉/မလန(နိုင်)၀၀၀၈၄၇ ဖြစ်ပါသည်။

### မိဘအမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၆)၊ အဋ္ဌမတန်း(A)မှ မဂျာရိန်ပန်၏ မိဘအမည်မှန်မှာ ဦးလရိန်နှင့် ဒေါ်ရွယ်ဘောက်တို့ ဖြစ်ပါသည်။

### ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက (၃)၊ သတ္တမတန်း(C)မှ မမျိုးမျိုးမြင့်၏ ဖခင်အမည်မှန်မှာ ဦးအောင်သူ ဖြစ်ပါသည်။

### ပတ်စ်ပို့ပျောက်

ကျွန်တော်ဦးကူလာနန္ဒာ ၁/ဝမန(နိုင်)၀၃၄၀၂၉ ၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၀၀၀၃၂၈၇**

### အမည်ပြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့နယ်၊ ခင်မွန်ရွာမှ ဦးသန်းစိုး ၅/ခဥတ(နိုင်)၀၆၂၃၉၄ ၏သမီး မရှူးရှူးတွယ်တာစိုးအား ယနေ့မှစ၍ မယွန်းစန္ဒီထက်ဟု ပြောင်းလဲခေါ်ပါရန်။
**မယွန်းစန္ဒီထက်**

### ရောင်း/လဲမည်

**မြေထိုးစက်**
KOMATSU- D-4
- D-6
**ဖုန်း-၀၉-၂၅၉၁၆၁၀၅၈**
**၀၉-၄၇၀၆၃၃၄၅**
**ဝယ်မည့်သူသာ ဆက်သွယ်ပေးပါ။**

### ဖခင်အမည်မှန်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၈)ရပ်ကွက်၊ မင်္ဂလာပန်းခြံနေ မောင်စောအာဗြာဟန်၊ မနော်အိရွှေဇင် ထ/၃၊ မနော်မေသဇင် လယ်ခွဲ/၁၉ တို့၏ ဖခင်အမည်မှန်မှာ ဦးစောသာဖွီး ၁၂/မရက(နိုင်)၀၈၁၉၇၉ ဖြစ်ပါသည်။

### တစ်ဦးတည်းဖြစ်ပါကြောင်း

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နယ်၊ အလက(ခွဲ) တောင်သုံးလုံး၊ နဝမတန်းမှ မအိအိဖြိုးနှင့် ဆဋ္ဌမတန်း(B)မှ မောင်အောင်ပိုင်ဖြိုးတို့၏ဖခင် ဦးကျော်ထူးနှင့် ဦးမောင်မြင့်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးကျော်ထူး(ခ)ဦးမောင်မြင့်**
**၆/ထဝန(နိုင်)၀၄၉၈၆၁**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၆ယ/၈၂၀၃၈ Honda Wave NF 125 MC ယာဉ်လက်ဝယ်ရှိသူ ဦးကျင်လု ၆/ပလန(နိုင်)၀၄၃၅၉၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ဦးစီးမှူးရုံး(မြိတ်)**

## အများသိစေရန်ကြေညာခြင်း

ဦးကျော်စွာ ၁၂/ဥကမ(နိုင်)၁၉၇၄၅၅အား Hong Kong Dragon Airlines Limited ဘက်မှ နို့တစ်ကြေး တစ်လစာ ပေးချေပြီး Cargo Sales & Services Officer အဖြစ်မှ အစမ်းခန့်ကာလ ရပ်စဲထုတ်ပယ်ပြီးဖြစ်ပါသည်။ ၎င်းအားမည်သည့်အကြောင်းအရာ၊ လုပ်ငန်းဆောင်ရွက်ချက်ကိုမျှ လုပ်ဆောင်စေခိုင်းထားခြင်းမရှိကြောင်း Dragon Air နှင့်လည်း ပတ်သက်ခြင်းမရှိတော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**Hong Kong Dragon Airlines Limited (ကိုယ်စား)**
**ဒေါ်နိုရင်းထွန်း People Manager**
**ဖုန်း-၀၁-၂၅၃၂၃ Ext-104**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏အမှုသည်များဖြစ်သော မြဝတီမြို့၊ အမှတ်(၃)ရပ်ကွက်နေ ဒေါ်ခင်အုန်းမြင့် ၃/မဝတ(နိုင်)၀၂၃၁၁၉ နှင့် တောင်ငူမြို့၊ ကျုံကမီးကျေးရွာနေ ဒေါ်ယုယုလှိုင် ၁၀/ဘလန(နိုင်)၀၆၉၆၂၀တို့၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးကျင်စိုး၊ ဒေါ်ကြည်ကြည်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဦးကျင်စိုး၊ ဒေါ်ကြည်ကြည်တို့သည် ကျွန်ုပ်၏အမှုသည်များဖြစ်သော ဒေါ်ခင်အုန်းမြင့်၊ ဒေါ်ယုယုလှိုင်တို့ထံ ပေးဆပ်ရန်ရှိသည့် ငွေကြေးများနှင့်ပတ်သက်၍ ဦးကျင်စိုးမှ အမှတ်(၂၂၁)၊ မော်ကန်(၁၄)လမ်း၊ ပုဏ္ဏားစုရပ်ကွက်၊ ပဲခူးမြို့တွင်ရှိသော မိမိတို့နေအိမ်အားရောင်းချပြီးပါက အိမ်ရောင်းရငွေဖြင့် အပြေအကျေပေးဆပ်မည်ဖြစ်ကြောင်း ၁၄-၉-၂၀၁၅ ရက်တွင် သက်သေများရှေ့၌ ဝန်ခံကတိပြုလက်မှတ်ရေးထိုးခဲ့ပါသည်။ ဦးကျင်စိုး၊ ဒေါ်ကြည်ကြည်တို့အနေဖြင့် အဆိုပါ အိမ်ခြံမြေနှင့်ပတ်သက်၍ ရောင်းချပါက ကျွန်ုပ်၏အမှုသည်များထံ ဆက်သွယ်အကြောင်းကြားရန်နှင့် ကျွန်ုပ်၏အမှုသည်များနောက်ကွယ်တွင် အိမ်နှင့်ခြံမြေ ရောင်းချပြီးသော်လည်း ပေးဆပ်ရန်ရှိသည့် ငွေကြေးများအား ပေးဆပ်ခြင်းမပြုပါက ရောင်းချသူများနှင့် ဝယ်ယူသူအား တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ခင်အုန်းမြင့်နှင့်ဒေါ်ယုယုလှိုင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိဖြူဝင်းမြင့် LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၂၅၆/၁၃)**
**တိုက်(၄/၀၂)၊ ဝန်ထမ်းအိမ်ရာ၊ ရှင်စောပုရပ်ကွက်၊ ပဲခူးမြို့**

## ချင်းတွင်းအသင်း (ရန်ကုန်)
## (၂၃)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်ပွဲ

ချင်းတွင်းအသင်း၏ (၂၃)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်ပွဲကို အောက်ပါအစီအစဉ်အတိုင်းကျင်းပပြီး ကထိန်ခံကျောင်းဖြစ်သော မော်ဘီမြို့နယ်၊ ထိန်စွန်းရွာ၊ ကန်တရားလင်း ဓမ္မဝိဇ္ဇာကျောင်းသစ်ကျောင်းသို့ ရေစက်သွန်းချလှူဒါန်းမည်ဖြစ်ပါ၍ အသင်းဝင်များ၊ နယ်သူနယ်သားများ ကြွရောက်လှူဒါန်းနိုင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**နေ့ရက်။** ။ ၁၃၇၈ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၇ရက် (၂၃-၁၀-၂၀၁၆)
**အချိန်။** ။ နံနက် ၉း၃၀ နာရီ
**နေရာ။** ။ ချင်းတွင်းအသင်းဓမ္မာရုံ၊ အနုတ္တရောပုရိသဓမ္မသာရဏ္ဍ စွယ်တော်မြတ်စေတီပရိဝုဏ်အတွင်း၊ မရမ်းကုန်းမြို့နယ်

## မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း (MICPA)၏ CPD ဟောပြောပွဲ

မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း (MICPA)၏ CPD ဟောပြောပွဲကို Myanmar ICT Development Corporation Limited (MICTDC) ဥက္ကဋ္ဌ ဦးသိန်းဦးမှ Digital Transformation in Accounting and Auditing ခေါင်းစဉ်ဖြင့် ၂၀၁၆ ခုနှစ် အောက်တိုဘာ ၃၀ ရက် (တနင်္ဂနွေနေ့)တွင် နံနက် ၈း၀၀ နာရီမှ မွန်းတည့် ၁၂း၀၀ နာရီထိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ရန်ကုန်သင်တန်းကျောင်းရှိ ဟောပြောပွဲခန်းမ၌ ဟောပြောဆွေးနွေးပေးမည်ဖြစ်ပါသည်။ အဆိုပါဟောပြောပွဲသို့ စိတ်ပါဝင်စားသူ မည်သူမဆို မှတ်ပုံတင်ကြေးပေးသွင်း၍ တက်ရောက်နိုင်ပြီး လက်မှတ်ရပြည်သူ့စာရင်းကိုင်များအနေဖြင့် CPDနာရီ ထောက်ခံချက် (၄ နာရီ) ရရှိမည်ဖြစ်ပါသည်။ အဆိုပါဟောပြောပွဲသို့ တက်ရောက်လိုသူများနေဖြင့် ဟောပြောပွဲရက်မတိုင်မီ စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များအပါအဝင် ရုံးချိန်အတွင်း ၂၈-၁၀-၂၀၁၆ ရက် (သောကြာနေ့)နောက်ဆုံးထားပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ရန်ကုန်သင်တန်းကျောင်း၊ အလုံမြို့နယ်၊ သခင်မြပန်းခြံလမ်း၊ အမှတ် ၁/၁၉ ပထမထပ်ရှိ အသင်းရုံးခန်းသို့ လာရောက်ပြီး မှတ်ပုံတင်ကြေးပေးသွင်း၍ စာရင်းပေးသွင်းနိုင်ပါကြောင်းနှင့် နယ်မှလာရောက်မည့်သူများအနေဖြင့် အသင်းရုံးခန်းသို့ ကြိုတင်ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း၊ ဟောပြောပွဲကျင်းပမည့်ရက်တွင် မှတ်ပုံတင်ကြေးပေးသွင်း၍ တက်ရောက်ခြင်းကို(လုံးဝ) လက်ခံမည်မဟုတ်ကြောင်း အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၂၃၁၄၆၅၃ နှင့် ၀၉-၃၁၇၁၈၁၄၉ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

## ခူးမျိုးနွယ် အီကုတ်တောင်ဘုရားကျောင်းမှ နှစ်တစ်ရာပြည့်ကျင်းပရန် ပန်ကြားခြင်း

ခူးမျိုးနွယ် အီကုတ်တောင်ဘုရားကျောင်း၏ နှစ်တစ်ရာပြည့်ပွဲကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁၇ရက် (စနေနေ့)တွင် ကျင်းပမည်ဖြစ်ပါသည်။

ရာပြည့်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် ခူးမျိုးနွယ်များ ဝိုင်းဝန်းကူညီကြပါရန် ပန်ကြားအပ်ပါသည်။

နှစ်တစ်ရာပြည့်ပွဲ မှတ်တမ်းစာအုပ်ကိုပါ ထုတ်မည်ဖြစ်ပါ၍ မြန်မာပြည်ရှိ ခူးမျိုးနွယ်မိသားစုများ၏ သမိုင်းမှတ်တမ်းများ၊ ဓာတ်ပုံမှတ်တမ်းများနှင့်တင်ပြရန် အချက်အလက်များရှိပါက ၃၀-၁၀-၂၀၁၆ ရက် နောက်ဆုံးထား၍ အောက်ပါလိပ်စာသို့ ဆက်သွယ်ပေးပို့နိုင်ပါသည်။

နှစ်တစ်ရာပွဲတွင် ခူးမျိုးနွယ်များ ပါဝင်ဆင်နွှဲလိုပါက အောက်ပါဖုန်းများသို့ ဆက်သွယ်နိုင်ပါသည်။

| **ဆက်သွယ်ရန်ဖုန်း-** | **ဆက်သွယ်ရန်လိပ်စာ-** |
|---|---|
| ၀၉-၅၁၅၉၄၀၇၊ | အမှတ် ၅၃၊ ၅၅-၂၁လမ်းနှင့် |
| ၀၉-၅၁၆၄၉၆၃၊ | ၂၂ လမ်းကြား၊ |
| ၀၉-၄၅၀၀၀၄၁၉၅၊ | အနော်ရထာလမ်းမ |
| ၀၉-၄၂၁၁၄၂၁၀၂ | (လသာမြို့နယ်) |

## ဆောင်းရာသီ အင်္ဂလိပ်စာသင်တန်း

သံဃာတော်များနှင့် ရှင်သာမဏေများသာ ကျောင်းနေသံဃာတော်အဖြစ် လက်ခံမည်။ ဦးရေကန့်သတ်ချက်ရှိသည်။ ကြိုတင်စာရင်းပေးနိုင်သည်။ ၉-၁၁-၂၀၁၆ ရက်စမည်။

**ဖုန်း-၀၉-၇၈၂၉၆၉၈၈၇၊ ၀၉-၇၉၉၆၉၁၁၈၀**
**ညောင်ကန်အေးကွင်းကျောင်း**

## ဝါးခယ်မမြို့နယ်အသင်း (ရန်ကုန်)၏
## ဝါးခယ်မမြို့သို့ သွားရောက်မျက်စိခွဲစိတ်ကုသမှုအစီအစဉ် ပါဝင်ကုသိုလ်ယူ လှူဒါန်းနိုင်ပါရန် နှိုးဆော်ခြင်း

ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်)နှင့် မျက်စိခွဲစိတ်ကုသမှုအထူးကုအဖွဲ့သည် ၄-၁၁-၂၀၁၆ရက်မှ ၆-၁၁-၂၀၁၆ရက် ထိဝါးခယ်မမြို့သို့ သွားရောက်ပြီး နယ်သူ နယ်သား မျက်စိဝေဒနာရှင်များအား စက္ကုပါလဆေးခန်း၌ (ဒသမ) အကြိမ်မြောက် အခမဲ့မျက်စိကုသပေးခြင်းနှင့် ဒီဂရီမျက်မှန်ကို အထူးနှုန်းဖြင့် ပြုလုပ်ပေးမည်ဖြစ်ပါသည်။ သို့ပါ၍ ဝါးခယ်မနွယ်ဖွားများအနေဖြင့် မျက်စိခွဲစိတ်ကုသမှုအတွက် ကုန်ကျငွေ လူနာတစ်ဦးလျှင် ၄၀၀၀၀ိ/-နှင့် ဒီဂရီမျက်မှန်တစ်လက်လျှင် တစ်ဝက်ကြေး ၄၀၀၀ိ/-နှုန်းဖြင့် အောက်ပါနေရာများ၌ လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော် အသိပေးအပ်ပါသည်။

- **ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်)၊ အမှတ် ၁၂၊ ပထမထပ်၊ စဥ့်အိုးတန်းလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၁-၂၂၆၅၉၀**
- **ဦးသန်းဌေး(ဥက္ကဋ္ဌ)၊ ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်) ဖုန်း-၀၉-၅၁၃၇၁၉၂**
- **ဦးမြင့်သန်း(အတွင်းရေးမှူး)၊ ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်) ဖုန်း-၀၉-၇၉၆၂၀၁၀၇၅**
- **ဒေါက်တာအေးအေးမြင့်(ဘဏ္ဍာရေးမှူး)၊ ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်) ဖုန်း-၀၁-၇၀၃၀၂၁၊ ၀၉-၅၀၀၆၈၅၂**

## ကြေးတိုင်နှင့်မြေစာရင်း အငြိမ်းစားဝန်ထမ်းမိသားစုများ၏ စတုတ္ထအကြိမ် မဟာဘုံကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ဖိတ်ကြားလွှာ

ကြေးတိုင်နှင့်မြေစာရင်းအငြိမ်းစားဝန်ထမ်းမိသားစုများ၏ စတုတ္ထအကြိမ် မဟာဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းခြင်းကို ဖွားသဲနုဓမ္မဗိမာန်ကျောင်းတိုက်၊ ရွှေတိဂုံဘုရား၊ စနေထောင့်သို့ ဆက်ကပ်လှူဒါန်းမည်ဖြစ်ပါသည်။ အခမ်းအနားကျင်းပမည့်အစီအစဉ်ကို အောက်ဖော်ပြပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကြေးတိုင်နှင့်မြေစာရင်း အငြိမ်းစားဝန်ထမ်းမိသားစုများ၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှ အရာထမ်း/အမှုထမ်းမိသားစုများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကုသိုလ်ယူနိုင်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်ရက်** - ၁၃၇၈ ခုနှစ် တန်ဆောင်မုန်းလဆန်း ၇ရက် (၆-၁၁-၂၀၁၆ ရက်) တနင်္ဂနွေနေ့
**ကျင်းပမည့်အချိန်** - နံနက် ၉း၀၀ နာရီမှ ၁၂း၀၀ နာရီထိ
**ကျင်းပမည့်နေရာ** - ကြေးတိုင်နှင့်မြေစာရင်းဓမ္မာရုံ အမှတ်-၅၊ အာဇာနည်လမ်း၊ ရွှေနံ့သာရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
**အကျွေးအမွေး** - သံဃာတော်(၁၁)ပါးအား နေ့ဆွမ်းဆက်ကပ်လှူဒါန်း၍ ဧည့်သည်တော်များအား နေ့လယ်စာဖြင့် ဧည့်ခံပါမည်။

**ပါဝင်လှူဒါန်းလိုပါက**

| | |
|---|---|
| (၁)ဦးသန်းဝင်း | ဖုန်း-၀၉-၅၀၁၂၅၄၈ |
| (၂)ဦးအေးကြူ | ဖုန်း-၀၉-၄၅၅၀၀၅၈၅၅၃ |
| (၃)ဦးခင်မောင် | ဖုန်း-၀၉-၂၅၄၃၄၅၃၈၄ |
| (၄)ဦးဖေသန်း | ဖုန်း-၀၉-၅၀၄၆၂၇၄ |
| (၅)ဦးမြမောင် | ဖုန်း-၀၉-၅၁၂၁၅၂၁ |

**ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းရေး ဦးစီးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြယာကုန်းလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁-P)၊ မြေကွက်အမှတ် ($\overline{V}$ ၁၉၅)ဟုခေါ်တွင်သော မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ မြယာကုန်းလမ်း၊ အမှတ် ၆၁၊ မြေညီထပ်(၁)ခန်း(အလျား ၇၉ ပေ×အနံ ၂၈ ပေ× အမြင့် ၁၂ပေ ခန့်)ရှိ တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းတွင်တပ်ဆင်ထားသော ပစ္စည်းများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်လက်ရှိပိုင်ဆိုင် အကျိုးခံစားလျက် ရောင်းချခွင့်ရှိသည်ဟု အဆိုပြုကြသော ဦးတင်စိုး ၁၂/မဂတ(နိုင်)၀၆၄၉၅၃ နှင့် ဦးစိုးနိုင် ၁၂/မဂတ(နိုင်)၀၀၀၉၂၆ တို့ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူက ဝယ်ယူရန် အရောင်းအဝယ်စရန်ပေးစာချုပ်ချုပ်ဆို၍ တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းတိုက်ခန်းနှင့်ပတ်သက်ရန် အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားစာရွက်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ထားသည့်ရက်အတွင်း လာရောက်ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇေယျာမင်းသိန်း LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ် ၇၉၉၃)**
**အမှတ် ၂၉၊ ၁၂၆ လမ်း၊ သပြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၀၄၇၀၆၉၊ ၀၁-၂၀၃၂၅၀**

# သဘာဝဘေး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပြည်သူများပူးပေါင်းဆောင်ရွက်မှ အောင်မြင်မှုရရှိနိုင်မည်

**နေပြည်တော်　အောက်တိုဘာ ၁၃**
ပြီးခဲ့သည့် ၂၅ နှစ်အတွင်း မြန်မာနိုင်ငံ၌ ထိခိုက်ဆုံးရှုံးမှုများသည့်ဘေး စုစုပေါင်း ၂၄ ကြိမ် ဖြစ်ပွားခဲ့သည့်အတွက် ပျမ်းမျှတစ်နှစ်လျှင် တစ်ကြိမ်ခန့် ကြီးမားသည့် ဘေးအန္တရာယ်များနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်ဟု ဆိုနိုင်ကြောင်း၊ ယခုကဲ့သို့ ဖြစ်ပွားခဲ့သည့်ဘေးများကြောင့် လူဦးရေလေးသန်းခန့် ဘေးသင့်ခဲ့ပြီး သဘာဝဘေးကြောင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုး စုစုပေါင်းအမေရိကန်ဒေါ်လာ ၄ ဒသမ ၇ ဘီလီယံခန့် ရှိခဲ့ကြောင်း ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက သဘာဝဘေးလျော့ပါးရေးနေ့ အခမ်းအနားတွင် ပြောကြားလိုက်သည်။

အဆိုပါအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် ဒုတိယဥက္ကဋ္ဌများ၊ သံရုံးအသီးသီးမှ သံအမတ်ကြီးများနှင့် သံရုံးတာဝန်ခံများ၊ ဌာနဆိုင်ရာကိုယ်စားလှယ်များ၊ ပြည်တွင်း ပြည်ပအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပုဂ္ဂလိက အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ထို့အပြင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ၂၀၁၆ ခုနှစ် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေညွှန်းကိန်းအရ မြန်မာနိုင်ငံသည် ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေညွှန်းကိန်း ၆ ဒသမ ၈ ရှိပြီး နိုင်ငံပေါင်း ၁၉၁ နိုင်ငံ၌ နံပါတ်စဉ်(၉)အဆင့်တွင် ရှိနေကြောင်း။

*စာမျက်နှာ ၃ ကော်လံ ၁* ❁



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ သဘာဝဘေးလျော့ပါးရေးအတွက် ဆောင်ရွက်ခဲ့မှု မှတ်တမ်းပြခန်းနှင့် အရေးပေါ်ကယ်ဆယ်ရေး အထောက်အကူပြုပစ္စည်းများကို ကြည့်ရှုစဉ် (သတင်းစဉ်)

# မောင်တောမြို့နယ်အတွင်းရှိ ဆရာ ဆရာမများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများအား တည်ငြိမ်အေးချမ်းသည့် နေရာများသို့ တပ်မတော်မှ ရဟတ်ယာဉ်များဖြင့် ပို့ဆောင်

**နေပြည်တော်　အောက်တိုဘာ ၁၃**
ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း ဖြစ်ပွားခဲ့သော အကြမ်းဖက်စီးနင်း တိုက်ခိုက်မှု ဖြစ်စဉ်များကြောင့် မောင်တောမြို့နယ် တောင်ပြိုဝဲ ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဆရာ ဆရာမများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများအား ယနေ့တွင် တပ်မတော်မှ ရဟတ်ယာဉ်များဖြင့် တည်ငြိမ်အေးချမ်းသည့် နေရာများသို့ ပို့ဆောင်ပေးလျက်ရှိသည်။ **(ယာပုံ)**

ထိုသို့ ပို့ဆောင်ရာတွင် တပ်မတော်မှ ရဟတ်ယာဉ်နှစ်စင်းဖြင့် ခြောက်ခေါက် ပို့ဆောင်ပေးခဲ့ရာ သံဃာတော်တစ်ပါး၊ ဆရာ ဆရာမ ၁၁၄ ဦး၊ ဌာနဆိုင်ရာ ဝန်ထမ်း ၅၀ နှင့် ဒေသခံပြည်သူ ၁၆ ဦး

*စာမျက်နှာ ၇ ကော်လံ ၁* ○



# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် NCA လက်မှတ်ရေးထိုးခြင်း နှစ်ပတ်လည်နေ့အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော်　အောက်တိုဘာ ၁၃**
တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် NCA လက်မှတ်ရေးထိုးခြင်း နှစ်ပတ်လည်နေ့အခမ်းအနားကို နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁) MICC-1 ၌ အောက်တိုဘာ ၁၅ ရက် နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ အဆိုပါအခမ်းအနားကျင်းပပုံကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV News Channel နှင့် မြန်မာ့အသံရေဒီယိုအစီအစဉ်တို့မှ ယင်းနေ့ နံနက် ၈ နာရီ ၄၅ မိနစ်မှစ၍ တိုက်ရိုက်ထုတ်လွှင့်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။
**(သတင်းစဉ်)**

# ကမ္ဘာ့ဦး သက်တမ်းအရှည်ဆုံး ထီးနန်းစိုးစံခဲ့သည့် ထိုင်းဘုရင်ကြီး ကွယ်လွန်

စာ » ၁၀

